Premier ELEVEN SPORTS JOURNAL
NO 14 VOL 10 SUNDAY DECEMBER 2 2012

ဥရောပက နာမည်ထင်ရှားတဲ့ ဒါဘီပွဲစဉ်တွေထဲမှာ မက်ဒရစ်ဒါဘီလည်း အပါအဝင်ဖြစ်ပါတယ်။ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့အခြေစိုက် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ရဲ့ ဒါဘီပွဲစဉ်ဟာ သမိုင်းကြောင်းတစ်လျှောက် အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဒါဘီပွဲစဉ်တစ်ခုအဖြစ် ထင်ရှားခဲ့ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ ဥရောပမှာရော စပိန်ဘောလုံးလောကမှာပါ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပေမယ့် မက်ဒရစ်ဒါဘီပွဲစဉ်တွေမှာတော့ အက်သလက်တီကိုမက်ဒရစ်အသင်းက အကြိမ်ကြိမ်ခုခံပေးခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ပါတယ်။ ဒါပေမဲ့ (၂၁)ရာစုကိုကူးပြောင်းလာတဲ့အချိန်မှာတော့ အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ရီးယဲလ်မက်ဒရစ် အသင်းကို လုံးဝမယှဉ်နိုင်တဲ့ အနေအထားတစ်ရပ်ကို ရောက်ရှိလာခဲ့ပါတယ်။ ၁၉၉၉-၀၀ဘောလုံးရာသီ ဘာနေဗျူးကွင်းမှာ(၃-၁)ဂိုးနဲ့ အနိုင်ရခဲ့တဲ့ပွဲနောက်ပိုင်း အက်သလက်တီကိုမက်ဒရစ်အသင်းဟာ လာလီဂါမှာ ရီးယဲလ်အသင်းကို နိုင်ပွဲလုံးဝမရှိတော့ဘဲ အမြင့်ဆုံးရလဒ်အဖြစ် သရေသာကစားနိုင်ခဲ့ပါတယ်။ နောက်ပိုင်းဆုံတွေ့ခဲ့တဲ့ ပွဲစဉ်(၂၁)ပွဲမှာ (၅)ပွဲသာသရေကစားနိုင်ခဲ့ပြီး (၁၅)ပွဲရှုံးနိမ့်ခဲ့ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့(၁၂)နှစ်အတွင်း မက်ဒရစ်ဒါဘီပွဲစဉ်တွေက အကြိတ်အနယ်ရှိခဲ့ပေမယ့် ရလဒ်ပိုင်းမှာတော့ ရီးယဲလ်မက်ဒရစ်အသင်းက အပြတ်အသတ်အသာစီးရယူနိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ အခုနှစ်ဘောလုံးရာသီမှာတော့ နှစ်သင်းရဲ့ ထိပ်တိုက်တွေ့ဆုံမှုက အရင်ရာသီတွေနဲ့ကွာခြားသွားခဲ့ပြီဖြစ်ပါတယ်။ အခုနှစ်ဘောလုံးရာသီမှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ရှုံးပွဲ(၃)ပွဲအထိကြုံတွေ့နေရပြီး အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းနဲ့ (၁၁)မှတ်အထိ ကွာဟနေပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ လာလီဂါပွဲစဉ်(၁၂)ပွဲမှာ လီဗန်တေးကိုသရေကျ ဗလင်စီယာကိုရှုံးနိမ့်ပြီး ကျန်(၁၀)ပွဲလုံးကို အနိုင်ယူထားပါတယ်။ ဒီထဲမှာ ရီးယဲလ်မက်ဒရစ်ကို အနိုင်ကစားခဲ့တဲ့ ဂီတာဖေး ဆီဗီလာအသင်းတွေလည်း ပါဝင်ပြီး နောက်ဆုံးပွဲစဉ်(၃)ပွဲမှာ လောလောလတ်လတ် အနိုင်ယူခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် အမှတ်ပေးဇယားမှာ အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ရီးယဲလ်အသင်းကို (၈)မှတ်အသာရနေပြီး ဘာစီလိုနာနဲ့(၃)မှတ်အကွာ ဒုတိယနေရာမှာရပ်တည်နေပါတယ်။ အမှတ်ပေးဇယားတတိယနေရာကို ရောက်ရှိနေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းအတွက်တော့ ဘာစီလိုနာကိုရော အက်သလက်တီကိုမက်ဒရစ်အသင်းကိုပါ ရမှတ်ပြတ်မသွားစေဖို့အတွက်နဲ့ ရမှတ်ကွာဟချက် ပိုပြီးကျဉ်းမြောင်းသွားစေဖို့အတွက် ဒီပွဲမှာအနိုင်ကစားဖို့ လိုအပ်နေပါတယ်။ ပြီးခဲ့တဲ့ (၁၂)နှစ်အတွင်း အက်သလက်တီကိုမက်ဒရစ်အသင်းကို ငယ်နိုင်လိုဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ဖယ်လ်ကာအို၊ ရာဒူးလ်ဂါစီယာ၊ ဂါဘီ၊ အာဒါတူရန် အစရှိတဲ့ ခြေစွမ်းအကောင်းဆုံးအချိန်ရောက်ရှိနေတဲ့ကစားသမားတွေနဲ့ အမ်မရီ၊ တီယာဂိုမန်ဒက်စ်တို့လို အတွေ့အကြုံရင့်ကစားသမားတွေပေါင်းစပ်ထားတဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကိုအနိုင်ကစားနိုင်ဖို့ ရီးယဲလ်မက်ဒရစ်အသင်းအတွက် မလွယ်ကူတာအမှန်ပဲဖြစ်ပါတယ်။ ရာသီစတင်ချိန်ကတည်းက ဘာစီလိုနာအသင်းနဲ့ စောစောစီးစီးရမှတ်ကွာဟပြီး ဖိအားဝင်နေတဲ့ မော်ရင်ဟိုတစ်ယောက် မြို့ခံပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရအောင် လမ်းညွှန်ပေးနိုင်မလားဆိုတာ စိတ်ဝင်စားရကောင်းနေပါတယ်။ မက်ဒရစ်ဒါဘီက မော်ရင်ဟိုရဲ့ဖိအားတွေကို လျော့သွားစေမလား၊ ဒါမှမဟုတ် ပိုပြီးတိုးသွားစေမလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဘာပဲပြောပြော အခုနှစ်ရာသီ El Derbi madrileño လို့အမည်ရတဲ့ မက်ဒရစ်ဒါဘီက အရင်ရာသီတွေထက် မော်ရင်ဟိုအတွက် အဓိပ္ပာယ်ရှိနေတာ တော့ အမှန်ပါပဲ⋯

# မော်ရင်ဟိုအတွက် အဓိပ္ပာယ်များစွာရှိနေတဲ့ မက်ဒရစ်ဒါဘီ



၁-၁၂-၂၀၁၂(စနေ)
ရီးယဲလ်မက်ဒရစ် - အက်သလက်တီကို

Premier ELEVEN SPORTS JOURNAL




# နှုတ်မစောင့်သောဘင်နီတက်ဇ်နဲ့ စတမ်းဖို့ဒ်ဘရစ်ချ်အခြားတစ်ဖက်

"ကျွန်တော့်အတွက်တော့ အာဆင်နယ်၊ ဘာစီလိုနာ၊ အေစီမီလန်အသင်းတွေကသာ နိုင်ပွဲတွေကိုစိတ်လှုပ်ရှားစရာခြေစွမ်းတွေနဲ့ ရယူနိုင်တာပါ။ ဒီအသင်းတွေကသာ စိတ်လှုပ်ရှားစရာတွေကိုအမြဲဖန်တီးနေတာပါ။ ဒါဆိုချယ်လ်ဆီးအသင်းကို ကမ္ဘာ့အကောင်းဆုံးအသင်းလို့ ဘယ်လိုလုပ်ပြောနိုင်မလဲ" (၂၀၀၄-၀၅ရာသီကချယ်လ်ဆီးအသင်းစံချိန်တင်ရမှတ်(၉၅)မှတ်ဖြင့်ဗိုလ်စွဲခဲ့ပြီး အဆင့်(၅)နေရာမှ လီဗာပူးလ်အသင်းကို(၃၇)မှတ်အထိဖြတ်နိုင်ခဲ့စဉ်က ဘင်နီတက်ဇ်ပြောခဲ့သည့်စကား)

"ပွဲပြီးတော့အထူးတန်းပွဲကြည့်စဉ်ရဲ့ ဂိုးလိုင်းနဲ့တည့်တည့်မှာထိုင်ကြည့်ခဲ့တဲ့ ရှီလာကကျွန်တော့်ကိုပြောတယ်။ ဘောလုံးဟာဂိုးစည်းကျော်သွားခဲ့ပါတယ်တဲ့။ သူမဟာသမာသမတ်ရှိသူဖြစ်လို့သူ့ရဲ့မှတ်ချက်ဟာ ကျွန်တော့်အတွက်လုံလောက်ပါတယ်။ ဂိုးဝင်သွားခဲ့ပါတယ်"(၂၀၀၅ခုနှစ်ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် လူးဝစ်ဂါစီယာ၏ ဂိုးစည်းကျော်မကျော်အငြင်းပွားဖွယ်တစ်လုံးတည်းသောအနိုင်ဂိုးနှင့်ပတ်သက်ပြီး လီဗာပူးလ်အသင်း၏အတွင်းရေးမှူး ရှီလာ၏မှတ်ချက်ကိုအခြေပြုပြီးဂိုးဝင်သည်ဟု ဘင်နီတက်ဇ်ဆိုခဲ့သည့်စကား။)

"ချယ်လ်ဆီးဟာလီဗာပူးလ်နဲ့ကစားရမှာကို စိုးရွံ့နေတယ်ဆိုတာသေချာပါတယ်။ သူတို့ဒီပွဲအတွက် စကားတွေ၊ စကားတွေ၊ စကားတွေချည်း ပြောနေတာကိုကြည့်ခြင်းအားဖြင့် သူတို့စိတ်ပူပန်နေပါပြီ။ သူတို့ကြောက်ရွံ့နေပါပြီ။"(၂၀၀၇ခုနှစ် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် ချယ်လ်ဆီးနှင့် လီဗာပူးလ်တို့မကစားမီဘင်နီတက်ဇ်၏ ပွဲကြိုစကားစစ်ထိုးသည့် ပြောကြားချက်။)

"ချယ်လ်ဆီးအသင်းဟာ အသင်းကြီးတစ်အသင်းဖြစ်ပြီး ထိပ်တန်းကစားသမားတွေကိုလည်းပိုင်ဆိုင်ထားပါတယ်။ နည်းပြတိုင်းကဒီလို အသင်းမျိုးကိုကိုင်တွယ်ချင်မှာဖြစ်ပေမယ့် ကျွန်တော်ကတော့ ဒီအလုပ်(ချယ်လ်ဆီးနည်းပြရာထူး)ကိုဘယ်တော့မှ လက်ခံမှာမဟုတ်ပါဘူး။ ဘယ်အခြေအနေမှာဖြစ်ဖြစ်လီဗာပူးလ်ကိုကျွန်တော်လေးစားမှုအပြည့်ရှိပါတယ်။ အင်္ဂလန်မှာ ကျွန်တော့်အတွက်အသင်းတစ်သင်းပဲရှိတယ်။ အဲဒါက လီဗာပူးလ်ပါပဲ"(လွန်ခဲ့သည့် (၅)နှစ်က ဘင်နီတက်ဇ်ပြောကြားခဲ့ပြီး လီဗာပူးလ်ပရိသတ်များအကြားတွင်ရေပန်းစားခဲ့သည့်စကား။)

"ကျွန်တော်တို့(လီဗာပူးလ်)ပရိသတ်တွေကို ဝေ့ရမ်းအားပေးဖို့ အလံတွေဝေငှနေစရာမလိုပါဘူး။ ကျွန်တော်တို့ပရိသတ်တွေက သူတို့ရဲ့နှလုံးသားနဲ့အားပေးလေ့ရှိပြီး ဒါကိုပဲ ကျွန်တော်တို့လိုအပ်ပါတယ်။ ပရိသတ်တွေရဲ့ စိတ်အားထက်သန်မှုကသာနိုင်ပွဲတွေကိုရယူနိုင်ဖို့ကူညီတာပါ။ အလံတွေမဟုတ်ပါဘူး။" (၂၀၀၇ခုနှစ်၊ လီဗာပူးလ်နှင့်ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်တွင်ဆုံတွေ့ခဲ့စဉ်ကချယ်လ်ဆီးပရိသတ်များ၏ပလတ်စတစ်အလံများဖြင့်ဝေ့ရမ်းအားပေးမှုအား ဘင်နီတက်ဇ်လှောင်ပြောင်ခဲ့သည့်စကား။)

## စကားများတဲ့ဘင်နီတက်ဇ်

အထက်ပါပြောကြားချက်တွေက ချယ်လ်ဆီးအသင်းနဲ့ပတ်သက်ပြီး လီဗာပူးလ်နည်းပြဘဝက ဘင်နီတက်ဇ်ပြောကြားခဲ့တဲ့ ထင်ရှားတဲ့စကားတွေပါ။ တချို့စကားတွေက ပွဲကြိုစကားစစ်ထိုးတဲ့ပြောကြားချက်တွေဖြစ်ပြီး တချို့စကားတွေကတော့ပွဲပြီးစကားတွေ၊ ပြိုင်ပွဲပြီးစကားတွေဖြစ်ပါတယ်။ ပွဲကြိုစကားစစ်ထိုးတာကတော့ ဘောလုံးလောကမှာတွေ့မြင်နေကျဖြစ်ပြီး မန်ယူနည်းပြဖာဂူဆန်၊ ရီးယဲလ်နည်းပြမော်ရင်ဟိုတို့ ကျွမ်းကျင်တဲ့နယ်ပယ်ဖြစ်ပါတယ်။ ဒီလိုပွဲကြိုစကားစစ်တွေဟာပြိုင်ဘက်ကို စိတ်ဓာတ်ပိုင်းအသာစီးရအောင်ဆိုတဲ့ရည်ရွယ်ချက်မျိုးနဲ့အသုံးချတာဖြစ်ပြီး အားကစားလောကမှာသာမက နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးတို့မှာပါတွေ့မြင်နေကျဖြစ်ပါတယ်။ ဒီလိုပြိုင်ဘက်အပေါ်မှာစိတ်ဓာတ်အသာစီးရယူခြင်းဟာ မဟာဗျူဟာရဲ့အနုပညာမြောက်တဲ့အပိုင်း (တစ်နည်းအားဖြင့်) The Art of Strategy လို့ ပညာရှင်တွေကဆိုပါတယ်။ ဘင်နီတက်ဇ်က ဒီနယ်ပယ်မှာကျွမ်းကျင်တဲ့လူလို့မဆိုသာပေမယ့်သူလည်း ဒီနည်းဥပဒေသတွေကိုအသုံးပြုလေ့ရှိတဲ့ နည်းပြတစ်ဦးဖြစ်ပြီး ဒီအပိုင်းမှာတော့သိပ်များများပြောစရာမရှိပါဘူး။

ဒါပေမဲ့ ဘင်နီတက်ဇ်ရဲ့ ပွဲပြီးပြောကြားချက်တွေကိုကြည့်မယ်ဆိုရင်တော့ ဘင်နီတက်ဇ်ဟာ ရှုံးနိမ့်မှုကိုလက်ခံလေ့မရှိတာ၊ ပြိုင်ဘက်ကိုချီးမွမ်းလေ့မရှိတာကိုတွေ့ရပါတယ်။လက်ရှိဖော်ပြထားတာတွေက ချယ်လ်ဆီးကိုပြောကြားချက်တွေသာဖြစ်ပြီး တခြားအသင်းတွေကိုလည်း အငြင်းပွားဖွယ်ပြောကြားခဲ့တာတွေအများအပြားရှိပါသေးတယ်။ အထူးသဖြင့် ၂၀၀၈-၀၉ရာသီမှာ လီဗာပူးလ်ကိုကျော်တက်ပြီးမန်ယူဗိုလ်စွဲသွားတော့ သူက ဖာဂူဆန်ကို Congratulation လုံးဝမလုပ်နိုင်ဘူးလို့ဆိုခဲ့ဖူးပါတယ်။ နောက်ပြီးတော့ ၂၀၀၇ခုနှစ်ဖေဖော်ဝါရီလမှာ အဲဗာတန် အသင်းနဲ့ အိမ်ကွင်းမှာ(၀-၀)ဂိုးသရေကျခဲ့တော့ ဘင်နီတက်ဇ်ကအသင်းငယ်တွေရဲ့ ထုံးစံကမရှုံးဖို့ ဦးတည်ကစားတယ်ဆိုပြီး ဒါဘီပြိုင်ဘက်ကိုနှိမ့်ချစော်ကားခဲ့ဖူးပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ဘင်နီတက်ဇ်ဟာ စကားများများပြောလေ့ရှိပြီး ပြောတဲ့စကားတွေကလည်း လူကြီးလူကောင်းဆန်လေ့မရှိဘူးဆိုတာပါပဲ။

## ဘင်နီတက်ဇ်ပြန်တောင်းပန်ပါ

ဒီလိုတောင်းဆိုလိုက်တာကတော့ ချယ်လ်ဆီးပရိသတ်များအဖွဲ့(Chelsea Supporters Group)ရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ဖီအိုရယ်လီနီပဲဖြစ်ပါတယ်။ လီဗာပူးလ်နည်းပြဘဝက ချယ်လ်ဆီးပရိသတ်တွေရဲ့ ပလတ်စတစ်အလံလေးတွေနဲ့ဝေ့ရမ်းအားပေးမှုကိုလှောင်ပြောင်ခဲ့တာအတွက်ပြန် တောင်းပန်ပါလို့ဆိုလိုက်တာပါ။ ဘင်နီတက်ဇ်ကသူ့အနေနဲ့ လီဗာပူးလ်ကိုနည်းပြစဉ်က ပရော်ဖက်ရှင်နယ်ပီပီကိုယ့်အသင်းကိုကိုယ်ကာကွယ်တဲ့ သဘောပဲရှိတယ်လို့ပြန်လည်ဖြေရှင်းခဲ့ပြီး တောင်းပန်ဖို့ငြင်းဆိုလိုက်တော့ ဖီအိုရယ်လီနီကအတော်ဒေါပွသွားပါတယ်။ ပြီးတော့သူက "ကိုယ့်အသင်းကိုကိုယ်ကာကွယ်တယ်ဆိုတဲ့နေရာမှာ မော်ရင်ဟိုကတကယ့်ဆရာပါပဲ။ ဒါပေမဲ့ပြိုင်ဘက်ပရိသတ်ကိုတိုက်ရိုက်စော်ကားတာမျိုးတော့ ဘယ်တုန်းကမှမတွေ့ရပါဘူး"လို့ပြန်ပြောသွားခဲ့ပါတယ်။ တစ်ချိန်က အသင်းရဲ့ပရိသတ်တွေကို လက်မခံနိုင်စရာစော်ကားမှုပြုခဲ့ပြီးမှအနည်းဆုံးတော့သူပြန်တောင်းပန်သင့်တယ်လို့ ဖီအိုရယ်လီနီကတွင်တွင်ဆိုနေပါတယ်။ ဘင်နီတက်ဇ်အတွက်တော့ဒါဟာဘေးကျပ်နံ့ကျပ်ဖြစ်နေစေတဲ့အနေအထားပါ။ လက်ရှိအချိန်မှာ တောင်းပန်စကားပြောကြားခဲ့မယ်ဆိုရင်လည်း ချယ်လ်ဆီးပရိသတ်တွေရဲ့ထောက်ခံမှုရမယ်၊ မရဘူးဆိုတာမသေချာပါဘူး။ သေချာတာကတော့ တောင်းပန်စကားပြောလိုက်ရင် လီဗာပူးလ်ပရိသတ်နဲ့နှိုင်းယှဉ်ထားတဲ့စကားဖြစ်နေလို့ အသင်းဟောင်းပရိသတ်တွေကသူ့ကိုပြန်ရှုံ့ချဖို့ရှိနေပါတယ်။ ဒါကြောင့် ဖြေရှင်းရခက်နေတဲ့ပုစ္ဆာတစ်ပုဒ်ကိုဘင်နီတက်ဇ်ဘယ်လိုအဖြေထုတ်သွားမလဲဆိုတာကစိတ်ဝင်စားစရာပါပဲ။

> *သေချာတာကတော့ တောင်းပန်စကားပြောလိုက်ရင် လီဗာပူးလ်ပရိသတ်နဲ့နှိုင်းယှဉ်ထားတဲ့စကားဖြစ်နေလို့ အသင်းဟောင်းပရိသတ်တွေကသူ့ကိုပြန်ရှုံ့ချဖို့ရှိနေပါတယ်။ ဒါကြောင့် ဖြေရှင်းရခက်နေတဲ့ပုစ္ဆာတစ်ပုဒ်ကိုဘင်နီတက်ဇ်ဘယ်လိုအဖြေထုတ်သွားမလဲဆိုတာက...*

## အတိတ်ရဲ့ အရိပ်တွေ

တခြားတစ်ဖက်မှာလည်းတစ်ချိန်က ချယ်လ်ဆီးနည်းပြရာထူးကိုလုံးဝလက်ခံမှာမဟုတ်ဘူးလို့ကြွေးကြော်ခဲ့တဲ့သူ့ကို ဘယ်လိုမှခွင့်မလွှတ်နိုင်ဘူးလို့ပရိသတ်တချို့ကဆိုနေပါတယ်။ တချို့ကလည်းဘောလုံးလောကမှာ (၂)နှစ်လောက်အလုပ်လက်မဲ့ဖြစ်နေသူ၊ တစ်ချိန်က မော်ရင်ဟိုရဲ့ဖလား(၃)လုံးရယူနိုင်တဲ့ အင်တာကိုဖျက်ဆီးခဲ့သူကိုဘယ်လိုယုံစားရမလဲဆိုတဲ့သူတွေလည်းရှိနေပါတယ်။ နောက်လီဗာပူးလ်ကို ထိုးကျသွားစေခဲ့တဲ့ဘင်နီတက်ဇ်ရဲ့ Rotation Policy(အလှည့်ကျပေါ်လစီ) ကို ချယ်လ်ဆီးမှာပြန်လာအသက်သွင်းဦးမှာလားဆိုပြီးစိုးရိမ်နေတဲ့သူကလည်းဒုနဲ့ဒေးပါပဲ။ လူးဝစ်ဂါစီယာရဲ့သွင်းဂိုးနဲ့ပတ်သက်ပြီးလည်း ရုပ်သံကိုအခြေမပြုဘဲ "ရှီလာပြောတယ်၊ စည်းကျော်တယ်၊ ဂိုးတယ်"လို့ဆိုတဲ့စကားကို ပရိသတ်တချို့ကဟားတိုက်နေကြတုန်းပါပဲ။

ဘင်နီတက်ဇ်အတွက် သတင်းကောင်းတစ်ခုကတော့ ချယ်လ်ဆီးပရိသတ်တိုင်းက သူ့ကိုဆန့်ကျင်ကြတာမဟုတ်ပါဘူးလို့ ချယ်လ်ဆီးပရိသတ်တွေအတွက်ရည်ရွယ်ထုတ်ဝေတဲ့ cfcuk မဂ္ဂဇင်းကပြောရေးဆိုခွင့်ရှိသူဂျွန်စတုန်းကပြောသွားခဲ့တာပါပဲ။ အမှတ်သည်းခြေကြီးတဲ့သူတချို့ကဆန္ဒပြနေဆဲဖြစ်ပေမယ့် မေ့လွယ်သူတချို့ကလည်းအတိတ်မှာထားလိုက်ပြီလို့ဆိုပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘင်နီတက်ဇ်ရဲ့ချယ်လ်ဆီးယာယီနည်းပြဘဝက ပန်းခင်းတဲ့လမ်းတော့ဟုတ်မနေပါဘူး။ ပြဿနာတွေအားလုံးရဲ့အရင်းအမြစ်ဆိုရင်တော့ ဘင်နီတက်ဇ်ရဲ့တစ်ချိန်ကနှုတ်စည်းမစောင့်ခဲ့တာကြောင့်လို့ပဲသုံးသပ်ရမှာပါ။

*ဒီတစ်ပတ်ပွဲစဉ်တွေမှာ ပွဲကြီးပွဲကောင်း သိပ်မပါဝင်ဘဲ အသင်းကြီးတွေနဲ့ အသင်းငယ်တွေဆုံတွေ့နေကြတာ တွေ့ရပါတယ်။ မန်စီးတီးအသင်းကတော့ ခက်ခဲတဲ့ပွဲတစ်ပွဲကိုကစားရမှာဖြစ်ပြီး အဲဗာတန်အသင်းနဲ့ ဆုံတွေ့နေပါတယ်။ မန်ယူ၊ ချယ်လ်ဆီးစတဲ့ ဇယားထိပ်ပိုင်းမှာအပြိုင်ကပ်လိုက်နေတဲ့အသင်းတွေကလည်း အဝေးကွင်းပွဲစဉ်တွေကစားရမှာဆိုပေမယ့်ငယ်နိုင်အသင်းတွေလိုဖြစ်နေတဲ့ ရက်ဒင်း၊ ဝက်စ်ဟမ်းတို့နဲ့ ဆုံတွေ့နေလို့ နိုင်ပွဲရဖို့ သိပ်မခက်ဘူးလို့ပဲဆိုရမှာပါ. . .*

# အိမ်ကွင်း(၅)ပွဲဆက် နိုင်ပွဲရယူမယ့် မန်စီးတီး

# မန်ယူ၊ ချယ်လ်ဆီးတို့ အဝေးကွင်းမှာအနိုင်ရမယ့်

## ပရီးမီးယားလိဂ်ပွဲစဉ်(၁၅)အကြိုသုံးသပ်ချက်



နယူးကာဆယ်တိုက်စစ်မှူးတိုက်စစ်မှူး ဒမ်ဘာဘားနှင့် ဝီဂန်ဂိုးသမား အယ်လ်ဟတ်ဆီတို့ အကြိတ်အနယ်မြင်ကွင်း

## နော့ဝစ်ချ် နှင့် ဆန်းဒါးလန်း

| | နော့ဝစ်ချ်နိုင်ပွဲ | သရေ | ဆန်းဒါးလန်းနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၈ | ၁၀ | ၁၂ |
| FA ဖလား | ၂ | ၁ | ၄ |
| ကားလင်းဖလား | ၄ | ၂ | ၁ |
| စုစုပေါင်း | ၂၄ | ၁၃ | ၁၇ |

ပရီးမီးယားလိဂ်တွင်နောက်ဆုံးတွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၂၀၁၁-၁၂ | နော့ဝစ်ချ် | ၂-၁ | ဆန်းဒါးလန်း |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| နော့ဝစ်ချ် | W(H) | D(A) | W(H) | D(A) | - |
| ဆန်းဒါးလန်း | L(H) | L(A) | W(A) | L(H) | D(H) |

နော့ဝစ်ချ်ရဲ့ ပရီးမီးယားလိဂ်နောက်ဆုံးပွဲတွေကိုကြည့်ရင် အပြန်အလှန်သွင်းဂိုးတွေနည်းခဲ့တာတွေ့ရပါတယ်။ ဆန်းဒါးလန်းက အဝေးကွင်းနောက်ဆုံး(၂၁)ပွဲမှာ (၂)ပွဲသာအနိုင်ရခဲ့တဲ့အသင်းပါ။ လက်ရှိခြေစွမ်းအရလည်း နော့ဝစ်ချ်က ဆန်းဒါးလန်းထက်ပိုကောင်းပါတယ်။ ဒါ့အပြင် အိမ်ကွင်းနောက်ဆုံး(၃)ပွဲဆက်အနိုင်ကစားထားတဲ့ နော့ဝစ်ချ်ကို ဆန်းဒါးလန်းဘယ်လိုမှယှဉ်နိုင်ဖို့မရှိပါဘူး။ နော့ဝစ်ချ်ပဲ အနိုင်ရမှာပါ။

## လီဗာပူးလ် နှင့် ဆောက်သမ်တန်

| | လီဗာပူးလ်နိုင်ပွဲ | သရေ | ဆောက်သမ်တန်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၅ | ၁၈ | ၂၁ |
| FA ဖလား | ၆ | ၂ | ၂ |
| ကားလင်းဖလား | ၃ | ၁ | ၂ |
| အခြား | ၁ | ၀ | ၀ |
| စုစုပေါင်း | ၄၅ | ၂၁ | ၂၅ |

၁၉၉၉ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၀-၀၁ | လီဗာပူးလ် | ၂-၁ | ဆောက်သမ်တန် |
| ၂၀၀၁-၀၂ | လီဗာပူးလ် | ၁-၁ | ဆောက်သမ်တန် |
| ၂၀၀၂-၀၃ | လီဗာပူးလ် | ၃-၀ | ဆောက်သမ်တန် |
| ၂၀၀၃-၀၄ | လီဗာပူးလ် | ၁-၂ | ဆောက်သမ်တန် |
| ၂၀၀၄-၀၅ | လီဗာပူးလ် | ၁-၀ | ဆောက်သမ်တန် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| လီဗာပူးလ် | D(H) | D(A) | W(H) | D(A) | - |
| ဆောက်သမ်တန် | L(A) | D(H) | W(A) | W(H) | - |

လီဗာပူးလ်ရဲ့ရလဒ်တွေက မတည်ငြိမ်ပါဘူး။ ရှုံး၊ နိုင်၊ သရေ တစ်လှည့်စီသွားနေပြီး တိုက်စစ်ပိုင်းကလည်း ဂိုးတွေရလိုက်၊ မရလိုက်ဖြစ်နေပါတယ်။ ဆောက်သမ်တန်က နောက်ဆုံး(၂)ပွဲဆက်အနိုင်ရထားပြီး ခြေတက်နေတဲ့အနေအထားပါ။ ဒါပေမဲ့ အဝေးကွင်းတော့ အတော်ညံ့ပါတယ်။ ဒီပွဲတော့ လီဗာပူးလ်နိုင်ပွဲပြန်ရှာမယ့်ပွဲဖြစ်ပါတယ်။

## ဖူလ်ဟမ် နှင့် စပါး

| | ဖူလ်ဟမ်နိုင်ပွဲ | သရေ | စပါးနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၀ | ၂၄ | ၃၂ |
| FA ဖလား | ၁ | ၂ | ၅ |
| ကားလင်းဖလား | ၁ | ၀ | ၂ |
| စုစုပေါင်း | ၁၂ | ၂၆ | ၃၉ |

၂၀၀၆ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၇-၀၈ | ဖူလ်ဟမ် | ၃-၃ | စပါး |
| ၂၀၀၈-၀၉ | ဖူလ်ဟမ် | ၂-၁ | စပါး |
| ၂၀၀၉-၁၀ | ဖူလ်ဟမ် | ၃-၃ | စပါး |
| ၂၀၁၀-၁၁ | ဖူလ်ဟမ် | ၁-၂ | စပါး |
| ၂၀၁၁-၁၂ | ဖူလ်ဟမ် | ၁-၃ | စပါး |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဖူလ်ဟမ် | D(H) | D(A) | L(H) | L(A) | - |
| စပါး | L(H) | L(A) | L(A) | W(H) | - |

စပါးရဲ့ အဝေးကွင်းပွဲတွေက အကြိတ်အနယ်ရှိပြီးအပြန်အလှန်ဂိုးတွေမြင်တွေ့နေရပါတယ်။ အဝေးကွင်းနောက်ဆုံး(၂)ပွဲဆက် ရှုံးနိမ့်ခဲ့တယ်ဆိုပေမယ့် မန်စီးတီး၊ အာဆင်နယ်တို့လိုအသင်းကြီးတွေရဲ့ကွင်းမှာ ရှုံးခဲ့တယ်ဆိုတာကို မေ့ထားလို့မရပါဘူး။ ဖူလ်ဟမ်ကလည်း နောက်ဆုံး(၅)ပွဲဆက် နိုင်ပွဲပျောက်နေပြီး နောက်ဆုံး(၂)ပွဲဆက် ရှုံးနိမ့်ထားတဲ့အသင်းပါ။ ဒါဘီပွဲစဉ်ဖြစ်သလို နှစ်သင်းစလုံးရဲ့ခံစစ်၊ တိုက်စစ်အနေအထားကြောင့် အပြန်အလှန်ဂိုးတွေလည်း တွေ့ရဖို့ရှိပါတယ်။ ရလဒ်ပိုင်းအရတော့ စပါးသရေနဲ့ အနိုင်ပါပဲ။

## QPR နှင့် ဗီလာ

| | QPRနိုင်ပွဲ | သရေ | ဗီလာနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးဖလား | ၂၀ | ၉ | ၁၁ |
| FA ဖလား | ၀ | ၀ | ၂ |
| ကားလင်းဖလား | ၂ | ၂ | ၄ |
| စုစုပေါင်း | ၂၂ | ၁၁ | ၁၇ |

၁၉၉၁ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၁၉၉၂-၉၃ | QPR | ၂-၁ | ဗီလာ |
| ၁၉၉၃-၉၄ | QPR | ၂-၂ | ဗီလာ |
| ၁၉၉၄-၉၅ | QPR | ၂-၀ | ဗီလာ |
| ၁၉၉၅-၉၆ | QPR | ၁-၀ | ဗီလာ |
| ၂၀၁၁-၁၂ | QPR | ၁-၁ | ဗီလာ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| QPR | D(H) | L(A) | L(H) | L(A) | D(A) |
| ဗီလာ | W(A) | L(H) | L(A) | D(H) | W(H) |

နှစ်သင်းစလုံးဒဏ်ရာပြဿနာတွေနဲ့ ကြုံတွေ့နေပြီး ရလဒ်ပိုင်းတွေလည်း ကျဆင်းနေတာတွေ့ရပါတယ်။ နှစ်သင်းစလုံး နောက်ဆုံး(၃)ပွဲမှာ (၂)ပွဲသရေ၊ (၁)ပွဲရှုံးခဲ့ပြီး ဗီလာကတော့အနည်းငယ်သာတယ်လို့ဆိုရမှာပါ။ နည်းပြသစ် ဟယ်ရီရက်နက်ပ်ရဲ့ ပထမဆုံးအိမ်ကွင်းပွဲစဉ်ဖြစ်လို့ QPRအနိုင်ရဖို့ကြိုးစားပေမယ့် သရေပဲကျသွားဦးမှာပါ။

## ပွဲစဉ်(၁၃)ရလဒ်များ / ပရီးမီးယားလိဂ်ပွဲစဉ်(၁၆)

| ၂၄/၂၅-၁၁-၂၀၁၂ | | | ၈/၉-၁၂-၂၀၁၂ | | |
|---|---|---|---|---|---|
| ဗီလာ | ၀-၀ | အာဆင်နယ် | အာဆင်နယ် | - | ဝက်စ်ဘရွန်း |
| ချယ်လ်ဆီး | ၀-၀ | မန်စီးတီး | ဗီလာ | - | စတုတ်စီးတီး |
| အဲဗာတန် | ၁-၁ | နော့ဝစ်ချ် | အဲဗာတန် | - | စပါး |
| မန်ယူ | ၃-၁ | QPR | ဖူလ်ဟမ် | - | နယူးကာဆယ် |
| ဆောက်သမ်တန် | ၂-၀ | နယူးကာဆယ် | မန်စီးတီး | - | မန်ယူ |
| စတုတ်စီးတီး | ၁-၀ | ဖူလ်ဟမ် | ဆောက်သမ်တန် | - | ရက်ဒင်း |
| ဆန်းဒါးလန်း | ၂-၄ | ဝက်စ်ဘရွန်း | ဆန်းဒါးလန်း | - | ချယ်လ်ဆီး |
| ဆွမ်ဆီး | ၀-၀ | လီဗာပူးလ် | ဆွမ်ဆီး | - | နော့ဝစ်ချ် |
| စပါး | ၃-၁ | ဝက်စ်ဟမ်း | ဝက်စ်ဟမ်း | - | လီဗာပူးလ် |
| ဝီဂန် | ၃-၂ | ရက်ဒင်း | ဝီဂန် | - | QPR |

## ဝက်စ်ဘရွန်း နှင့် စတုတ်စီးတီး

| | ဝက်စ်ဘရွန်းနိုင်ပွဲ | သရေ | စတုတ်စီးတီးနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၉ | ၃၁ | ၅၆ |
| FA ဖလား | ၃ | ၂ | ၀ |
| စုစုပေါင်း | ၄၂ | ၃၃ | ၅၆ |

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၈-၀၉ | ဝက်စ်ဘရွန်း | ၀-၂ | စတုတ်စီးတီး |
| ၂၀၁၀-၁၁ | ဝက်စ်ဘရွန်း | ၀-၃ | စတုတ်စီးတီး |
| ၂၀၁၁-၁၂ | ဝက်စ်ဘရွန်း | ၀-၁ | စတုတ်စီးတီး |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဘရွန်း | W(H) | W(A) | W(H) | W(A) | - |
| စတုတ်စီးတီး | L(A) | W(H) | D(A) | W(H) | - |

ဝက်စ်ဘရွန်းကတော့ အကောင်းဆုံးခြေစွမ်း၊ အကောင်းဆုံးတိုက်စစ်၊ အကောင်းဆုံးပုံစံကိုပြသနေပါတယ်။ နောက်ဆုံး(၄)ပွဲဆက်အနိုင်ရခဲ့ပြီး အဲဒီ(၄)ပွဲမှာ (၁၀)ဂိုးအထိ သွင်းနိုင်ခဲ့ပါတယ်။ ခံစစ်ကတော့ သိပ်မစွံဘူးလို့ပြောရမှာဖြစ်ပြီး ဂိုးတွေပြန်ပေးရတတ်ပါတယ်။ ဒါကြောင့် နှစ်သင်းပေါင်းဂိုးများမယ့်ပွဲဖြစ်ပြီး ဝက်စ်ဘရွန်းပဲ အနိုင်ရမှာပါ။

## နယူးကာဆယ် နှင့် ဝီဂန်

| | နယူးကာဆယ်နိုင်ပွဲ | သရေ | ဝီဂန်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၅ | ၂ | ၅ |
| FA ဖလား | ၁ | ၁ | ၀ |

➢➢➢

## ဖြစ်နိုင်ဖွယ်လူစာရင်း



➢➢➢

| | | | |
|---|---|---|---|
| ကားလင်းဖလား | ၀ | ၀ | ၁ |
| စုစုပေါင်း | ၆ | ၃ | ၆ |

၂၀၀၅ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၆-၀၇ | နယူးကာဆယ် | ၂-၁ | ဝီဂန် |
| ၂၀၀၇-၀၈ | နယူးကာဆယ် | ၁-၀ | ဝီဂန် |
| ၂၀၀၈-၀၉ | နယူးကာဆယ် | ၂-၂ | ဝီဂန် |
| ၂၀၁၀-၁၁ | နယူးကာဆယ် | ၂-၂ | ဝီဂန် |
| ၂၀၁၁-၁၂ | နယူးကာဆယ် | ၁-၀ | ဝီဂန် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| နယူးကာဆယ် | D(A) | L(H) | L(H) | L(A) | - |
| ဝီဂန် | W(A) | L(H) | L(A) | W(H) | - |

တီအိုတီပြန်ကစားနိုင်တော့မှာဖြစ်လို့ နယူးကာဆယ်ကွင်းလယ်က ပြန်ကောင်းလာမှာပါ။ ကွင်းလယ်ညံ့လို့လည်း ရလဒ်တွေ ဆက်တိုက် ကျဆင်းနေတာဖြစ်ပြီး ရှုံးပွဲတွေဆက်နေပါတယ်။ ဝီဂန်ကလည်း ရလဒ်ပိုင်းသိပ်မကောင်းပါဘူး။ ဒါပေမဲ့ နောက်ဆုံးပွဲမှာတော့ အနိုင်ရခဲ့ပါတယ်။ ဒီပွဲက နယူးကာဆယ် ပြန်နိုင်မယ့်ပွဲဖြစ်ပြီး ဂိုးများနိုင်ပါတယ်။

## ရက်ဒင်း နှင့် မန်ယူ

| | ရက်ဒင်းနိုင်ပွဲ | သရေ | မန်ယူနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၀ | ၂ | ၂ |
| FA ဖလား | ၁ | ၅ | ၆ |
| စုစုပေါင်း | ၁ | ၇ | ၈ |

၂၀၀၅ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၆-၀၇ | ရက်ဒင်း | ၁-၁ | မန်ယူ |
| ၂၀၀၇-၀၈ | ရက်ဒင်း | ၀-၂ | မန်ယူ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ရက်ဒင်း | D(A) | D(A) | W(H) | L(A) | L(A) |
| မန်ယူ | W(H) | W(A) | L(A) | W(H) | - |

ရက်ဒင်းက နောက်ဆုံး(၁၀)ပွဲမှာ (၁)ပွဲပဲအနိုင်ရခဲ့ပါတယ်။ ဒါပေမဲ့ ပွဲအတော်များများမှာ အကြိတ်အနယ်ကစားနိုင်လေ့ရှိတာတွေ့ရပါတယ်။ မန်ယူကလည်း နောဝစ်ချ်ကို ရှုံးခဲ့ပေမယ့် ရလဒ်ပိုင်းက အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်။ မန်ယူကွင်းလယ်မှာ အန်ဒါဆန်ခြေစွမ်းပြန်ပြနေပြီး အသင်းရဲ့ တိုက်စစ်ပိုင်းကို ထိထိရောက်ရောက်ကူညီနိုင်တာလည်း တွေ့ရပါတယ်။ အမှတ်ပေးဇယားထိပ်ပိုင်းမှာ အကြိတ်အနယ်ဖြစ်နေတဲ့ အချိန်ဖြစ်လို့ အဝေးကွင်းဆိုပေမယ့် မန်ယူအသင်းအမှားခံမှာမဟုတ်ပါဘူး။ မန်ယူနိုင်မယ့်ပွဲဖြစ်ပြီး ဂိုးလည်းပြတ်သွားနိုင်ပါတယ်။

## ဝက်စ်ဟမ်း နှင့် ချယ်လ်ဆီး

| | ဝက်စ်ဟမ်းနိုင်ပွဲ | သရေ | ချယ်လ်ဆီးနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၄ | ၁၇ | ၃၅ |
| FA ဖလား | ၁ | ၁ | ၅ |
| ကားလင်းဖလား | ၁ | ၀ | ၁ |
| စုစုပေါင်း | ၃၆ | ၁၈ | ၄၁ |

၂၀၀၅ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၆-၀၇ | ဝက်စ်ဟမ်း | ၁-၄ | ချယ်လ်ဆီး |
| ၂၀၀၇-၀၈ | ဝက်စ်ဟမ်း | ၀-၄ | ချယ်လ်ဆီး |
| ၂၀၀၈-၀၉ | ဝက်စ်ဟမ်း | ၀-၁ | ချယ်လ်ဆီး |
| ၂၀၀၉-၁၀ | ဝက်စ်ဟမ်း | ၁-၁ | ချယ်လ်ဆီး |
| ၂၀၁၀-၁၁ | ဝက်စ်ဟမ်း | ၁-၃ | ချယ်လ်ဆီး |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဝက်စ်ဟမ်း | D(H) | W(A) | D(H) | L(A) | - |
| ချယ်လ်ဆီး | D(A) | D(H) | L(A) | D(H) | - |

မြို့ခံပြိုင်ဘက်အသင်းတွေဆိုပေမယ့် ဝက်စ်ဟမ်းတို့ အိမ်ကွင်းမှာတောင် ချယ်လ်ဆီးကို ယှဉ်နိုင်လေ့မရှိပါဘူး။ လက်ရှိရလဒ်ပိုင်းနဲ့ယှဉ်ရင် နောက်ဆုံး(၅)ပွဲစလုံးနိုင်ပွဲပျောက်ထားတဲ့ ချယ်လ်ဆီးထက်(ဖူလ်ဟမ်နှင့်ပွဲမတိုင်မီ) ဝက်စ်ဟမ်းကတောင် ရလဒ်ပိုကောင်းနေတယ်လို့ ဆိုနိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ နောက်ပိုင်းပွဲတွေကိုကြည့်ရင်လည်း နှစ်သင်းပေါင်းဂိုးတွေနည်းခဲ့ကြတာတွေ့ရပြီး ဒီပွဲလည်း ဂိုးနည်းမယ့်ပွဲတစ်ပွဲလို့ သုံးသပ်ရမှာပါ။ ရလဒ်ပိုင်းအရဆိုရင်တော့ မဖြစ်မနေနိုင်ပွဲရှာဖွေရတော့မယ့် ချယ်လ်ဆီးကို ပိုကြိုက်ပြီး ကပ်နိုင်သွားနိုင်ပါတယ်။

## အာဆင်နယ် နှင့် ဆွမ်ဆီး

| | အာဆင်နယ်နိုင်ပွဲ | သရေ | ဆွမ်ဆီးနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃ | ၀ | ၃ |
| FA ဖလား | ၂ | ၀ | ၁ |
| ကားလင်းဖလား | ၁ | ၁ | ၀ |
| စုစုပေါင်း | ၆ | ၁ | ၄ |

ပရီးမီးယားလိဂ်တွင်နောက်ဆုံးတွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၂၀၁၁-၁၂ | အာဆင်နယ် | ၁-၀ | ဆွမ်ဆီး |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| အာဆင်နယ် | L(A) | D(H) | W(H) | D(A) | - |
| ဆွမ်ဆီး | D(H) | D(A) | W(A) | D(H) | - |

ဆွမ်ဆီးက အဝေးကွင်းရလဒ်သိပ်မကောင်းဘူးဆိုပေမယ့် (၂)ပွဲနိုင်၊ (၁)ပွဲသရေကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ အာဆင်နယ်အသင်းကလည်း အိမ်ကွင်း(၆)ပွဲမှာ (၃)ပွဲသာအနိုင်ကစားနိုင်ခဲ့ပါတယ်။ ကစားဟန်အရ သိပ်မကွာကြသလို၊ စုဖွဲ့မှုအပိုင်းမှာလည်း သိပ်မကွာပါဘူး။ အာဆင်နယ်သာသွားတာက တစ်ဦးချင်းအရည်အသွေးဖြစ်ပြီး ကာဇိုလာ၊ ဝဲလ်ရှိုင်းယားစတဲ့ကစားသမားတွေက ဆွမ်ဆီးနဲ့အဓိကခြားနားချက်ဖြစ်ပါတယ်။ ဆွမ်ဆီးအသင်းရဲ့ ခံစစ်ကလည်း အတော်လေးစုစည်းမှုရှိပြီးနောက်ဆုံး(၅)ပွဲမှာ (၂)သင်းပေါင်းဂိုးများခဲ့တဲ့ပွဲက တစ်ပွဲသာရှိခဲ့ပါတယ်။ ဒါကြောင့် ဒီပွဲလည်း နှစ်သင်းပေါင်းဂိုးမများလောက်ပါဘူး။ အာဆင်နယ်အသင်းကတော့ အကြိတ်အနယ်ကစားပြီး ကပ်နိုင်သွားဖို့ရှိပါတယ်။

( - )များသည် ဗုဒ္ဓဟူးနေ့ပွဲစဉ်ရလဒ်များဖြစ်ပါသည်။



ယမန်နှစ် အာဆင်နယ်နှင့် ဆွမ်ဆီးတို့ဆုံတွေ့ခဲ့စဉ်က အကြိတ်အနယ်မြင်ကွင်း

## မန်စီးတီး နှင့် အဲဗာတန်



အဲဗာတန်နောက်ခံလူ ဒစ္စတင်းအား ကျော်ဖြတ်ရန်ကြိုးပမ်းနေသည့် မန်စီးတီးတိုက်စစ်မှူး ဘာလိုတယ်လီ

| | မန်စီးတီးနိုင်ပွဲ | သရေ | အဲဗာတန်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၅၉ | ၃၉ | ၆၀ |
| FA ဖလား | ၃ | ၃ | ၄ |
| ကားလင်းဖလား | ၁ | ၀ | ၁ |
| စုစုပေါင်း | ၆၃ | ၄၂ | ၆၅ |

မန်စီးတီးအသင်း၏ ပရီးမီးယားလိဂ်နောက်ဆုံး(၅)ပွဲ

| | | | |
|---|---|---|---|
| မန်စီးတီး | ၅-၀ | ဗီလာ | (W) |
| မန်စီးတီး | ၂-၁ | စပါး | (W) |
| ဝက်စ်ဟမ်း | ၀-၀ | မန်စီးတီး | (D) |
| မန်စီတီး | ၁-၀ | ဆွမ်ဆီး | (W) |
| ဝက်စ်ဘရွန်း | ၁-၂ | မန်စီးတီး | (W) |

အဲဗာတန်အသင်း၏ ပရီးမီးယားလိဂ်နောက်ဆုံး(၅)ပွဲ

| | | | |
|---|---|---|---|
| မန်စီးတီး | ၅-၀ | ဗီလာ | (W) |
| မန်စီးတီး | ၂-၁ | စပါး | (W) |
| ဝက်စ်ဟမ်း | ၀-၀ | မန်စီးတီး | (D) |
| မန်စီတီး | ၁-၀ | ဆွမ်ဆီး | (W) |
| ဝက်စ်ဘရွန်း | ၁-၂ | မန်စီးတီး | (W) |

မန်စီးတီးအိမ်ကွင်း၌ ပရီးမီးယားလိဂ်နောက်ဆုံး (၁၀)ပွဲထိပ်တိုက်တွေ့ဆုံမှု

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၀၀၂-၀၃ | မန်စီးတီး | ၃-၁ | အဲဗာတန် | ၂၀၀၇-၀၈ | မန်စီးတီး | ၀-၂ | အဲဗာတန် |
| ၂၀၀၃-၀၄ | မန်စီးတီး | ၅-၁ | အဲဗာတန် | ၂၀၀၈-၀၉ | မန်စီးတီး | ၀-၁ | အဲဗာတန် |
| ၂၀၀၄-၀၅ | မန်စီးတီး | ၀-၁ | အဲဗာတန် | ၂၀၀၉-၁၀ | မန်စီးတီး | ၀-၂ | အဲဗာတန် |
| ၂၀၀၅-၀၆ | မန်စီးတီး | ၂-၀ | အဲဗာတန် | ၂၀၁၀-၁၁ | မန်စီးတီး | ၁-၂ | အဲဗာတန် |
| ၂၀၀၆-၀၇ | မန်စီးတီး | ၂-၁ | အဲဗာတန် | ၂၀၁၁-၁၂ | မန်စီးတီး | ၂-၀ | အဲဗာတန် |

မန်စီးတီးအသင်းက နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း(၃၁)ပွဲမှာ (၂၉)ပွဲ အနိုင်ကစားခဲ့တဲ့အသင်းပါ။ အဲဗာတန်အသင်းကလည်း ပရီးမီးယားလိဂ်နောက်ဆုံး(၂၂)ပွဲမှာ (၂)ပွဲသာရှုံးနိမ့်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ နောက်ပိုင်းပွဲတွေမှာ ရလဒ်အနည်းငယ်ကျဆင်းနေတယ်ဆိုပေမယ့်အသင်းကြီးတွေကို ခံကစားနိုင်စွမ်းရှိတာတွေ့ရပါတယ်။ ဒ့ါအပြင် အစဉ်အလာပိုင်းအရလည်း အဲဗာတန်ရဲ့ ကစားဟန်က မန်စီးတီးအသင်းကို အမြဲလိုလိုဒုက္ခပေးနိုင်ခဲ့တာတွေ့ပါတယ်။ ခံစစ်ကောင်းတဲ့ အသင်းတစ်သင်းလို့ဆိုနိုင်ပေမယ့် အဲဗာတန်ခံစစ်က နောက်ဆုံး(၃)ပွဲမှာတော့ ဂိုးတွေဆက်တိုက်ပေးခဲ့ရပါတယ်။ မန်စီးတီးကတော့ နောက်ပိုင်းပွဲတွေမှာ Clean Sheet ရတဲ့ပွဲတွေ စိပ်လာပြီးအရင်လို ခံစစ်ကြောင်းမျိုးကို ပြန်ရနေပါပြီ။ ဒီအချက်ကတော့ ဒီပွဲကို အဆုံးအဖြတ်ပေးသွားနိုင်တဲ့အချက်လို့ဆိုရမှာဖြစ်ပြီး ဒီနှစ်သင်းကြားက အဓိကခြားနားချက်လည်းဖြစ်နေပါတယ်။ အဲဗာတန်ရဲ့အဝေးကွင်းရလဒ်ကလည်း နောက်ဆုံး(၄)ပွဲမှာ (၃)ပွဲသရေ၊ (၁)ပွဲရှုံးခဲ့လို့ မန်စီးတီးကွင်းမှာ အနိုင်ရဖို့ မဖြစ်နိုင်ပါဘူး။ မန်စီးတီးအနိုင်ကစားသွားမှာဖြစ်ပြီး အိမ်ကွင်း(၅)ပွဲဆက်နိုင်ပွဲရရှိပါလိမ့်မယ်။



- ✳ မန်စီးတီးအသင်း၏ အိမ်ကွင်းတစ်ပွဲပျမ်းမျှသွင်းဂိုးမှာ (၂.၅၇)ဂိုးဖြစ်ပြီး အဲဗာတန်အသင်း၏တစ်ပွဲပျမ်းမျှသွင်းဂိုးမှာ (၁.၇၁)ဂိုးဖြစ်သည်။
- ✳ မန်စီးတီးအသင်းသည် အိမ်ကွင်းတွင်ပထမသွင်းဂိုးကို ပျမ်းမျှ(၃၈)မိနစ်တွင်ရရှိလေ့ရှိပြီး အဲဗာတန်အသင်းမှာ အဝေးကွင်းတွင် ပထမသွင်းဂိုးကို(၂၀)မိနစ်တွင်ရရှိလေ့ရှိသည်။
- ✳ အမြင့်ဘောယှဉ်ပြိုင်လုယူမှုများတွင် အဲဗာတန်အသင်းမှ ဖယ်လေနီသည် တစ်ပွဲပျမ်းမျှ(၃.၉)ကြိမ်အောင်မြင်လေ့ရှိပြီး မန်စီးတီးအသင်းမှနက်စတာဆစ်မှာ တစ်ပွဲပျမ်းမျှ(၃.၈)ကြိမ်အောင်မြင်လေ့ရှိသည်။
- ✳ အဲဗာတန်အသင်းမှာ နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ်(၈)ပွဲတွင် ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့သလို ပွဲတိုင်းလည်းဂိုးပေးခဲ့ရသည်။
- ✳ မန်စီးတီးအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပရီးမီးယားလိဂ်အိမ်ကွင်း(၅)ပွဲတွင် Clean Sheet (၄)ပွဲရရှိခဲ့သည်။

စီးရီးအေပွဲစဉ်(၁၅)မှာတော့ အသင်းကြီးအချင်းချင်ထိပ်တိုက်တွေ့တဲ့ပွဲတွေမပါပေမယ့် ခြေညီတဲ့အသင်းတွေဆုံတွေ့နေတာကြောင့်အကြိတ်အနယ်ရှိနိုင်တယ်လို့ဆိုရမှာပါ။ အမှတ်ပေးဇယားထိပ်ဆုံးမှာဦးဆောင်နေတဲ့ဂျူဗင်တပ်စ်အသင်းဟာ တိုရီနိုနဲ့အိမ်ကွင်းမှာကစားရမှာဖြစ်တာကြောင့်အနိုင်(၃)မှတ်အတွက်အခက်အခဲမရှိနိုင်ပါဘူး။ နောက်ပိုင်းပွဲတွေမှာခြေစွမ်းမှန်နေပြီး ရလဒ်ကောင်းတွေရနေတဲ့ဖီအိုရင်တီးနားအသင်းနဲ့နာပိုလီတို့ကလည်း ဂျူဗင်တပ်စ်ကိုဆက်လက်ဖိအားပေးနိုင်ဖို့ပြိုင်ဘက်အသင်းတွေကိုအနိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင်ကာတာနီယာ-အေစီမီလန်၊ လာဇီယို-ပါးမား ပွဲတွေကလည်း အကြိတ်အနယ်ရှိနိုင်တဲ့ပွဲတွေဖြစ်လာနိုင်မှာပါ. . . .

# အသင်းကြီးအများစု အနိုင်ရဖို့အခက်အခဲမရှိနိုင်ဘဲ ဂျူဗင်တပ်စ်ကို ဖိအားဆက်ပေးဖို့ကြိုးပမ်းရမယ့်နာပိုလီ

## စီး ရီး အေ ပွဲ စဉ် (၁၅) အ ကြို သုံး သပ် ချက်



ပြီးခဲ့သည့်ရာသီတွင်ဆုံတွေ့ခဲ့စဉ်က ကာတာနီယာဘက်သို့ထိုးဖောက်ဂိုးသွင်းယူနေသည့် အေစီမီလန်တိုက်စစ်မှူးရော်ဘင်ဟို

### ကာတာနီယာ နှင့် အေစီမီလန်

| | ကာတာနီယာနိုင်ပွဲ | သရေ | အေစီမီလန်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂ | ၁၂ | ၁၆ |
| စုစုပေါင်း | ၃ | ၁၃ | ၁၆ |

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ကာတာနီယာ | ၀-၂ | အေစီမီလန် |
| ၂၀၁၀-၁၁ | ကာတာနီယာ | ၀-၂ | အေစီမီလန် |
| ၂၀၁၁-၁၂ | ကာတာနီယာ | ၁-၁ | အေစီမီလန် |

Current Form

| | | | | | |
|---|---|---|---|---|---|
| ကာတာနီယာ | D(A) | W(H) | D(A) | W(H) | L(A) |
| အေစီမီလန် | D(A) | W(H) | L(H) | D(A) | W(H) |

အေစီမီလန်က စီးရီးအေအဝေးကွင်းနောက်ဆုံး(၅)ပွဲဆက်တိုက်နိုင်ပွဲပျောက်ခဲ့ပါတယ်။ ဒ့ါအပြင်အဝေးကွင်းနောက်ဆုံး(၃)ပွဲမှာ (၂)ပွဲက (၂)ဂိုးနဲ့အထက်အသွင်းခံခဲ့ရပါတယ်။ ကာတာနီယာရဲ့ အိမ်ကွင်းတိုက်စစ်က (၁၃)ဂိုးတောင်သွင်းယူထားပြီး ရလဒ်ကလည်း အတော်လေးကောင်းမွန်တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ဒါဘီပွဲမှာ ပါလာမိုကိုရှုံးနိမ့်ခဲ့လို့ အခုအိမ်ကွင်းပွဲမှာ ရလဒ်ကောင်းအောင်ကစားမှာဖြစ်ပြီး အေစီမီလန်အလွန်ဆုံးသရေပါပဲ။

### ဂျီနိုအာ နှင့် ချီယေဗို

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ဂျီနိုအာ | ၁-၀ | ချီယေဗို |
| ၂၀၁၀-၁၁ | ဂျီနိုအာ | ၁-၃ | ချီယေဗို |
| ၂၀၁၁-၁၂ | ဂျီနိုအာ | ၀-၁ | ချီယေဗို |

Current Form

| | | | | | |
|---|---|---|---|---|---|
| ဂျီနိုအာ | L(H) | L(A) | L(H) | L(A) | W(A) |
| ချီယေဗို | W(H) | L(A) | D(H) | L(A) | D(H) |

ရှုံးပွဲတွေဆက်တိုက်တွေ့နေတဲ့ ဂျီနိုအာတို့ အတ္တလန်တာကိုတော့ မထင်မှတ်ဘဲ အနိုင်ကစားသွားခဲ့ပါတယ်။ ဂျီနိုအာက စီးရီးအေမှာအိမ်ကွင်းအညံ့ဆုံးအသင်းတစ်သင်းဖြစ်ပြီး (၂)ပွဲသရေ၊ (၄)ပွဲရှုံးကစားခဲ့ပါတယ်။ ချီယေဗိုကလည်း အဝေးကွင်းမှာ နောက်ဆုံး(၆)ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ပြီး အခြေအနေမကောင်းပါဘူး။ ဒီပွဲတော့ဂျီနိုအာနိုင်ပွဲဆက်မှာပါ။

### ဖီအိုရင်တီးနား နှင့် ဆမ်ဒိုးရီးယား

Current Form

| | | | | | |
|---|---|---|---|---|---|
| ဖီအိုရင်တီးနား | W(A) | W(H) | W(A) | W(H) | D(A) |
| ဆမ်ဒိုးရီးယား | L(A) | L(H) | L(A) | W(H) | W(H) |

ဖီအိုရင်တီးနားက အိမ်ကွင်းနောက်ဆုံး(၇)ပွဲမှာ (၆)ပွဲအနိုင်ရခဲ့ပါတယ်။ ဆမ်ဒိုးရီးယားကတော့ အဝေးကွင်းမှာနောက်ဆုံး(၄)ပွဲဆက်ရှုံးနိမ့်ထားပြီး ခံစစ်ကလည်းဂိုးပေးနှုန်းများပါတယ်။ ဖီအိုရင်တီးနားအနိုင်သေချာတဲ့ပွဲပါ။

### အင်တာမီလန် နှင့် ပါလာမို

| | အင်တာမီလန်နိုင်ပွဲ | သရေ | ပါလာမိုနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂၆ | ၁၉ | ၅ |
| စုစုပေါင်း | ၂၇ | ၁၉ | ၅ |

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | အင်တာမီလန် | ၅-၃ | ပါလာမို |
| ၂၀၁၀-၁၁ | အင်တာမီလန် | ၃-၂ | ပါလာမို |
| ၂၀၁၁-၁၂ | အင်တာမီလန် | ၄-၄ | ပါလာမို |

Current Form

| | | | | | |
|---|---|---|---|---|---|
| အင်တာမီလန် | W(H) | W(A) | L(A) | D(H) | L(A) |
| ပါလာမို | D(H) | L(A) | W(H) | L(A) | W(H) |

ပါလာမိုက အဝေးကွင်းနောက်ဆုံး(၉)ပွဲမှာ (၇)ပွဲကဂိုးမရခဲ့ဘဲ အဝေးကွင်းနောက်ဆုံး(၆)ပွဲမှာလည်း (၄)ပွဲရှုံးခဲ့ပါတယ်။ အင်တာမီလန်က ဂျူဗင်တပ်စ်ခြေပျက်တဲ့အချိန်မှာ သူပါလိုက်ပျက်နေပြီး နောက်ဆုံး(၃)ပွဲမှာနိုင်ပွဲမရခဲ့ပါဘူး။ ဒီပွဲတော့ အင်တာမီလန်မဖြစ်မနေနိုင်ပွဲပြန်ရှာမှာဖြစ်ပါတယ်။

### နာပိုလီ နှင့် ပက်စ်ကာရာ

Current Form

| | | | | | |
|---|---|---|---|---|---|
| နာပိုလီ | L(A) | D(H) | W(A) | D(H) | W(A) |
| ပက်စ်ကာရာ | L(A) | W(H) | L(H) | L(A) | L(H) |

ဒုတိယနေရာရောက်လာတဲ့ နာပိုလီအတွက် ဒီပွဲကအခက်အခဲမရှိအနိုင်ယူမယ့်ပွဲပါ။ ပက်စ်ကာရာရဲ့အဝေးကွင်းရလဒ်ကလည်း အားရစရာလုံးဝမရှိပါဘူး။ ဂိုးပြတ်မယ့်ပွဲပါ။

### လာဇီယို နှင့် ပါးမား

| | လာဇီယိုနိုင်ပွဲ | သရေ | ပါးမားနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၆ | ၁၂ | ၁၄ |
| စုစုပေါင်း | ၁၆ | ၁၂ | ၁၄ |

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | လာဇီယို | ၁-၂ | ပါးမား |
| ၂၀၁၀-၁၁ | လာဇီယို | ၂-၀ | ပါးမား |
| ၂၀၁၁-၁၂ | လာဇီယို | ၁-၀ | ပါးမား |

Current Form

| | | | | | |
|---|---|---|---|---|---|
| လာဇီယို | D(H) | L(A) | W(H) | D(A) | W(H) |
| ပါးမား | W(H) | L(A) | D(H) | D(A) | W(H) |

လာဇီယိုက နောက်ဆုံးစီးရီးအေအိမ်ကွင်း(၁၁)ပွဲမှာ (၁)ပွဲပဲရှုံးခဲ့တဲ့အသင်းပါ။ ဒီရာသီအိမ်ကွင်း(၆)ပွဲမှာလည်း (၄)ပွဲအနိုင်ကစားထားပါတယ်။ ပါးမားကတော့ အဝေးကွင်းနောက်ဆုံး(၇)ပွဲမှာ (၁)ပွဲပဲအနိုင်ရခဲ့တဲ့အသင်းဖြစ်ပြီး ဒီပွဲလည်းလာဇီယိုအနိုင်ကစားသွားမှာပါ။

### ဆီနာ နှင့် ရိုးမား

Current Form

| | | | | | |
|---|---|---|---|---|---|
| ဆီနာ | L(A) | W(H) | D(A) | W(H) | D(A) |
| ရိုးမား | L(A) | W(H) | L(A) | W(H) | W(A) |

ဆီနာက အဝေးကွင်းညံ့ပေမယ့် အိမ်ကွင်းမှာတော့ ရလဒ်ပိုင်းမဆိုးပါဘူး။ ရိုးမားက အဝေးကွင်းနောက်ဆုံး(၃)ပွဲမှာ ပက်စ်ကာရာတစ်သင်းတည်းကို အနိုင်ရခဲ့ပါတယ်။ ရိုးမားခံစစ်က အဝေးကွင်းမှာပွဲတိုင်းလိုလို ဂိုးတွေပေးနေရပြီး ဆီနာတိုက်စစ်ကလည်း အိမ်ကွင်းဆိုရင်ဂိုးသွင်းနှုန်းကောင်းသလို ရလဒ်လည်းကောင်းပါတယ်။ ဆီနာမရှုံးနိုင်ပါဘူး။

| စီးရီးအေပွဲစဉ်(၁၄)ရလဒ်များ | စီးရီးအေပွဲစဉ်(၁၆) |
|---|---|
| ၂၅/၂၆/၂၇-၁၁-၂၀၁၂ | ၈/၉/၁၀-၁၂-၂၀၁၂ |
| ပါလာမို ၃-၁ ကာတာနီယာ | အတ္တလန်တာ - ပါးမား |
| အတ္တလန်တာ ၀-၁ ဂျီနိုအာ | ရိုးမား - ဖီအိုရင်တီးနား |
| ချီယေဗို ၀-၀ ဆီနာ | ကာဂလီယာရီ - ချီယေဗို |
| ပက်စ်ကာရာ ၀-၁ ရိုးမား | ပါလာမို - ဂျူဗင်တပ်စ် |
| ဆမ်ဒိုးရီးယား ၁-၀ ဘိုလော့ဂ်နာ | ပက်စ်ကာရာ - ဂျီနိုအာ |
| တိုရီနို ၂-၂ ဖီအိုရင်တီးနား | ဆီနာ - ကာတာနီယာ |
| အေစီမီလန် ၁-၀ ဂျူဗင်တပ်စ် | တိုရီနို - အေစီမီလန် |
| ကာဂလီယာရီ ၀-၁ နာပိုလီ | အင်တာမီလန် - နာပိုလီ |
| ပါးမား ၁-၀ အင်တာမီလန် | ဆမ်ဒိုးရီးယား - အူဒီးနီးစ် |
| လာဇီယို ၃-၀ အူဒီးနီးစ် | ဘိုလော့ဂ်နာ - လာဇီယို |

### ဘိုလော့ဂ်နာ နှင့် အတ္တလန်တာ

Current Form

| | | | | | |
|---|---|---|---|---|---|
| ဘိုလော့ဂ်နာ | L(A) | D(H) | L(A) | W(H) | L(A) |
| အတ္တလန်တာ | W(H) | W(A) | W(H) | L(A) | L(H) |

ဘိုလော့ဂ်နာမှာ ဒီယာမန်တီ၊ ဆိုရန်ဆင်၊ ဂီလာဒီနိုတို့ ခြေစွမ်းပြနေပြီး အတ္တလန်တာမှာလည်း ဒန်းနစ်၊ ဆီဂါရီနီတို့ခြေစွမ်းပြနေပါတယ်။ ဘိုလော့ဂ်နာက အိမ်ကွင်းညံ့တဲ့အသင်းဖြစ်ပြီး အတ္တလန်တာကတော့ အဝေးကွင်းရလဒ်မဆိုးပါဘူး။ သရေကျဖို့များပါတယ်။

### ဂျူဗင်တပ်စ် နှင့် တိုရီနို

Current Form

| | | | | | |
|---|---|---|---|---|---|
| ဂျူဗင်တပ်စ် | W(H) | L(A) | W(A) | D(H) | L(A) |
| တိုရီနို | D(A) | D(A) | W(H) | L(A) | D(H) |

တူရင်မြို့ခံပြိုင်ဘက်အသင်းတွေဖြစ်ပြီး ဒီနှစ်သင်းရဲ့ပွဲအများစုကဂိုးနည်းလေ့ရှိပါတယ်။ လက်ရှိအချိန်မှာလည်းနှစ်သင်းစလုံးကခံစစ်ကောင်းတဲ့အသင်းတွေလို့ဆိုနိုင်ပါတယ်။အိမ်ကွင်းမှာရာနှုန်းပြည့်နိုင်ပွဲရခဲ့ပြီးမှ နောက်ဆုံး(၂)ပွဲမှာရလဒ်မကောင်းခဲ့ပါဘူး။ ဒီပွဲလည်းအနိုင်ရဖို့များပေမယ့်ဂိုးမပြတ်ပါဘူး။

### အူဒီးနီးစ် နှင့် ကာဂလီယာရီ

Current Form

| | | | | | |
|---|---|---|---|---|---|
| အူဒီးနီးစ် | D(H) | D(A) | D(A) | D(H) | L(A) |
| ကာဂလီယာရီ | W(H) | L(A) | D(H) | D(A) | L(H) |

အူဒီးနီးစ်က စီးရီးအေနောက်ဆုံး(၄)ပွဲမှာ (၄)ပွဲဆက်သရေကစားခဲ့တဲ့ အသင်းပါ။ ကာဂလီယာရီကလည်း နောက်ဆုံး(၄)ပွဲမှာ (၂)ပွဲသရေ၊ (၂)ပွဲရှုံးနဲ့ ရလဒ်မကောင်းပါဘူး။ ဒီနှစ်သင်းရဲ့ရပ်တည်မှုက သိပ်မကွာသလို၊ ခြေစွမ်းကလည်း သိပ်မကွာပါဘူး။ သရေကျဖို့များပါတယ်။

### စီးရီးအေအမှတ်ပေးဇယား

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | အိမ်ကွင်း နိုင် | သရေ | ရှုံး | အဝေးကွင်း နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဂျူဗင်တပ်စ် | ၁၄ | ၁၀ | ၂ | ၂ | ၂၉ | ၁၀ | ၅ | ၁ | ၁ | ၅ | ၁ | ၁ | ၃၂ |
| နာပိုလီ | ၁၄ | ၉ | ၃ | ၂ | ၂၃ | ၁၁ | ၅ | ၂ | ၀ | ၄ | ၁ | ၂ | ၃၀ |
| ဖီအိုရင်တီးနား | ၁၄ | ၈ | ၄ | ၂ | ၂၅ | ၁၂ | ၆ | ၁ | ၀ | ၂ | ၃ | ၂ | ၂၈ |
| အင်တာမီလန် | ၁၄ | ၉ | ၁ | ၄ | ၂၆ | ၁၆ | ၃ | ၁ | ၂ | ၆ | ၀ | ၂ | ၂၈ |
| လာဇီယို | ၁၄ | ၈ | ၂ | ၄ | ၂၂ | ၁၇ | ၅ | ၁ | ၁ | ၃ | ၁ | ၃ | ၂၆ |
| ရိုးမား | ၁၄ | ၇ | ၂ | ၅ | ၃၁ | ၂၃ | ၃ | ၂ | ၂ | ၄ | ၀ | ၃ | ၂၃ |
| ပါးမား | ၁၄ | ၅ | ၅ | ၄ | ၁၇ | ၁၈ | ၄ | ၃ | ၀ | ၁ | ၂ | ၄ | ၂၀ |
| ကာတာနီယာ | ၁၄ | ၅ | ၄ | ၅ | ၁၈ | ၂၀ | ၅ | ၁ | ၁ | ၀ | ၃ | ၄ | ၁၉ |
| အတ္တလန်တာ | ၁၄ | ၆ | ၂ | ၆ | ၁၄ | ၂၀ | ၄ | ၀ | ၃ | ၂ | ၂ | ၃ | ၁၈ |
| အေစီမီလန် | ၁၄ | ၅ | ၃ | ၆ | ၂၁ | ၁၈ | ၄ | ၀ | ၄ | ၁ | ၃ | ၂ | ၁၈ |
| ကာဂလီယာရီ | ၁၄ | ၄ | ၄ | ၆ | ၁၃ | ၂၀ | ၂ | ၂ | ၃ | ၂ | ၂ | ၃ | ၁၆ |
| အူဒီးနီးစ် | ၁၄ | ၃ | ၇ | ၄ | ၁၈ | ၂၃ | ၂ | ၃ | ၁ | ၁ | ၄ | ၃ | ၁၆ |
| ဆမ်ဒိုးရီးယား | ၁၄ | ၅ | ၂ | ၇ | ၁၇ | ၁၉ | ၃ | ၁ | ၃ | ၂ | ၁ | ၄ | ၁၆ |
| တိုရီနို | ၁၄ | ၃ | ၇ | ၄ | ၁၅ | ၁၄ | ၂ | ၂ | ၃ | ၁ | ၅ | ၁ | ၁၅ |
| ပါလာမို | ၁၄ | ၃ | ၅ | ၆ | ၁၄ | ၂၁ | ၃ | ၃ | ၁ | ၀ | ၂ | ၅ | ၁၄ |
| ဂျီနိုအာ | ၁၄ | ၃ | ၃ | ၈ | ၁၄ | ၂၂ | ၁ | ၂ | ၄ | ၂ | ၁ | ၄ | ၁၂ |
| ချီယေဗို | ၁၄ | ၃ | ၃ | ၈ | ၁၃ | ၂၅ | ၃ | ၃ | ၂ | ၀ | ၀ | ၆ | ၁၂ |
| ဘိုလော့ဂ်နာ | ၁၄ | ၃ | ၂ | ၉ | ၁၅ | ၁၉ | ၂ | ၂ | ၂ | ၁ | ၀ | ၇ | ၁၁ |
| ဆီနာ | ၁၄ | ၄ | ၅ | ၅ | ၁၃ | ၁၄ | ၃ | ၃ | ၁ | ၁ | ၂ | ၄ | ၁၁ |
| ပက်စ်ကာရာ | ၁၄ | ၃ | ၂ | ၉ | ၉ | ၂၅ | ၂ | ၁ | ၅ | ၁ | ၁ | ၄ | ၁၁ |

*၂၀၁၁ လုပ်ပွဲအရှုပ်အထွေးကြောင့် ဆမ်ဒိုးရီးယားနှင့် တိုရီနို (၁)မှတ်၊ အတ္တလန်တာ (၂)မှတ်၊ ဆီနာ (၆)မှတ်လျှော့ခံထားရသည်။

လာလီဂါမှာတော့ ဘာစီလိုနာအတော်လေးကို သက်သောင့်သက်သာဖြစ်သွားခဲ့ပါပြီ။ အက်သလက်တီကိုကို (၃)မှတ်၊ ရီးယဲယ်မက်ဒရစ်ကို (၁၁)မှတ်ထိဖြတ်ထားနိုင်ပြီဖြစ်တဲ့ ဘာစီလိုနာဟာ ချန်ပီယံဆုအတွက် ပုံမှန်ထိန်းကစားသွားနိုင်ဖို့ပဲလိုတော့တယ်။ အသင်းအပေါ်မှာ ဖိအားသိပ်မရှိတော့ဘူး။ ဒီတစ်ပတ်မှာလည်း ဘာစီလိုနာက အိမ်ကွင်းမှာဘီလ်ဘာအိုလို အသင်းမျိုးနဲ့ ကစားရမယ့် အချိန်မှာ အဆင့်(၂)နဲ့ (၃)မှာရှိနေကြတဲ့ အက်သလက်တီကိုနဲ့ ရီးယဲယ်မက်ဒရစ်အသင်းတွေက မက်ဒရစ်ဒါဘီပွဲအဖြစ် အချင်းချင်းထိပ်တိုက်တွေ့နေကြလို့ ဘာစီလိုနာအတွက် ဘီလ်ဘာအိုကိုအနိုင်ရထားဦးမယ်ဆိုရင် နောက်ထပ်အခွင့်အရေးကောင်းတစ်ခုကို ပိုင်ဆိုင်ခွင့်ရသွားဦးမယ့်ပုံပါပဲ။

# တိုက်စစ်ချင်းအားပြိုင်ကြမယ့် မက်ဒရစ်ဒါဘီ

## လာ လီ ဂါ ပွဲ စဉ် (၁၄) အ ကြို သုံး သပ် ချက်

| လာလီဂါပွဲစဉ်(၁၃)ရလဒ်များ | စီးရီးအေပွဲစဉ်(၁၅) |
|---|---|
| ၂၄/၂၅/၂၆-၁၁-၂၀၁၂ | ၈/၉/၁၀-၁၂-၂၀၁၂ |
| ဆိုစီဒက် ၀-၀ အိုဆာဆူနာ | အိုဆာဆူနာ - ဗလင်စီယာ |
| ဗယ်လက်ကာနို ၂-၀ မာယော့ကာ | ဆိုစီဒက် - ဂီတာဖေး |
| ဗယ်လာဒိုလစ် ၁-၀ ဂရန်နာဒါ | မာလာဂါ - ဂရန်နာဒါ |
| အက်စ်ပန်ညို ၀-၂ ဂီတာဖေး | အက်စ်ပန်ညို - ဆီဗီလာ |
| ဘီလ်ဘာအို ၁-၁ ဒီပို့တီဗို | ဗယ်လာဒိုလစ် - ရီးယဲယ် |
| ဘက်တစ် ၁-၀ ရီးယဲယ် | လီဗန်တေး - မာယော့ကာ |
| အက်သလက်တီကို ၄-၀ ဆီဗီလာ | ဘီလ်ဘာအို - ဆယ်လ်တာဗီဂို |
| မာလာဂါ ၄-၀ ဗလင်စီယာ | အက်သလက်တီကို - ဒီပို့တီဗို |
| လီဗန်တေး ၀-၄ ဘာစီလိုနာ | ဘက်တစ် - ဘာစီလိုနာ |
| ဇာရာဂိုဇာ ၀-၁ ဆယ်လ်တာဗီဂို | ဗယ်လက်ကာနို - ဇာရာဂိုဇာ |



ယမန်နှစ်ဆုံတွေ့ခဲ့စဉ်က အက်သလက်တီကိုအသင်းဘက်သို့ ဖရီးကစ်ကန်သွင်းနေသည့် စီရော်နယ်လ်ဒို

### ရီးယဲယ်မက်ဒရစ် နှင့် အက်သလက်တီကို

| | ရီးယဲယ်မက်ဒရစ်နိုင်ပွဲ | သရေ | အက်သလက်တီကိုနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂၃ | ၉ | ၂ |
| စုစုပေါင်း | ၂၇ | ၉ | ၃ |

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ရီးယဲယ်မက်ဒရစ် | ၃-၂ | အက်သလက်တီကို |
| ၂၀၁၀-၁၁ | ရီးယဲယ်မက်ဒရစ် | ၂-၀ | အက်သလက်တီကို |
| ၂၀၁၁-၁၂ | ရီးယဲယ်မက်ဒရစ် | ၄-၁ | အက်သလက်တီကို |

Current Form

| | | | | | |
|---|---|---|---|---|---|
| ရီးယဲယ်မက်ဒရစ် | W(A) | W(H) | W(A) | W(H) | L(A) |
| အက်သလက်တီကို | W(H) | L(A) | W(H) | W(A) | W(H) |

ရီးယဲယ်လည်း လာလီဂါဘက်ကို စိတ်လျှော့လောက်ပါပြီ။ ဒါပေမယ့် မြို့ခံပြိုင်ဘက်အက်သလက်တီကိုရဲ့အောက်မှာတော့ ရပ်တည်ပြချင်တဲ့စိတ်ရှိမယ့်ပုံမပေါ်ပါဘူး။ ဒါကြောင့် ခုပွဲမှာတော့ ရီးယဲယ်ဖိအားမရှိတော့ဘဲ အေးအေးဆေးဆေးနဲ့ အနိုင်ရအောင်အားထုတ်ဖို့များနေတယ်။ အက်သလက်တီကိုကလည်း ရီးယဲယ်ကိုယ်စား ဘာစီလိုနာကိုဖိအားပေးနိုင်ဖို့ ကြိုးစားနိုင်ပေမယ့် အသင်းရဲ့လက်ရှိခြေစွမ်းနဲ့ အင်အားအရတော့ ပါဝါတူအသင်းမျိုးတွေနဲ့တွေ့ရင်တောင် ထိန်းမကစားနိုင်သေးတာကို ဗလင်စီယာကို (၂-၀)ဂိုးနဲ့ရှုံးခဲ့တာကပြနေတယ်။ အခုလည်းကစားရမှာက ဘာနေဗျူးမှာဖြစ်နေတဲ့အပြင် အစဉ်အလာတွေအရလည်းအက်သလက်တီကိုဟာ ရီးယဲယ်ကိုယှဉ်နိုင်စွမ်းသိပ်မရှိလှလို့ အခုပွဲမှာလည်းရီးယဲယ်ကို ထိရောက်တဲ့ ဖိအားပေးမှုမျိုးလုပ်နိုင်ဦးမယ်မထင်ပါဘူး။ သိက္ခာတရားအတွက် ရီးယဲယ်ပဲအနိုင်ကစားသွားပါလိမ့်မယ်။ ဂိုးလည်းများနိုင်တဲ့ပွဲပါပဲ။

### အိုဆာဆူနာ နှင့် ဗယ်လက်ကာနို

Current Form

| | | | | | |
|---|---|---|---|---|---|
| အိုဆာဆူနာ | L(A) | L(H) | W(A) | D(H) | D(A) |
| ဗယ်လက်ကာနို | L(H) | W(A) | W(H) | L(A) | W(H) |

အခုနောက်ပိုင်း အိုဆာဆူနာကစားပုံပြန်ကောင်းလာနေတယ်။ အထူးသဖြင့်ခံစစ်ပိုင်းကလုံခြုံမှုပိုရှိလာနေတယ်။ ဗယ်လက်ကာနိုကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပုံမှန်မရသေးတဲ့အသင်းမျိုးဖြစ်လို့ အိုဆာဆူနာအတွက် မျှော်လင့်ချင်စရာတော့ကောင်းနေတယ်။ ဒါပေမယ့် အိုဆာဆူနာရဲ့တိုက်စစ်ပိုင်းကတော့ နောက်ဆုံး(၄)ပွဲမှာ (၁)ပွဲပဲဂိုးရအောင်သွင်းထားနိုင်လို့ သတိတော့ထားရဖို့ရှိပေမယ့် အိမ်ကွင်းမှာတော့ အိုဆာဆူနာအမှားမရှိအောင်ကစားသွားဖို့များနေတယ်။ အိုဆာဆူနာနဲ့ ဂိုးအနည်းပဲကောင်းမယ်။

### ဗလင်စီယာ နှင့် ဆိုစီဒက်

Current Form

| | | | | | |
|---|---|---|---|---|---|
| ဗလင်စီယာ | L(A) | W(H) | D(A) | W(H) | L(A) |
| ဆိုစီဒက် | D(A) | L(H) | W(A) | W(H) | D(H) |

ဗလင်စီယာအိမ်ကွင်းမှာတော့ စိတ်ချရပါတယ်။ ပွဲပယ်ပြစ်ဒဏ်အချို့ရှိနေပေမယ့် ဗလင်စီယာဟာ အိမ်ကွင်းမှာအမှတ်ရအောင်ရှာနေတဲ့အသင်းမျိုးဖြစ်လို့အဝေးကွင်းအားနည်းတဲ့ ဆိုစီဒက်အနေနဲ့ဗလင်စီယာရဲ့အိမ်ကွင်းအားကိုယှဉ်နိုင်ဖို့ သိပ်မရှိလှပါဘူး။ ဗလင်စီယာနဲ့ဂိုးအနည်းပဲရွေးထားချင်တယ်။

### ဘာစီလိုနာ နှင့် ဘီလ်ဘာအို

Current Form

| | | | | | |
|---|---|---|---|---|---|
| ဘာစီလိုနာ | W(A) | W(H) | W(A) | W(H) | W(A) |
| ဘီလ်ဘာအို | L(H) | W(A) | W(H) | L(A) | D(H) |

ဘာစီလိုနာဒီပွဲကိုတော့ သေချာပေါက်အနိုင်ကစားထားမှာပါ။ ဘီလ်ဘာအိုရဲ့ လက်ရှိခြေစွမ်း၊ အဝေးကွင်းကစားအားနဲ့ ခံစစ်အားပျော့မှုတွေကလည်း ဘာစီလိုနာကိုဘယ်လိုမှ ထိန်းနိုင်မယ့်အနေအထားမျိုးမှာ မရှိပါဘူး။ ဒါကြောင့် ခုပွဲဟာ ဘာစီလိုနာဂိုးပြတ်၊ မပြတ်ကလွဲပြီး တခြားစဉ်းစားစရာမရှိပါဘူး။ မက်ဆီရဲ့စံချိန်ချိုးဖို့ ဆန္ဒပြင်းပြနေချိန်ဖြစ်လို့ ဘာစီလိုနာနဲ့ ဂိုးအများပဲရွေးထားရမယ်။

### ဂရန်နာဒါ နှင့် အက်စ်ပန်ညို

Current Form

| | | | | | |
|---|---|---|---|---|---|
| ဂရန်နာဒါ | L(A) | L(H) | W(A) | L(H) | L(A) |
| အက်စ်ပန်ညို | D(H) | W(A) | L(H) | L(A) | L(H) |

အက်စ်ပန်ညိုခုထိခြေမှန်မဖမ်းနိုင်သေးဘူး။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းအားမမှန်ဘဲဖြစ်နေလို့ ခံစစ်အားလျော့မှုကို ပြန်ထေနိုင်မယ့် အင်အားမျိုးမရှိဘူးဖြစ်နေတယ်။ ဂရန်နာဒါကလည်း အိမ်ကွင်းဆို မာမာကျောကျောနဲ့ ကစားတတ်ပြီး အက်စ်ပန်ညိုထက်လည်း စိတ်ဓာတ်ကောင်းတဲ့အသင်းမျိုးဖြစ်လို့ ဒီပွဲမှာဂရန်နာဒါကိုပဲပိုကြိုက်နေမိတယ်။ ဂိုးလည်းနည်းနိုင်တယ်။

### မာယော့ကာ နှင့် ဇာရာဂိုဇာ

Current Form

| | | | | | |
|---|---|---|---|---|---|
| မာယော့ကာ | L(H) | L(A) | L(H) | D(A) | L(A) |
| ဇာရာဂိုဇာ | W(H) | L(A) | W(H) | L(A) | L(H) |

မာယော့ကာပြန်လာရတော့မယ့် အချိန်မျိုးရောက်နေပါပြီ။ ခုနောက်ပိုင်းလည်း မာယော့ကာရဲ့အိမ်ကွင်းကစားပုံပြန်တည်ငြိမ်စပြုလာနေပြီဖြစ်လို့ ဒီတစ်ပွဲတော့မာယော့ကာအမှတ်ထပ်ဖြုန်းတော့မယ်မထင်ဘူး။ ဇာရာဂိုဇာရဲ့အဝေးကွင်းကစားပုံကလည်း အားရစရာမရှိလှလို့ မာယော့ကာနဲ့ဂိုးအများပဲရွေးထားလိုက်တယ်။

### ဆီဗီလာ နှင့် ဗယ်လာဒိုလစ်

Current Form

| | | | | | |
|---|---|---|---|---|---|
| ဆီဗီလာ | L(A) | D(H) | L(A) | W(H) | L(A) |
| ဗယ်လာဒိုလစ် | D(H) | W(A) | D(H) | L(A) | W(H) |

ဆီဗီလာကတော့ ဂိုးပြတ်နိုင်လိုက်၊ ဂိုးပြတ်ပြန်ရှုံးလိုက်နဲ့ ခြေစွမ်းအားဖြင့်တည်ငြိမ်မှုမရသေးပါဘူး။ ဒါပေမယ့်အိမ်ကွင်းဆိုရင်တော့ ပိုဂရုစိုက်ကစားနေပြီး တိုက်စစ်ကလည်း ဂိုးရတတ်တယ်။ ဗယ်လာဒိုလစ်ကတော့ အဝေးကွင်းဆို သရေထိန်းကစားနိုင်ဖို့ပဲ ကြိုးစားတတ်တယ်။ တိုက်စစ်ပိုင်းကလည်း အဝေးကွင်းမှာဂိုးရဖို့ခက်တတ်လို့ အိမ်ကွင်းမှာအမှတ်ရဖို့ပိုအားပြုကစားနေတဲ့ ဆီဗီလာကိုပြန်ခြိမ်းခြောက်နိုင်ဖို့သိပ်မလွယ်လှပါဘူး။ ဆီဗီလာနဲ့ ဂိုးအနည်းပဲကြိုက်တယ်။

### ဂီတာဖေး နှင့် မာလာဂါ

Current Form

| | | | | | |
|---|---|---|---|---|---|
| ဂီတာဖေး | W(A) | L(H) | L(A) | W(H) | W(A) |
| မာလာဂါ | D(A) | L(H) | L(H) | D(A) | W(H) |

(၂)ပွဲဆက်အနိုင်ရထားပေမယ့် ဂီတာဖေးရဲ့ကစားပုံကို စိတ်ချထားလို့မရသေးပါဘူး။ ဂီတာဖေးဟာလာလီဂါအသင်းတွေထဲမှာခြေစွမ်းအတက်အကျမြန်တတ်တဲ့အသင်းတစ်သင်းလို့ပြောနိုင်တယ်။ အိမ်ကွင်းနောက်ဆုံး(၃)ပွဲမှာလည်း ဗယ်လာဒိုလစ်ကိုပဲ နိုင်ထားပြီး ဘက်တစ်နဲ့လီဗန်တေးကိုရှုံးထားလို့ ထိပ်ပိုင်းရောက်အသင်းတွေနဲ့တွေ့ရင် ဂီတာဖေးမယှဉ်နိုင်သေးကြောင်းပြနေတယ်။ မာလာဂါကလည်း ချန်ပီယံလိဂ်မှာ သေချာမှုတစ်ခုယူထားနိုင်ပြီဖြစ်လို့ လာလီဂါဘက်ကိုပြန်အာရုံစိုက်လာနိုင်တယ်။ ဒါပေမယ့် မာလာဂါရဲ့အဝေးကွင်းတိုက်စစ်ကစားပုံက ဂိုးရဖို့ခက်တတ်တာမျိုးတော့ရှိနေတယ်။ ဒီတော့ခုပွဲမှာ ဂီတာဖေးရဲ့ ခံစစ်ပိုင်းတည်ငြိမ်မှုရှိ၊ မရှိကိုထည့်တွက်ရတော့မယ်။ ဂီတာဖေးကလည်း အိမ်ကွင်းပွဲတိုင်းနီးပါးဂိုးပေးနေရတဲ့ အသင်းမျိုးဖြစ်လို့ သိပ်စိတ်ချထားလို့မရပါဘူး။ ဒါကြောင့် မာလာဂါနဲ့ဂိုးအများပဲ ရွေးထားမိတယ်။

### ဒီပို့တီဗို နှင့် ဘက်တစ်

Current Form

| | | | | | |
|---|---|---|---|---|---|
| ဒီပို့တီဗို | D(A) | W(H) | L(A) | L(H) | D(A) |
| ဘက်တစ် | W(H) | W(A) | L(H) | L(A) | W(H) |

ခုတလော ဘက်တစ်ခြေစွမ်းကမှန်းရခက်နေပြန်တယ်။ ရှုံးလိုက်၊ နိုင်လိုက်နဲ့တစ်လှည့်စီသွားနေတဲ့ ဘက်တစ်ကစားပုံနဲ့ အသင်းလိုက်ကစားအားကတော့ ဒီပို့ကိုခြိမ်းခြောက်နိုင်စွမ်းရှိပါတယ်။ ဒါပေမယ့် ဒီပို့တီဗိုကလည်း အိမ်ရှင်အားနဲ့ကစားနေပြီးအိမ်ကွင်းကစားပုံလည်းမဆိုးလှဘူး။ အသင်းမှာလည်းအတွေ့အကြုံရှိသူတွေများလို့ဘက်တစ်ကိုလည်း အိမ်ကွင်းမှာအတွေ့အကြုံနဲ့ပဲ ထိန်းကစားသွားဦးမယ်ထင်တယ်။ သရေကျဖို့များပြီး နိုင်ရင်တော့ ဒီပို့ပဲဖြစ်သွားနိုင်တယ်။ ဂိုးတော့နည်းမယ့်ပွဲမျိုးလို့ထင်တယ်။

### ဆယ်လ်တာဗီဂို နှင့် လီဗန်တေး

Current Form

| | | | | | |
|---|---|---|---|---|---|
| ဆယ်လ်တာဗီဂို | D(H) | L(A) | L(A) | D(H) | W(A) |
| လီဗန်တေး | W(H) | D(A) | L(H) | W(A) | L(H) |

ဆယ်လ်တာဗီဂို အခုနောက်ပိုင်း ရုန်းကန်နေရသလို ခံစစ်ကစားပုံလည်း လျော့နေတယ်။ လီဗန်တေးကတော့ခြေမှန်ပြီး ကစားပုံမာကျောတဲ့အပြင် အတွေ့အကြုံလည်းပိုများတယ်။ ဆယ်လ်တာဗီဂိုရဲ့ ဂယ်လီစီယန်ပြိုင်ဘက်ဒီပို့တီဗိုကို တောင်အဝေးကွင်းမှာ အနိုင်ယူပြခဲ့တဲ့ လီဗန်တေးအတွက် အခုတလောကစားပုံကျနေတဲ့ ဆယ်လ်တာဗီဂိုကိုလည်း ဖိအားပေးကစားနိုင်ဖို့ အခွင့်အရေးရှိဦးမှာပါပဲ။ လီဗန်တေးနဲ့ဂိုးအနည်းပဲကောင်းမယ်ထင်တယ်။

### လာလီဂါအမှတ်ပေးဇယား

| အသင်း | ပွဲ | စုစုပေါင်း နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | အိမ်ကွင်း နိုင် | သရေ | ရှုံး | အဝေးကွင်း နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘာစီလိုနာ | ၁၃ | ၁၁ | ၂ | ၀ | ၄၃ | ၁၅ | ၅ | ၁ | ၀ | ၇ | ၀ | ၀ | ၃၇ |
| အက်သလက်တီကို | ၁၃ | ၁၁ | ၁ | ၁ | ၂၉ | ၁၁ | ၇ | ၀ | ၀ | ၄ | ၁ | ၁ | ၃၄ |
| ရီးယဲယ်မက်ဒရစ် | ၁၃ | ၈ | ၂ | ၃ | ၃၂ | ၁၀ | ၅ | ၁ | ၀ | ၃ | ၁ | ၃ | ၂၆ |
| မာလာဂါ | ၁၃ | ၆ | ၄ | ၃ | ၁၉ | ၉ | ၄ | ၁ | ၂ | ၂ | ၃ | ၁ | ၂၂ |
| ဘက်တစ် | ၁၃ | ၇ | ၁ | ၅ | ၂၀ | ၂၂ | ၄ | ၀ | ၃ | ၃ | ၁ | ၂ | ၂၂ |
| လီဗန်တေး | ၁၃ | ၆ | ၃ | ၄ | ၁၅ | ၂၀ | ၄ | ၁ | ၂ | ၂ | ၁ | ၃ | ၂၁ |
| ဂီတာဖေး | ၁၃ | ၆ | ၁ | ၆ | ၁၆ | ၁၉ | ၃ | ၀ | ၃ | ၃ | ၁ | ၃ | ၁၉ |
| ဗယ်လက်ကာနို | ၁၃ | ၆ | ၁ | ၆ | ၁၈ | ၂၉ | ၄ | ၁ | ၂ | ၂ | ၀ | ၄ | ၁၉ |
| ဗယ်လာဒိုလစ် | ၁၃ | ၅ | ၃ | ၅ | ၁၈ | ၁၄ | ၃ | ၃ | ၁ | ၂ | ၀ | ၄ | ၁၈ |
| ဆီဗီလာ | ၁၃ | ၅ | ၃ | ၅ | ၁၈ | ၁၈ | ၄ | ၁ | ၁ | ၁ | ၂ | ၄ | ၁၈ |
| ဗလင်စီယာ | ၁၃ | ၅ | ၃ | ၅ | ၁၆ | ၁၈ | ၅ | ၁ | ၀ | ၀ | ၂ | ၅ | ၁၈ |
| ဆိုစီဒက် | ၁၃ | ၅ | ၂ | ၆ | ၁၆ | ၁၆ | ၄ | ၁ | ၂ | ၁ | ၁ | ၄ | ၁၇ |
| ဇာရာဂိုဇာ | ၁၃ | ၅ | ၀ | ၈ | ၁၅ | ၂၂ | ၃ | ၀ | ၄ | ၂ | ၀ | ၄ | ၁၅ |
| ဘီလ်ဘာအို | ၁၃ | ၄ | ၃ | ၆ | ၁၈ | ၂၇ | ၃ | ၂ | ၂ | ၁ | ၁ | ၄ | ၁၅ |
| ဆယ်လ်တာဗီဂို | ၁၃ | ၄ | ၂ | ၇ | ၁၅ | ၁၈ | ၃ | ၂ | ၁ | ၁ | ၀ | ၆ | ၁၄ |
| မာယော့ကာ | ၁၃ | ၃ | ၃ | ၇ | ၁၃ | ၂၂ | ၃ | ၀ | ၃ | ၀ | ၃ | ၄ | ၁၂ |
| ဒီပို့တီဗို | ၁၃ | ၂ | ၅ | ၆ | ၁၉ | ၂၈ | ၂ | ၁ | ၃ | ၀ | ၄ | ၃ | ၁၁ |
| ဂရန်နာဒါ | ၁၃ | ၃ | ၂ | ၈ | ၁၁ | ၂၀ | ၁ | ၂ | ၃ | ၂ | ၀ | ၅ | ၁၁ |
| အိုဆာဆူနာ | ၁၃ | ၂ | ၄ | ၇ | ၁၁ | ၁၅ | ၁ | ၃ | ၂ | ၁ | ၁ | ၅ | ၁၀ |
| အက်စ်ပန်ညို | ၁၃ | ၂ | ၃ | ၈ | ၁၃ | ၂၂ | ၁ | ၂ | ၄ | ၁ | ၁ | ၄ | ၉ |

*ဒီတစ်ပတ်ဘွန်ဒစ်လီဂါပွဲစဉ်တွေကိုကြည့်ရင် ကြားပွဲတွေကန်ထားကြတာကြောင့် အသင်းအတော်များများ ပွဲပန်းတဲ့ဒဏ်တွေကို ခံထားရဖို့ရှိပါတယ်။ ဘေယန်မြူးနစ်၊ မိုချန်ဂလာဘတ်၊ ဟော်ဖန်ဟင်မ်၊ ဝုလ်ဖ်ဘတ်တို့ကတော့ ဒီတစ်ပတ်ရုန်းကန်ရမှာဖြစ်ပြီး လေဗာကူဆင်၊ စတုဂတ်တို့ကတော့ အခြေအနေကောင်းပါလိမ့်မယ်။*

# လေဗာကူဆင်၊ စတုဂတ်တို့ အခြေအနေကောင်းမယ့်

## ဘွန် ဒစ် လီ ဂါ ပွဲ စဉ် (၁၅) အ ကြို သုံး သပ် ချက်



ပြီးခဲ့သည့်ရာသီက ဘေယန်မြူးနစ်ကွင်းတွင် ဘေယန်မြူးနစ်နှင့် ဒေါ့မွန်တို့ တွေ့ဆုံခဲ့စဉ် (ယင်းပွဲတွင် ဒေါ့မွန်က ၁-၀ ဂိုးဖြင့် အနိုင်ရခဲ့သည်)

### ဘေယန်မြူးနစ် နှင့် ဒေါ့မွန်

| | ဘေယန်မြူးနစ်နိုင်ပွဲ | သရေ | ဒေါ့မွန်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၈ | ၂၆ | ၂၂ |
| စုစုပေါင်း | ၄၀ | ၂၇ | ၂၆ |

*အိမ်ကွင်းတွင် နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု*

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ဘေယန်မြူးနစ် | ၃-၁ | ဒေါ့မွန် |
| ၂၀၁၀-၁၁ | ဘေယန်မြူးနစ် | ၁-၃ | ဒေါ့မွန် |
| ၂၀၁၁-၁၂ | ဘေယန်မြူးနစ် | ၀-၁ | ဒေါ့မွန် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဘေယန်မြူးနစ် | W(A) | W(H) | D(A) | W(H) | -(A) |
| ဒေါ့မွန် | D(H) | W(A) | W(H) | W(A) | -(H) |

ဘေယန်မြူးနစ်က အိမ်ကွင်းမှာပြီးခဲ့တဲ့(၂)ရာသီဆက်တိုက် ဒေါ့မွန်ကို ရှုံးနိမ့်ထားတာကတော့ အံ့ဩစရာပါပဲ။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ဘေယန်မရှုံးတော့ပါဘူး။

### အော့စ်ဘတ် နှင့် ဖရိုင်းဘတ်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| အော့စ်ဘတ် | L(A) | L(H) | L(A) | D(H) | -(A) |
| ဖရိုင်းဘတ် | D(A) | D(H) | W(A) | W(H) | -(H) |

ထိပ်တိုက်တွေ့ဆုံမှုမှာ ဖရိုင်းဘတ်တို့အသာရထားပါတယ်။ ဖရိုင်းဘတ်ရဲ့ ဒီရာသီအဝေးကွင်းရလဒ်ကလည်း မဆိုးပါဘူး။ အိမ်ကွင်းဆိုပေမယ့် အော့စ်ဘတ်သရေထက်မပိုပါဘူး။

### ဂရေသာဖက်သ် နှင့် စတုဂတ်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဂရေသာဖက်သ် | D(A) | L(H) | L(A) | D(H) | -(A) |
| စတုဂတ် | D(A) | L(H) | W(A) | L(A) | -(H) |

ဒီရာသီမှာ ဂရေသာဖက်သ်တို့ အိမ်ကွင်းနိုင်ပွဲမရသေးပါဘူး။ စတုဂတ်ရဲ့အဝေးကွင်းရလဒ်ကလည်းမဆိုးပါဘူး။ အဝေးကွင်းဆိုပေမယ့် စတုဂတ်အနိုင်သေချာပါတယ်။

### မိန့်ဇ် နှင့် ဟန်နိုဗာ

| | မိန့်ဇ်နိုင်ပွဲ | သရေ | ဟန်နိုဗာနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂ | ၅ | ၅ |
| စုစုပေါင်း | ၁၀ | ၈ | ၁၁ |

*အိမ်ကွင်းတွင် နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု*

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | မိန့်ဇ် | ၁-၀ | ဟန်နိုဗာ |
| ၂၀၁၀-၁၁ | မိန့်ဇ် | ၀-၁ | ဟန်နိုဗာ |
| ၂၀၁၁-၁၂ | မိန့်ဇ် | ၁-၁ | ဟန်နိုဗာ |

### ပွဲစဉ်(၁၆)

၇/၈/၉-၁၂-၂၀၁၂

| | | |
|---|---|---|
| ဒေါ့မွန် | - | ဝုလ်ဖ်ဘတ် |
| မိုချန်ဂလာဘတ် | - | မိန့်ဇ် |
| စတုဂတ် | - | ရှော်လ်ကာ |
| ဟန်နိုဗာ | - | လေဗာကူဆင် |
| နုရင်ဘတ် | - | ဒက်ဆယ်ဒေါ့ဖ် |
| ဖရိုင်းဘတ် | - | ဂရေသာဖက်သ် |
| အော့စ်ဘတ် | - | ဘေယန်မြူးနစ် |
| ဟမ်းဘတ် | - | ဟော်ဖန်ဟင်မ် |
| ဖရန့်ဖတ် | - | ဝါဒါဘရီမင် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| မိန့်ဇ် | L(A) | W(H) | L(A) | L(H) | -(A) |
| ဟန်နိုဗာ | W(H) | W(A) | L(H) | L(A) | -(H) |

ဒီရာသီမှာ မိန့်ဇ်တို့ အိမ်ကွင်းကစားပုံကောင်းပါတယ်။ ဟန်နိုဗာကတော့ အဝေးကွင်းဆိုရင် ရလဒ်ကောင်းလေ့မရှိပါဘူး။ ဟန်နိုဗာအမြင့်ဆုံးမျှော်မှန်းနိုင်မှာသရေပါ။

### လေဗာကူဆင် နှင့် နုရင်ဘတ်

| | လေဗာကူဆင်နိုင်ပွဲ | သရေ | နုရင်ဘတ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂၁ | ၁၃ | ၁၂ |
| စုစုပေါင်း | ၂၁ | ၁၃ | ၁၂ |

*အိမ်ကွင်းတွင် နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု*

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | လေဗာကူဆင် | ၄-၀ | နုရင်ဘတ် |
| ၂၀၁၀-၁၁ | လေဗာကူဆင် | ၀-၀ | နုရင်ဘတ် |
| ၂၀၁၁-၁၂ | လေဗာကူဆင် | ၀-၃ | နုရင်ဘတ် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| လေဗာကူဆင် | W(H) | L(A) | W(H) | W(A) | -(A) |
| နုရင်ဘတ် | W(H) | L(A) | D(H) | D(A) | -(H) |

ဒီရာသီမှာ လေဗာကူဆင်တို့ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ နုရင်ဘတ်ရဲ့အဝေးကွင်းရလဒ်ကလည်းညံ့ပါတယ်။ လေဗာကူဆင်အနိုင်သေချာပါတယ်။

### ဟော်ဖန်ဟင်မ် နှင့် ဝါဒါဘရီမင်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဟော်ဖန်ဟင်မ် | W(H) | D(A) | L(H) | L(H) | -(A) |
| ဝါဒါဘရီမင် | W(H) | L(A) | W(H) | D(A) | -(H) |

ထိပ်တိုက်တွေ့ဆုံမှုမှာ ဝါဒါဘရီမင်တို့ အသာရထားပါတယ်။ ဒါပေမဲ့ ဝါဒါဘရီမင်ရဲ့အဝေးကွင်းရလဒ်က ညံ့ပါတယ်။ ဟော်ဖန်ဟင်မ်ရှုံးဖို့မဖြစ်နိုင်ပါဘူး။

### ဝုလ်ဖ်ဘတ် နှင့် ဟမ်းဘတ်

| | ဝုလ်ဖ်ဘတ်နိုင်ပွဲ | သရေ | ဟမ်းဘတ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၁ | ၁၀ | ၉ |
| စုစုပေါင်း | ၁၂ | ၁၀ | ၉ |

*အိမ်ကွင်းတွင် နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု*

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ဝုလ်ဖ်ဘတ် | ၂-၄ | ဟမ်းဘတ် |
| ၂၀၁၀-၁၁ | ဝုလ်ဖ်ဘတ် | ၀-၁ | ဟမ်းဘတ် |
| ၂၀၁၁-၁၂ | ဝုလ်ဖ်ဘတ် | ၂-၁ | ဟမ်းဘတ် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဝုလ်ဖ်ဘတ် | L(A) | W(H) | W(A) | D(H) | -(A) |
| ဟမ်းဘတ် | L(H) | D(A) | W(H) | L(A) | -(H) |

ထိပ်တိုက်တွေ့ဆုံမှုမှာ ရလဒ်ပိုင်းမကွာပေမယ့် ဝုလ်ဖ်ဘတ်ကွင်းမှာဆိုရင် ဟမ်းဘတ်တို့ ရုန်းကန်ရလေ့ရှိပါတယ်။ ဒါပေမဲ့ ဒီရာသီဝုလ်ဖ်ဘတ်ရဲ့အိမ်ကွင်းရလဒ်ကသိပ်အကောင်းကြီးမဟုတ်ပါဘူး။ အဝေးကွင်းဆိုပေမယ့် ဟမ်းဘတ်မရှုံးပါဘူး။

### ဒက်ဆယ်ဒေါ့ဖ် နှင့် ဖရန့်ဖတ်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဒက်ဆယ်ဒေါ့ဖ် | L(A) | D(H) | L(A) | W(H) | -(A) |
| ဖရန့်ဖတ် | D(H) | L(A) | W(H) | D(A) | -(H) |

အိမ်ကွင်းဆိုပေမယ့် ဒက်ဆယ်ဒေါ့ဖ်တို့ အနိုင်အတွက် ရုန်းကန်ရမှာပါ။ ဒီရာသီဒက်ဆယ်ဒေါ့ဖ်ရဲ့အိမ်ကွင်းရလဒ်ကလည်း မကောင်းပါဘူး။ ဖရန့်ဖတ်အနိုင်ပါ။

### ရှော်လ်ကာ နှင့် မိုချန်ဂလာဘတ်

| | ရှော်လ်ကာနိုင်ပွဲ | သရေ | မိုချန်ဂလာဘတ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂၃ | ၂၄ | ၃၁ |
| စုစုပေါင်း | ၂၃ | ၂၄ | ၃၂ |

*အိမ်ကွင်းတွင် နောက်ဆုံး(၃)ကြိမ်တွေ့ဆုံမှု*

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ရှော်လ်ကာ | ၃-၁ | မိုချန်ဂလာဘတ် |
| ၂၀၁၀-၁၁ | ရှော်လ်ကာ | ၂-၂ | မိုချန်ဂလာဘတ် |
| ၂၀၁၁-၁၂ | ရှော်လ်ကာ | ၁-၀ | မိုချန်ဂလာဘတ် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ရှော်လ်ကာ | L(A) | W(H) | L(A) | D(H) | -(A) |
| မိုချန်ဂလာဘတ် | D(H) | W(A) | L(H) | D(A) | -(H) |

ထိပ်တိုက်တွေ့ဆုံမှုမှာ မိုချန်တို့ အသာရထားပေမယ့် ရှော်လ်ကာကွင်းမှာဆိုရင် ရုန်းကန်ရတတ်ပါတယ်။ မိုချန်ဂလာဘတ် အမြင့်ဆုံးမျှော်မှန်းနိုင်မှာသရေပါ။

(-)များသည် ပွဲစဉ်(၁၄)ရလဒ်များဖြစ်ပြီး အမှတ်ပေးဇယားကိုစာမျက်နှာ(၁၅)တွင်ဖော်ပြထားပါသည်။

*ဒီတစ်ပတ် ပြင်သစ်လီဂူးပွဲစဉ်တွေကိုကြည့်ရင် PSG၊ မာဆေးလ်၊ ရိမ်းစ်တို့ရုန်းကန်ရမှာဖြစ်ပြီး လိုင်လီ၊ လိုင်ယွန်တို့အနိုင်သေချာပါတယ်။*

# PSG၊ မာဆေးလ်တို့ ရုန်းကန်ရမယ့်

## ပြင်သစ်လိဂ်ပွဲစဉ်(၁၅)အကြိုသုံးသပ်ချက်

### အေယက်စီယို နှင့် စိန့်အက်တီယန်

| | အေယက်စီယိုနိုင်ပွဲ | သရေ | စိန့်အက်တီယန်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃ | ၆ | ၉ |
| စုစုပေါင်း | ၄ | ၈ | ၁၁ |

အဝေးကွင်းဆိုပေမယ့် စိန့်အက်တီယန်တို့အောက်ကလိုက်ကစားရဖို့ မရှိပါဘူး။ ဒီရာသီ စိန့်အက်တီယန်ရဲ့ခြေစွမ်းကလည်း အားရစရာရှိပါတယ်။ စိန့်အက်တီယန်မရှုံးပါဘူး။

### ထရွိုင်ယက်စ် နှင့် ရိန်းစ်

ထရွိုင်ယက်စ်ရဲ့ ဒီရာသီအိမ်ကွင်းရလဒ်ကမကောင်းပါဘူး။ ဒါပေမဲ့ ထရွိုင်ယက်စ်ကွင်းမှာ ရိန်းစ်တို့အနည်းငယ်ရုန်းကန်ရလေ့ရှိပါတယ်။ ရိန်းစ်မရှုံးပါဘူး။

### လိုင်ယွန် နှင့် မောင့်ပယ်လီယာ

| | လိုင်ယွန်နိုင်ပွဲ | သရေ | မောင့်ပယ်လီယာနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၆ | ၁၂ | ၁၂ |
| စုစုပေါင်း | ၂၂ | ၁၈ | ၁၄ |

ထိပ်တိုက်တွေ့ဆုံမှုမှာ လိုင်ယွန်တို့အသာရထားသလို၊ လိုင်ယွန်ကွင်းမှာဆိုရင် မောင့်ပယ်လီယာတို့ ရုန်းကန်ရလေ့ရှိပါတယ်။ လိုင်ယွန်အနိုင်သေချာပါတယ်။

### အီဗီယန် နှင့် နန့်စီ

အီဗီယန်က အိမ်ကွင်းရလဒ်မကောင်းသလို၊ နန့်စီကလည်း ဒီရာသီမှာ အဝေးကွင်းနိုင်ပွဲမရှိသေးပါဘူး။ အိမ်ရှင်အနိုင်သေချာပါတယ်။

### ဘော်ဒိုး နှင့် ဆိုးချော့စ်

| | ဘော်ဒိုးနိုင်ပွဲ | သရေ | ဆိုးချော့စ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၄၇ | ၂၂ | ၃၁ |
| စုစုပေါင်း | ၄၇ | ၂၂ | ၃၁ |

ဒီရာသီမှာ ဘော်ဒိုးတို့ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ ဆိုးချော့စ်ရဲ့အဝေးကွင်းရလဒ်ကလည်း ညံ့ပါတယ်။ ဘော်ဒိုးအနိုင်သေချာပါတယ်။

### လော်ရီယန့် နှင့် တူးလော့စ်

လော်ရီယန့်ကွင်းမှာ တူးလော့စ်တို့ တစ်ကြိမ်သာအနိုင်ရထားဖူးပါတယ်။ လော်ရီယန့်အနိုင်ပါ။

### လိုင်လီ နှင့် ဘတ်စတီယာ

| | လိုင်လီနိုင်ပွဲ | သရေ | ဘတ်စတီယာနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၁ | ၁၀ | ၁၇ |
| စုစုပေါင်း | ၁၁ | ၁၀ | ၁၇ |

ထိပ်တိုက်တွေ့ဆုံမှုမှာ ဘတ်စတီယာအသာရထားပေမယ့် လိုင်လီကွင်းမှာဆိုရင်တော့ ရုန်းကန်ရလေ့ရှိပါတယ်။ လိုင်လီအနိုင်ပါ။

### နန်စီ နှင့် PSG

| | နန်စီနိုင်ပွဲ | သရေ | PSGနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၉ | ၁၈ | ၁၉ |
| စုစုပေါင်း | ၁၉ | ၁၈ | ၁၉ |

နန်စီက အမှတ်ပေးဇယားအောက်ဆုံးမှာပါ။ PSG က ဒီရာသီအဝေးကွင်းရှုံးပွဲမရှိသေးတဲ့အသင်းပါ။ ဒါပေမဲ့ နန်စီကွင်းမှာ PSG ရုန်းကန်ရတတ်တဲ့အစဉ်အလာရှိပါတယ်။ PSG အမြင့်ဆုံးမျှော်မှန်းနိုင်မှာသရေပါ။

### ဗလင်စီနက်စ် နှင့် ရိမ်းစ်

ဗလင်စီနက်စ်က အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ ရိမ်းစ်က အဝေးကွင်းနိုင်ပွဲမရသေးပါဘူး။ ဗလင်စီနက်စ်အနိုင်ပါ။

### ဘရက်စ် နှင့် မာဆေးလ်

| | ဘရက်စ်နိုင်ပွဲ | သရေ | မာဆေးလ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၆ | ၅ | ၇ |
| စုစုပေါင်း | ၆ | ၅ | ၇ |

မာဆေးလ်က အဆင့်(၂)မှာပါ။ ဒါပေမဲ့ ဒီရာသီမှာ ဘရက်စ်က အိမ်ကွင်းရှုံးပွဲမရှိသေးသလို၊ ဘရက်စ်ကွင်းမှာ မာဆေးလ်တို့ တစ်ကြိမ်တစ်ခါမှအနိုင်မရဖူးပါဘူး။ ဘရက်စ်အနိုင်သေချာပါတယ်။

# “မင်းတို့ဆီကိုဟစ်တလာ လာနေပြီ” ဟုသံပြိုင်သီဆိုပြီး နာဇီအလေးပြုသည့်ပုံစံ ပြုလုပ်ခဲ့ကြသည့် ဝက်စ်ဟမ်းပရိသတ်(၂)ဦးကို ဗြိတိန်ရဲတပ်ဖွဲ့ဖမ်းဆီး

## ရာသက်ပန်ပွဲကြည့်ခွင့်ပိတ်ပင်သည်အထိ အရေးယူသွားမည်ဟု ဝက်စ်ဟမ်းအသင်းကတိပြု



စပါး-ဝက်စ်ဟမ်းပွဲတွင် စပါးပရိသတ်များကို လှောင်ပြောင်နေသည့် ဝက်စ်ဟမ်းပရိသတ်များ

ဗြိတိန်ရဲတပ်ဖွဲ့တာဝန်ရှိသူများသည် ဝက်စ်ဟမ်းပရိသတ်(၂)ဦးအား စပါးပရိသတ်များကို လူမျိုးရေးထိပါးလှောင်ပြောင်သည့်လုပ်ရပ်အတွက် ဖမ်းဆီးလိုက်ကြောင်းသိရှိရသည်။

ပြီးခဲ့သည့် တနင်္ဂနွေနေ့က စပါးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဝက်စ်ဟမ်းပရိသတ်များသည် စပါးပရိသတ်များကို လှောင်ပြောင်ရန်စမှုများပြုလုပ်ခဲ့ကြခြင်းဖြစ်ပြီး၊ ၎င်းပရိသတ်(၂)ဦးလည်းပါဝင်ခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဟမ်းပရိသတ်များသည် ဂျာမန်စစ်အာဏာရှင်ဟစ်တလာ၏အမည်ကိုထည့်သွင်းကာ “မင်းတို့ဆီကို ဟစ်တလာ လာနေပြီ”ဟု သံပြိုင်အော်ဟစ်သီဆိုမှုများပြုလုပ်ခဲ့ကြပြီး၊ ၎င်းပရိသတ်နှစ်ဦးက နာဇီအလေးပြုသည့်ပုံစံပြုလုပ်ခဲ့ခြင်းဖြစ်သည်။ စပါးအသင်းတည်ရှိရာ ဝိုက်ဟတ်လိန်းကွင်းမှာ အင်္ဂလန်ရောက် အစ္စရေးဂျူးလူမျိုးအများစုနေထိုင်သည့်အရပ်တွင်တည်ရှိပြီး၊ စပါးပရိသတ်များထဲတွင်လည်း ဂျူးလူမျိုးများစွာပါဝင်နေရာ ဝက်စ်ဟမ်းပရိသတ်များက ယင်းကဲ့သို့ပြုလုပ်ကာ

> စပါးပရိသတ်များထဲတွင်လည်း ဂျူးလူမျိုးများစွာပါဝင်နေရာ ဝက်စ်ဟမ်းပရိသတ်များက ယင်းကဲ့သို့ပြုလုပ်ကာ လူမျိုးရေးအရ လှောင်ပြောင်

လူမျိုးရေးအရ လှောင်ပြောင်ခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းတာဝန်ရှိသူများက လူမျိုးရေးထိပါးလှောင်ပြောင်ခဲ့ကြသည့် ဝက်စ်ဟမ်းပရိသတ်များကိုရှာဖွေရာတွင် ကူညီပေးသွားမည်ဖြစ်ပြီး၊ ရာသက်ပန်ပွဲကြည့်ခွင့်ပိတ်ပင်သည်အထိပြင်းထန်သည့်ပြစ်ဒဏ်များချမှတ်သွားမည်ဖြစ်ကြောင်းကြေညာချက်ထုတ်ပြန်ခဲ့သည်။ ဝက်စ်ဟမ်းအသင်းနှင့် စပါးအသင်းတို့တွင် နည်းပြခဲ့သည့် (လက်ရှိ QPR နည်းပြ) ဟယ်ရီရက်နက်ပ်က အင်္ဂလန်ဘောလုံးလောကမှာ ၁၉၇၀ကျော်ခုနှစ်များက အလွန်ဆိုးရွားခဲ့သည့် အမှောင်မိုက်ကာလများကဲ့သို့ ပြန်ဖြစ်လာပြီဟု သတိပေးပြောကြားခဲ့သည်။

ဟယ်ရီရက်နက်ပ်က “ကျွန်တော်တို့ ဟိုးအရင်ကအခြေအနေမျိုးတွေကို ပြန်ပြီးမကြုံတွေ့ချင်ပါဘူး။ ၁၉၇၀ကျော်ခုနှစ်တွေက ဆိုးရွားတဲ့ကာလတွေလို ပြန်မဖြစ်ချင်တော့ပါဘူး”ဟုပြောကြားခဲ့သည်။ ဝက်စ်ဟမ်းအသင်းတွင် ကစားနေသည့် အစ္စရေးကွင်းလယ်လူ ဘီနာယောင်ကလည်း ဝက်စ်ဟမ်းပရိသတ်များ ဟစ်တလာအမည်သံပြိုင် သီဆိုအော်ဟစ်နေမှုများမှာ မိမိကိုအလွန်စိတ်ပျက်စေခဲ့သည်ဟုသူ၏Twitter စာမျက်နှာတွင်ဝေဖန်ရေးသားခဲ့သည်။

### တာရတ်ဘ်အားခေါ်ယူရန် ဖာဂူဆန်ပစ်မှတ်ထားနေ

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် QPR အသင်း၏မော်ရိုကိုကွင်းလယ်လူတာရတ်ဘ်အားခေါ်ယူရန်ပစ်မှတ်ထားနေကြောင်းသိရှိရသည်။ ပြီးခဲ့သည့်တစ်ပတ်က ကစားခဲ့သော မန်ယူ-QPR ပွဲစဉ်တွင် QPR အသင်းမှာ မန်ယူအသင်းကို (၃-၁)ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော်လည်း တာရတ်ဘ်၏ခြေစွမ်းမှာ ဖာဂူဆန်နှင့် မန်ယူနည်းပြအဖွဲ့ကိုသဘောကျစေခဲ့ကြောင်းသိရှိရသည်။ ဖာဂူဆန်သည်နာနီကိုရောင်းထုတ်ရန်စီစဉ်နေပြီး၊ အက်ရှ်လေယန်းအပေါ်လည်း ယုံကြည်မှုအပြည့်အဝမရှိသဖြင့် ၎င်းကိုခေါ်ယူလိုနေခြင်းဖြစ်ကြောင်းသိရသည်။

### ဘင်နီတက်ဇ်ရောက်သော်လည်းမာလူဒါအပြောင်းအလဲမရှိ

ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားရခြင်းမရှိတော့ဘဲ ယူ-၂၁အသင်းနှင့်လေ့ကျင့်ခန်းဆင်းရန် ညွှန်ကြားခြင်းခံထားရသော ပြင်သစ်ကွင်းလယ်လူ မာလူဒါမှာ အသင်းနည်းပြအပြောင်းအလဲဖြစ်ခဲ့သော်လည်း သူ၏အခြေအနေမှာ အပြောင်းအလဲမဖြစ်ခဲ့ကြောင်းသိရှိရသည်။ မာလူဒါအား ယခင်နည်းပြဒီမတ်တီယိုက ယင်းကဲ့သို့ညွှန်ကြားခဲ့ခြင်းဖြစ်ပြီး၊ ယခု ဒီမတ်တီယို၏နေရာတွင် ဘင်နီတက်ဇ်အစားထိုးဝင်ရောက်ခဲ့သော်လည်း သူ၏အနေအထားမှာအပြောင်းအလဲမရှိကြောင်း သိရသည်။

### ဇာဟာကိုခေါ်ယူရန် အာဆင်နယ်အသင်းလည်းကြိုးပမ်း

အာဆင်နယ်အသင်းသည် အသင်းကြီးများစိတ်ဝင်စားနေသော ခရစ္စတယ်ပဲလေ့စ်တောင်ပံကစားသမားဇာဟာကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိနေကြောင်းသိရှိရသည်။ မကြာသေးမီက အင်္ဂလန်လက်ရွေးစင်အသင်းတွင် စတင်ရွေးချယ်ခံခဲ့ရသော ဇာဟာ(၂၀နှစ်)သည် မန်ယူ၊ မန်စီးတီးအစရှိသည့်အသင်းများကခေါ်ယူရန် အပြိုင်ကြိုးပမ်းနေသည့်ကစားသမားဖြစ်သည်။ သို့ရာတွင် ဇာဟာသည် ငယ်စဉ်ကတည်းက အာဆင်နယ်ပရိသတ်တစ်ဦးဟုဆိုခြင်းကြောင့် ဝင်းဂါးကသူ့အားခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

## ဘတ်ဆောင်း လူမျိုးရေးခွဲခြားခံခဲ့ရခြင်းကို ရဲတပ်ဖွဲ့ထံတိုင်ကြားရန် နော့ဝစ်ချ်အသင်းစီစဉ်

နော့ဝစ်ချ်အသင်းတာဝန်ရှိသူများသည် ၎င်းတို့အသင်း၏နောက်ခံလူ ဆီဘက်ရှန်ဘတ်ဆောင်းအား အဲဗာတန်ပရိသတ်ဟုယူဆရသူများမှ လူမျိုးရေးခွဲခြားခဲ့ခြင်းအား ရဲတပ်ဖွဲ့ထံတိုင်ကြားရန် စီစဉ်လျက်ရှိနေကြောင်းသိရသည်။

ပြီးခဲ့သည့်တစ်ပတ် စနေနေ့က အဲဗာတန်နှင့် နော့ဝစ်ချ်တို့ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်တွင် အဲဗာတန်အသင်းမှာ ပွဲချိန်(၁၂)မိနစ်မှစတင်၍ ဂိုးသွင်းကာ ဦးဆောင်ခဲ့သော်လည်း ပွဲချိန်(၉၀)မိနစ်တွင် ဘတ်ဆောင်းက ချေပဂိုးသွင်းယူခဲ့ပြီး ယင်းပွဲမှာ (၁-၁)ဂိုးဖြင့်သရေကျခဲ့သည်။ ယင်းပွဲအပြီးတွင် ချေပဂိုးသွင်းယူခဲ့သူ ဘတ်ဆောင်းကို Twitter စာမျက်နှာပေါ်၌ လူမျိုးရေးခွဲခြားလှောင်ပြောင်မှုများရှိလာ၍ နော့ဝစ်ချ်အသင်းတာဝန်ရှိသူများက ရဲတပ်ဖွဲ့ထံတိုင်ကြားရန်စီစဉ်နေခြင်းဖြစ်သည်။

နော့ဝစ်ချ်အသင်း၏အမှုဆောင်ချုပ်ဖြစ်သူဒေးဗစ်မက်နယ်လီက မိမိတို့အနေဖြင့် ၎င်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေပြီး ရဲတပ်ဖွဲ့ထံအသိပေးတိုင်ကြားရန် စီစဉ်လျက်ရှိနေသည်ဟုပြောကြားခဲ့သည်။



### BRIEF

❒ လီဗာပူးလ်အသင်းသည် စပါး၊ နယူးကာဆယ်အသင်းများခေါ်ယူရန်ပစ်မှတ်ထားနေသည့် မာဆေးလ်တိုက်စစ်မှူးရီမီ(၂၅နှစ်)ကို ပေါင်(၁၀)သန်းဖြင့်ခေါ်ယူနိုင်ရန်ကြိုးပမ်းလျက်ရှိနေကြောင်းသိရှိရသည်။

❒ QPR အသင်း၏လက်ထောက်နည်းပြဖြစ်သူ ဂျေမီမက်ကီးကနည်းပြမာ့ခ်ဟုချ်ထုတ်ပယ်ခံရပြီး ရှုံးပွဲများဆက်နေခြင်းအတွက် QPR ကစားသမားများမှာ တာဝန်ရှိသည်ဟုပြောကြားလိုက်သည်။

❒ ဝီဂန်နည်းပြ မာတီနက်ဇ်က ရက်ဒင်းအသင်းအား (၃-၂)ဂိုးဖြင့်နိုင်ခဲ့သောပွဲစဉ်တွင် မိမိအသင်းဂိုးသမား အယ်လ်ဟတ်ဆီ၏အမှားကြောင့် ဂိုးတစ်ဂိုးပေးခဲ့ရသော်လည်း မိမိအနေဖြင့်အယ်လ်ဟတ်ဆီအပေါ်ယုံကြည်မှုရှိဆဲဖြစ်သည်ဟုပြောကြားခဲ့သည်။

❒ မန်စီးတီးနည်းပြ မန်စီနီက ချယ်လ်ဆီးနှင့်ပွဲတွင် မိမိအသင်း၏တိုက်စစ်မှူး(၄)ဦးဖြစ်သော အဂူရို၊ ဇီကို၊ တီဗက်ဇ်၊ ဘာလိုတယ်လီတို့တစ်ဂိုးမှမသွင်းနိုင်ခဲ့ခြင်းကိုအံ့အားသင့်မိသည်ဟုပြောကြားခဲ့သည်။

## ယခုနှစ်အတွင်းအားကစားလောကတွင် နာဇီအလေးပြုပုံကြောင့် အရေးယူခံခဲ့ရသည့်ဖြစ်ရပ်အချို့

ဖက်ဆစ်နာဇီစနစ်မှာ ဆိုးရွားသည့်စနစ်တစ်ခုဖြစ်သည့်အလျောက် ဥရောပနိုင်ငံအတော်များများတွင် နာဇီအလေးပြုသည့်ပုံစံများပြုလုပ်ခွင့်မရှိဟု တားမြစ်ထားပြီး၊ ယင်းထဲတွင် အင်္ဂလန်၊ ပြင်သစ်၊ ဩစတြီးယား၊ ဂျာမနီနိုင်ငံများပါဝင်သည်။ တချို့နိုင်ငံများတွင် အားကစားပြိုင်ပွဲများ၌ ယင်းအပြုအမူကိုပြုလုပ်ကြသဖြင့် အရေးယူခံရသည့်ဖြစ်ရပ်များရှိရာ ဖော်ပြလိုက်ပါသည်။

#### လစ်သူယေးနီးယားပရိသတ်

ပြီးခဲ့သည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ဘက်စ်ကတ်ဘောပွဲစဉ်တစ်ခု၌ လစ်သူယေးနီးယားလူမျိုးပရိသတ်တစ်ဦးသည် ဟစ်တလာနှုတ်ခမ်းမွှေးပုံစံထားရှိပြီး နိုက်ဂျီးရီးယားကစားသမားများနှင့် ကွင်းလုံခြုံရေးလူမည်းဝန်ထမ်းများကို နာဇီအလေးပြုသည့်ပုံစံဖြင့်လှောင်ပြောင်ခဲ့ရာ ဒဏ်ငွေပေါင်(၂၅၀၀)ချမှတ်ခံခဲ့ရသည်။

#### ဂျာမန်ပရိသတ်

ပြီးခဲ့သည့် ယူရို-၂၀၁၂ပြိုင်ပွဲတွင် ဂျာမနီနှင့် ဒိန်းမတ်တို့ကစားခဲ့သောပွဲစဉ်၌ ဂျာမနီပရိသတ်အချို့သည် နာဇီအားပေးသည့်အလံများကိုင်ဆောင်ပြီး နာဇီအလေးပြုသည့်ပုံစံပြုလုပ်ခဲ့ရာ ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)မှ ဂျာမနီဘောလုံးအဖွဲ့ချုပ်အား ယူရို(၁၀၀၀၀)ဒဏ်ငွေတပ်ရိုက်ခဲ့သည်။

#### ပြင်သစ်ပရိသတ်

ယခုနှစ်အစောပိုင်းက ပြင်သစ်ပြည်တွင်းဘောလုံးပွဲစဉ်တစ်ခုတွင် အသက်(၃၂)နှစ်အရွယ်ပရိသတ်တစ်ဦးသည် နာဇီအလေးပြုသည့်ပုံစံပြုလုပ်ခဲ့သဖြင့် ရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းကိုခံခဲ့ရသည်။ တရားရုံးမှ သူ့အား တစ်ရက်လျှင် အမေရိကန်ဒေါ်လာ (၇.၅)ဒေါ်လာနှုန်းဖြင့် ရက်ပေါင်း(၁၂၀)စာအတွက်ဒဏ်ငွေချမှတ်ခဲ့သည်။

# ချယ်လ်ဆီးကစားသမားများအား နည်းပြသစ်ဘင်နီတက်ဇ် နိုင်နင်းစွာအုပ်ချုပ်နိုင်ခြင်း ရှိ၊ မရှိ ဆိုသည့်မေးခွန်းများရှိနေဆဲ

## ဒီမတ်တီယိုကိုအားပေးဆဲဖြစ်ကြောင်း အသင်းခေါင်းဆောင်ဂျွန်တယ်ရီပြသ


ချယ်လ်ဆီးအသင်း၏ ပွဲစဉ်တစ်ခုတွင် ဒီမတ်တီယိုအား အားပေးကြောင်း ပြသနေသည့်ပရိသတ်

ချယ်လ်ဆီးတွင်ကစားခဲ့စဉ်က ဒီမတ်တီယို

အီတလီအသင်းတွင်ကစားခဲ့စဉ်က ဒီမတ်တီယို

ချယ်လ်ဆီးအသင်း၏ နည်းပြသစ်ဖြစ်သူ ဘင်နီတက်ဇ်သည် ၎င်း၏ချယ်လ်ဆီးကစားသမားများအား နိုင်နင်းစွာအုပ်ချုပ်နိုင်ခြင်း ရှိ၊ မရှိ ဆိုသည့်မေးခွန်းများရှိနေဆဲဖြစ်ကြောင်း ဗြိတိန်မီဒီယာများကဖော်ပြခဲ့ကြသည်။

ချယ်လ်ဆီးကစားသမားအများစုမှာ ဘင်နီတက်ဇ်အား အလိုမရှိဖြစ်နေကြပြီး၊ ယခင်နည်းပြဟောင်း ဒီမတ်တီယိုကိုသာ ထောက်ခံအားပေးလျက်ရှိနေဆဲဖြစ်သည်ဟု ဗြိတိန်သတင်းစာအချို့ကဖော်ပြခဲ့သည်။

ချယ်လ်ဆီးအသင်း၏ လေ့ကျင့်ခန်းအစီအစဉ်တွင် အသင်းခေါင်းဆောင်ဂျွန်တယ်ရီကိုယ်တိုင် ရာထူးမှထုတ်ပယ်ခံခဲ့ရသည့်နည်းပြ ဒီမတ်တီယိုကို အားပေးဆဲဖြစ်ကြောင်းပြသခဲ့သည့်ဓာတ်ပုံများကိုလည်း ဗြိတိန်သတင်းစာများကဖော်ပြခဲ့ကြသည်။

တယ်ရီသည် လေ့ကျင့်ခန်းအစီအစဉ်တွင် သူဝတ်ဆင်သောအင်္ကျီပေါ်၌ နံပါတ်(၁၆)ရေးသားခဲ့သည်ကို မီဒီယာများကဖော်ထုတ်တင်ပြခဲ့ကြခြင်းဖြစ်သည်။ တယ်ရီသည် ချယ်လ်ဆီးအသင်းတွင် နံပါတ်(၂၆) အင်္ကျီကို အမြဲတစေဝတ်ဆင်ခဲ့သူဖြစ်ပြီး၊ ယခု (၁၆)နံပါတ်ကိုရေးသားခဲ့ခြင်းမှာ ဒီမတ်တီယိုကိုတိုက်ရိုက်ရည်ညွှန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ဒီမတ်တီယိုသည် ကစားသမားဘဝက လက်ရွေးစင်အသင်းတွင်ရော ကလပ်အသင်းတွင်ပါ နံပါတ်(၁၆)အင်္ကျီကိုဝတ်ဆင်ခဲ့ပြီး၊ ချယ်လ်ဆီးအသင်းတွင်ကစားစဉ်ကလည်း ၎င်းနံပါတ်ကိုပင်ဝတ်ဆင်ကစားခဲ့သူဖြစ်သည်။

တယ်ရီသည် ချယ်လ်ဆီးနည်းပြသစ်အဖြစ် ဘင်နီတက်ဇ်အား ခန့်အပ်ခဲ့စဉ်က ၎င်းအားကြိုဆိုကြောင်းနှင့် မိမိတို့ကစားသမားအားလုံး ဘင်နီတက်ဇ်နှင့်လက်တွဲ၍ အသင်း ရလဒ်ကောင်းများရရှိစေရန် ကြိုးစားသွားမည်ဟုဆိုခဲ့သူဖြစ်သည်။ ယခုနည်းပြသစ် ဘင်နီတက်ဇ်၏လက်ထက်တွင် နည်းပြဟောင်းဒီမတ်တီယိုကိုအားပေးဆဲဖြစ်ကြောင်း ဆက်လက်ပြသနေခြင်းမှာ သူနှင့် ဘင်နီတက်ဇ်အကြားဆက်ဆံမှုတွင် အဖုအထစ်များရှိလာစေနိုင်သည်ဟု ဗြိတိန်သတင်းစာများကရေးသားဖော်ပြခဲ့သည်။

# မိမိအပေါ်လေးစားမှုထားရှိသင့်ဟုချယ်လ်ဆီးပရိသတ်များအားဘင်နီတက်ဇ်တောင်းဆို



ချယ်လ်ဆီး-မန်စီးတီးပွဲတွင် ဘင်နီတက်ဇ်ကိုကန့်ကွက်ကြောင်းပြသနေသည့် ချယ်လ်ဆီးပရိသတ်များ

ချယ်လ်ဆီးအသင်း၏ နည်းပြသစ်ဖြစ်သူ ဘင်နီတက်ဇ်က ချယ်လ်ဆီးပရိသတ်များအနေဖြင့် သူ့အပေါ်လေးစားမှုထားရှိသင့်ကြောင်းပြောကြားလိုက်သည်။

လီဗာပူးလ်အသင်းနည်းပြဟောင်းဖြစ်သူ ဘင်နီတက်ဇ်သည် လီဗာပူးလ်အသင်းတွင် နည်းပြစဉ်ကတည်းက ချယ်လ်ဆီးပရိသတ်များနှင့် တင်းမာမှုရှိခဲ့သူဖြစ်ပြီး၊ ယခု ချယ်လ်ဆီးနည်းပြအဖြစ် သူတာဝန်ယူခြင်းအား ပရိသတ်များက အလိုမရှိကြဘဲ ဆန့်ကျင်ကန့်ကွက်မှုများပြုလုပ်ခဲ့ကြသည်။ ပြီးခဲ့သည့်တစ်ပတ်က ကစားခဲ့သော ချယ်လ်ဆီး-မန်စီးတီးပွဲတွင်လည်း ချယ်လ်ဆီးပရိသတ်များက ဘင်နီတက်ဇ်ကို အလိုမရှိကြောင်းစာသားများထောင်ကာ ကန့်ကွက်မှုများပြုလုပ်ခဲ့ကြသည်။

ဘင်နီတက်ဇ်က သူ့အပေါ်ကန့်ကွက်မှုများနှင့်ပတ်သက်၍ “တချို့ပရိသတ်တွေဟာ ကိုယ့်ရဲ့အသင်းကို ဘယ်လိုအားပေးရမလဲဆိုတာကို နားမလည်ကြပါဘူး။ တချို့ကတော့ သူတို့ ပရော်ဖက်ရှင်နယ်ပီသတဲ့နည်းပြတစ်ဦးကိုရရှိထားတယ်ဆိုတာ နားလည်ကြပါတယ်။ ကျွန်တော်တို့အသင်း ပွဲတွေအနိုင်ရမယ်ဆိုရင်တော့ ပရိသတ်တွေရဲ့အမြင်လည်းပြောင်းလဲလာမှာပါ။ ကျွန်တော့်ရဲ့ချယ်လ်ဆီးအသင်းပွဲများစွာအနိုင်ရရှိမယ်လို့လည်းယုံကြည်ပါတယ်။ ပရိသတ်တွေ ပွဲကြည့်စင်ပေါ်မှာ ဘာတွေသီဆိုအော်ဟစ်နေသလဲဆိုတာ ကျွန်တော်စိတ်မဝင်စားပါဘူး။ ကျွန်တော့်ရဲ့အလုပ်ကိုအကောင်းဆုံးလုပ်ဖို့ပဲ အာရုံထားပါတယ်”ဟုပြောကြားခဲ့သည်။

## QPR ၏ကမ်းလှမ်းမှုကို ဒေါ်ဆင်ထပ်မံငြင်းဆန်မည်

စပါးအသင်း၏ နောက်ခံလူ မိုက်ကယ်ဒေါ်ဆင်သည် QPR အသင်း၏ဒုတိယအကြိမ်ကမ်းလှမ်းမှုကို ထပ်မံငြင်းဆန်သွားရန်အသင့်ရှိနေကြောင်း ဗြိတိန်သတင်းစာ The Sun ကဖော်ပြခဲ့သည်။ QPR အသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက စပါးအသင်းခေါင်းဆောင် ဒေါ်ဆင်(၂၉နှစ်)ကို ပေါင်(၉)သန်းဖြင့်ခေါ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း ၎င်းကပယ်ချခဲ့သည်။ ယခု QPR နည်းပြဖြစ်လာသူ စပါးနည်းပြဟောင်း ရက်နက်ပ်က ၎င်းကိုခေါ်ယူရန် ထပ်မံပြင်ဆင်နေပြီး ဒေါ်ဆင်က သူ့အနေဖြင့် စပါးမှထွက်ခွာရန်ဆန္ဒမရှိဟုပြောကြားခဲ့ကြောင်း သိရှိရသည်။

## ဒဏ်ရာရရှိနေသော်လည်း ကွန်ပနီဆက်ကစားမည်

မန်စီးတီးအသင်း၏ အသင်းခေါင်းဆောင်ဖြစ်သူ ဘယ်လ်ဂျီယံ နောက်ခံလူ ကွန်ပနီသည် ဒဏ်ရာပြဿနာရှိနေသော်လည်း အသင်းအတွက် ဆက်ကစားသွားမည်ဖြစ်ကြောင်းသိရှိရသည်။ ကွန်ပနီက သူ၏ခြေထောက်တွင် နာကျင်မှုဝေဒနာခံစားနေရသော်လည်း အသင်း ရလဒ်ကောင်းများရရှိစေရေးအတွက်ဆက်လက်ကစားသွားမည်ဟုပြောကြားခဲ့သည်။ မန်စီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ပွဲစဉ်(၁၃)အပြီး ပေးဂိုး(၁၀)ဂိုးသာပေးထားရပြီး ပရီးမီးယားလိဂ်အသင်းများထဲတွင် ပေးဂိုးအနည်းဆုံးအသင်းအဖြစ်ရပ်တည်နေသည်။

## ငွေအလွန်အကျွံသုံးရန် မမျှော်လင့်သင့်ဟုရော်ဂျာဆို

လီဗာပူးလ်အသင်း၏ နည်းပြဖြစ်သူ ဘရန်ဒန်ရော်ဂျာက လီဗာပူးလ်ပရိသတ်များအနေဖြင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ငွေကြေးအလွန်အကျွံသုံးစွဲပြီး ကစားသမားသစ်များခေါ်ယူရန် မမျှော်လင့်သင့်ကြောင်းပြောကြားလိုက်သည်။လီဗာပူးလ်အသင်းသည် ပြီးခဲ့သည့်အပြောင်းအရွှေ့ရာသီများတွင် အန်ဒီကာရိုးလ်၊ စတီးဝပ်ဒေါင်းနင်း၊ လူးဝစ်ဆွာရက်ဇ်အစရှိသည့်ကစားသမားများကိုပေါင်သန်း(၂၀)အထက်ပေးကာခေါ်ယူခဲ့သည့်အသင်းဖြစ်ပြီး၊ ယခုဆောင်းရာသီအပြောင်းအရွှေ့တွင် ယင်းကဲ့သို့ခေါ်ယူမှုမျိုးမမျှော်လင့်ရန် ရော်ဂျာက ပြောကြားခဲ့ခြင်းဖြစ်သည်။

## ပြိုင်ဘက်ပရိသတ်များကို ဒေါသထွက်စေခဲ့သည့်ဘင်နီတက်ဇ်၏ အပြုအမူ၊ အပြောအဆိုများ

ဘင်နီတက်ဇ်သည် လီဗာပူးလ်အသင်းတွင် နည်းပြစဉ် ပြိုင်ဘက်အသင်းနှင့် နည်းပြများကို ဝေဖန်ပြောဆိုမှုများပြုလုပ်ခဲ့သဖြင့် ပြိုင်ဘက်ပရိသတ်များ၏အမျက်ဒေါသထွက်မှုကိုခံခဲ့ရသူဖြစ်သည်။ ဘင်နီတက်ဇ်၏အပြုအမူ၊ အပြောအဆိုများထဲမှ ထင်ရှားသည့်အကြောင်းအရာအချို့ကိုပြန်လည်တင်ပြလိုက်ပါသည်။

### ဘင်နီတက်ဇ် Vs မန်ယူ

၂၀၀၉ခုနှစ်အတွင်းက မန်ယူနှင့်ကစားခဲ့သောပွဲအပြီးတွင် မန်ယူအသင်းသည် ပရီးမီးယားလိဂ်တွင် ဒိုင်လူကြီးများနှင့် FA ၏အရေးပေးမှုကိုအမြဲခံရကြောင်း၊ မန်ယူနည်းပြဖာဂူဆန်သည် ဒိုင်များကိုဝေဖန်မှုအတွက် တော်ရုံတန်ရုံအရေးယူခံရလေ့မရှိကြောင်းပြစ်တင်ပြောဆိုခဲ့ရာ မန်ယူပရိသတ်များ၏ဒေါသထွက်မှုကိုခံခဲ့ရသည်။

### ဘင်နီတက်ဇ် Vs ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းကို မော်ရင်ဟိုကိုင်တွယ်စဉ် ပရီးမီးယားလိဂ်ဖလား(၂)လုံးအပါအဝင် အောင်မြင်မှုများရရှိခဲ့ရာ ဘင်နီတက်ဇ်က မော်ရင်ဟိုနှင့် ချယ်လ်ဆီးအသင်း၏အရည်အချင်းကို အသိအမှတ်မပြုခဲ့ဘဲ အေဘရာမိုဗစ်ချ်သည် အောင်မြင်မှုများကိုဝယ်ယူနေခြင်းဖြစ်သည်ဟုပြောဆိုခဲ့ရာ ချယ်လ်ဆီးပရိသတ်များဒေါသထွက်ခဲ့ရသည်။

### ဘင်နီတက်ဇ် Vs ဘလက်ဘန်း

ဘင်နီတက်ဇ်သည် ၂၀၀၉ခုနှစ်အတွင်းက(ထိုစဉ်က) ဘလက်ဘန်းနည်းပြဆမ်အလာဒိုက်စ်နှင့် အချင်းများခဲ့ပြီး တစ်ဦးနှင့်တစ်ဦးပြစ်တင်ဝေဖန်မှုများပြုလုပ်ခဲ့ကြသည်။ လီဗာပူးလ်-ဘလက်ဘန်းပွဲတွင် တောရက်စ် ဒုတိယဂိုးသွင်းပြီးနောက် ပွဲပြီးသွားပြီဆိုသည့်အပြုအမူပြုလုပ်ခဲ့ရာ ဘလက်ဘန်းပရိသတ်များဒေါသထွက်ခဲ့ရသည်။

## ဇန်နဝါရီတွင် ဝင်းဂါးကစားသမားသစ်ဝယ်ရန်မသေချာ

အာဆင်နယ်အသင်းသည် ပေါင်သန်း(၁၅၀)တန်အကျိုးစပွန်ဆာစာချုပ်ကို မကြာသေးမီကချုပ်ဆိုထားသော်လည်း နည်းပြအာစင်ဝင်းဂါးအနေဖြင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်ဝယ်ယူရန်မှာ မသေချာကြောင်းသိရှိရသည်။ အာစင်ဝင်းဂါးက လက်ရှိအာဆင်နယ်အသင်းကို သူကျေနပ်အားရမှုအပြည့်အဝရှိကြောင်းနှင့် လက်ရှိအသင်းမှာ အောင်မြင်မှုများကိုရယူနိုင်ကြောင်းပြောကြားခဲ့သည်။ သူ့အနေဖြင့် အပြောင်းအရွှေ့ဈေးကွက်တွင် ပါဝင်လှုပ်ရှားမည်ဖြစ်သော်လည်း အသင်းနှင့်သင့်လျော်သူရှိမှသာ ဝယ်ယူမည်ဟုဝင်းဂါးကပြောကြားခဲ့သည်။

## ဂိုးသမားသစ်ခေါ်ယူရန် မိုယက်စ်စီစဉ်နေ

အဲဗာတန်အသင်း၏ နည်းပြဖြစ်သူ ဒေးဗစ်မိုယက်စ်သည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဂိုးသမားသစ်တစ်ဦးဝယ်ယူရန်ကြိုးပမ်းလျက်ရှိနေကြောင်းသိရသည်။ မိုယက်စ်က အဲဗာတန်အသင်း၏ကစားကွက်နေရာတိုင်းတွင် ပြိုင်ဆိုင်မှုရှိစေရန်ဖန်တီးသွားမည်ဖြစ်ကြောင်း၊ အသင်း၏ဂိုးသမားနေရာတွင်လည်း တင်မ်ဟောင်းဝပ်နေရာကိုအစားထိုးနိုင်မည့် အခြားဂိုးသမားတစ်ဦးကိုခေါ်ယူသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ လက်ရှိတွင် အဲဗာတန်အသင်းသည် ပြောင်းရွှေ့ကြေးအလွတ်ဖြင့်ခေါ်ယူရရှိနိုင်မည့်ဆန်းဒါးလန်းဂိုးသမားခရိတ်ဂေါ်ဒွန်ကိုပစ်မှတ်ထားနေကြောင်းသိရသည်။

## ကာဘာယီနှင့်တေလာ (၂)လအထိနားရမည်

နယူးကာဆယ်အသင်း၏ ကွင်းလယ်လူကာဘာယီနှင့် နောက်ခံလူစတီဗင်တေလာတို့သည် ဒဏ်ရာများကြောင့် (၂)လခန့်အထိအနားယူရမည်ဖြစ်ကြောင်း နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးကပြောကြားခဲ့သည်။ ကာဘာယီသည် ပေါင်ခြံဒဏ်ရာရရှိနေခြင်းဖြစ်ပြီး၊ တေလာမှာမူ တံကောက်ကြောဒဏ်ရာရရှိနေခြင်းဖြစ်သည်။ အလန်ပါဂျူးက "ကာဘာယီရဲ့ပေါင်ခြံဒဏ်ရာက တစ်ဖက်တည်းမှာပဲမဟုတ်ဘဲ အခြားတစ်ဖက်ကိုပါသက်ရောက်စေပါတယ်။ သူ့အနေနဲ့ (၈)ပတ်လောက်အနားယူရမှာဖြစ်ပြီး၊ တေလာလည်း (၆)ပတ်ကနေ(၈)ပတ်အထိအနားယူရမှာပါ"ဟုပြောကြားခဲ့သည်။

# ဆန်းဒါးလန်း-ဝက်စ်ဘရွန်းပွဲတွင် ပရိသတ်တစ်ဦး မျောက်ပုံစံပြုလုပ်ခဲ့ခြင်းကို ရဲတပ်ဖွဲ့စုံစမ်းရှာဖွေနေ



ပြီးခဲ့သည့်တစ်ပတ် စနေနေ့က ကစားခဲ့သော ဆန်းဒါးလန်း-ဝက်စ်ဘရွန်းပွဲတွင်ပရိသတ်တစ်ဦး မျောက်ပုံစံပြုလုပ်ခဲ့ခြင်းကို ရဲတပ်ဖွဲ့က အရေးယူရန် စုံစမ်းရှာဖွေလျက်ရှိနေကြောင်းသိရှိရသည်။

ဆန်းဒါးလန်းအသင်း၏ကွင်းတွင်ကစားခဲ့သော ယင်းပွဲ၌ဝက်စ်ဘရွန်းအသင်းက (၄-၂)ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး၊ ဝက်စ်ဘရွန်းတိုက်စစ်မှူး လူကာကူအနိုင်ဂိုးသွင်းယူခဲ့ချိန်တွင် ၎င်းပရိသတ်က ယင်းကဲ့သို့ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းမှ ဝက်စ်ဘရွန်းအသင်းသို့ အငှားစာချုပ်ဖြင့်လာရောက်ကစားနေသော လူကာကူမှာ ယင်းပွဲတွင်ခြေစွမ်းပြကစားခဲ့ပြီး ပွဲချိန်(၈၀)မိနစ်တွင်ပယ်နယ်တီသွင်းယူပြီးနောက် အောင်ပွဲခံခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ မျောက်ပုံစံပြုလုပ်ကာ လှောင်ပြောင်ခဲ့သောပရိသတ်မှာ ဆန်းဒါးလန်းပရိသတ်များထိုင်နေသည့်နေရာမှဖြစ်ပြီး၊ ရဲတပ်ဖွဲ့က ၎င်းကိုရှာဖွေစုံစမ်းလျက်ရှိနေကြောင်း အတည်ပြုပြောကြားခဲ့သည်။ ယခုလအစောပိုင်းက ချယ်လ်ဆီးနှင့်မန်ယူတို့ကစားခဲ့သော လိဂ်ဖလားပွဲစဉ်တွင်လည်း ချယ်လ်ဆီးပရိသတ်တစ်ဦးဖြစ်သူ ဂါဗင်ကတ်ခမ်မှာ မန်ယူတိုက်စစ်မှူးဝဲလ်ဘက်ကို ယင်းကဲ့သို့အပြုအမူမျိုးဖြင့်ပင်လှောင်ပြောင်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့၏ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် ပွဲကြည့်ခွင့်ပိတ်ပင်ခံခဲ့ရသည်။

## BRIEF

❒ စပါးအသင်းနည်းပြ ဘိုအက်ရှ်ကမိမိအသင်း၏တိုက်စစ်မှူးဂျာမိန်းဒီဖိုးမှာ အက်သလက်တီကိုမက်ဒရစ်အသင်း၏ကိုလံဘီယာတိုက်စစ်မှူး ဖယ်လ်ကာအိုကဲ့သို့အရည်အသွေးမျိုးရှိသည်ဟုချီးကျူးပြောကြားခဲ့သည်။

❒ ဗီလာအသင်းနည်းပြ ပေါလ်လမ်းဘတ်က ဗီလာအသင်းအနေဖြင့် အသင်း၏အင်္ဂလန်တိုက်စစ်မှူးဒါရင်းဘန့်ကိုရောင်းချတော့မည်ဆိုသည့်သတင်းများအားငြင်းဆန်ခြင်းမပြုခဲ့ကြောင်းသိရှိရသည်။

❒ မန်စီးတီးအသင်း၏ လက်ထောက်နည်းပြဖြစ်သူ ဒေးဗစ်ပလတ်က အင်္ဂလန်နောက်ခံလူ လက်စ်ကော့အနေဖြင့် အသင်းတွင်နေရာရရန်ရုန်းကန်နေရသော်လည်း မန်စီးတီးအသင်းတွင် သူ၏အနာဂတ်ရှိနေဆဲဖြစ်သည်ဟုပြောကြားခဲ့သည်။

❒ တစ်ချိန်က နယူးကာဆယ်အသင်းတွင် ခြေစွမ်းပြကစားခဲ့သည့်ကိုလံဘီယာတိုက်စစ်မှူး အက်စ်ပရဲလားက မိမိအနေဖြင့် နယူးကာဆယ်အသင်းတွင် မည်သည့်ရာထူးတာဝန်ကိုမဆို ရယူသွားရန်အသင့်ရှိသည်ဟုပြောကြားခဲ့သည်။

# ၂၀၁၃အာဆင်နယ်ပြက္ခဒိန်တွင် စာချုပ်သစ်မချုပ်ဆိုရသေးသည့်ဝေါလ်ကော့ မပါဝင်




## အသင်းတွင်အနာဂတ်မသေချာဟုသတင်းများဆိုနေပြန်

အာဆင်နယ်အသင်းသည် လာမည့်၂၀၁၃ခုနှစ်အတွက် ထုတ်ဝေမည့် ကလပ်အသင်း၏ပြက္ခဒိန်ကိုထုတ်ပြန်ကြေညာခဲ့ရာ အသင်း၏အဓိကတောင်ပံကစားသမားတစ်ဦးဖြစ်သူ ဝေါလ်ကော့၏ပုံပါဝင်မလာခဲ့ကြောင်းသိရှိရသည်။

ယင်းပြက္ခဒိန်တွင် အာဆင်နယ်ကစားသမားများဖြစ်ကြသော ဗာမယ်လန်း၊ အာတီတာ၊ ချမ်ဘာလိန်၊ ဂျီရော့၊ ပိုဒေါစကီး၊ ဆဇက်စနီ၊ ရမ်ဆေး၊ အန်ဒရီဆန်းတို့စ်၊ ကီရင်ဂစ်ဘ်၊ ဝဲလ်ရှိုင်းယား၊ ကာဇိုလာ၊ မာတီဆက်ကာ အစရှိသူတို့၏ရုပ်ပုံများပါဝင်လာခဲ့သော်လည်း ဝေါလ်ကော့၏ရုပ်ပုံပါဝင်မလာခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်အသင်း၏ အဓိကကစားသမားများထဲမှ နောက်ခံလူဆက်ဂ်နာ၏ရုပ်ပုံလည်း ပါဝင်မလာခဲ့ကြောင်းသိရှိရသည်။

ယင်းကဲ့သို့ အသင်း၏ပြက္ခဒိန်တွင် ဝေါလ်ကော့၏ပုံပါဝင်မလာခဲ့ခြင်းကြောင့် အာဆင်နယ်တွင် သူ၏အနာဂတ်ရေရာမှုမရှိတော့ဟုသတင်းများကဖော်ပြလျက်ရှိနေကြကြောင်းသိရှိရသည်။ ဝေါလ်ကော့သည်အာဆင်နယ်အသင်းနှင့်စာချုပ်သက်တမ်းတိုးရန်သဘောတူညီမှုမရသေးသူတစ်ဦးဖြစ်ပြီး၊ အသင်းက သူ့အား လစာငွေတစ်ပတ်ပေါင်(၇၅၀၀၀)ဖြင့် ကမ်းလှမ်းထားခြင်းကိုပယ်ချထားသူဖြစ်သည်။ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ဝေါလ်ကော့ကို အသင်းတွင်ဆက်ရှိစေရန် စာချုပ်သက်တမ်းမဖြစ်မနေတိုးသွားမည်ဟုဆိုခဲ့သော်လည်း သူ့အားပရီးမီးယားလိဂ်ပြိုင်ဘက်အသင်းများကခေါ်ယူလိုနေသည့်သတင်းများမှာ အဆက်မပြတ်ထွက်ပေါ်နေဆဲဖြစ်သည်။

**သူ့အား ပရီးမီးယားလိဂ်ပြိုင်ဘက်အသင်းများကခေါ်ယူလိုနေသည့်သတင်းများမှာ အဆက်မပြတ်ထွက်ပေါ်နေဆဲဖြစ်**

ယခု အသင်းပြက္ခဒိန်တွင် သူ့ကိုထည့်သွင်းခြင်းမရှိ၍ အာဆင်နယ်အသင်းမှ သူထွက်ခွာရန် နီးစပ်နေပြီဟု ဗြိတိန်သတင်းစာများကဖော်ပြခဲ့ကြသည်။ အာဆင်နယ်အသင်းတာဝန်ရှိသူများကမူ ပြက္ခဒိန်တွင် ၎င်းတို့နှစ်ဦး၏ရုပ်ပုံပါဝင်မလာခဲ့ခြင်းမှာ ၎င်းတို့၏အနာဂတ်များနှင့်သက်ဆိုင်ခြင်းမရှိကြောင်းတုံ့ပြန်ပြောကြားခဲ့ကြသည်။ ဝေါလ်ကော့သည် လာမည့်နှစ်ဇွန်လတွင် အာဆင်နယ်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး၊ စာချုပ်သက်တမ်းတိုးမြှင့်ခြင်းမရှိပါက လာမည့်ဇန်နဝါရီလတွင် ပြည်ပကလပ်အသင်းတစ်သင်းသင်းနှင့် အပြောင်းအရွှေ့အတွက် အကြိုသဘောတူညီမှုရယူနိုင်သည့်အခွင့်အရေးရှိနေသူဖြစ်သည်။

# ပရိသတ်များက"မျောက်"ဟုအော်ဟစ်လှောင်ပြောင်ခဲ့သည့်ဖြစ်ရပ်အချို့

ယခုနှစ်အတွင်း ကစားသမားများအချင်းချင်းလူမျိုးရေးခွဲခြားမှု၊ ပြိုင်ဘက်ပရိသတ်များက လူမည်းကစားသမားများကို "မျောက်"ဟုလှောင်ပြောင်သည့်ဖြစ်ရပ်များမှာ ဆက်တိုက်ဖြစ်ပွားလျက်ရှိနေပြီး လူမျိုးရေးခွဲခြားမှုကိုတိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသော်လည်း အောင်မြင်မှုမရှိသေးပေ။ ပရိသတ်များ၏လူမျိုးရေးခွဲခြားသည့်ဖြစ်ရပ်အချို့ကိုဖော်ပြလိုက်ပါသည်။

### ဒီဖိုး၊ လန်နွန်(စပါး)

ပြီးခဲ့သည့်လက ယူရိုပါလိဂ်အုပ်စုပွဲစဉ်အဖြစ်စပါးအသင်းနှင့်လာဇီယိုအသင်းတို့ကစားခဲ့သည့်ပွဲတွင် လာဇီယိုပရိသတ်များမှာ စပါးအသင်းမှကစားသမားများဖြစ်ကြသည့် ဒီဖိုး၊ လန်နွန်တို့ကို"မျောက်"ဟု အော်ဟစ်လှောင်ပြောင်ခဲ့ကြသဖြင့် UEFAမှ လာဇီယိုအသင်းကို ဒဏ်ငွေပေါင်(၃၂၅၀၀)ချမှတ်ခဲ့သည်။

### ဒန်နီရို့စ် (အင်္ဂလန်)

မကြာသေးမီက ယူ-၂၁ ဥရောပချန်ပီယံရှစ်ခြေစစ်ပွဲအဖြစ် ဆားဘီးယားနှင့်အင်္ဂလန်တို့ကစားခဲ့သည့်ပွဲတွင် ဆားဘီးယားပရိသတ်များမှာ အင်္ဂလန်အသင်းမှ လူမည်းကစားသမားဒန်နီရို့စ်ကို"မျောက်"ဟု လှောင်ပြောင်ခဲ့ကြသည်။ ထို့ပြင်အဆိုပါပွဲ၌နှစ်ဖက်အသင်းမှကစားသမားများ၊ နည်းပြများမှာလည်းခိုက်ရန်ဖြစ်ပွားခဲ့ကြသည်။

### ဘာလိုတယ်လီ၊ ယာယာတိုရေး (မန်စီးတီး)

ယခုနှစ်ဖေဖော်ဝါရီလအတွင်းက ယူရိုပါလိဂ်ရှုံးထွက်အဆင့်တွင် ပေါ်တိုနှင့်မန်စီးတီးတို့တွေ့ဆုံခဲ့စဉ်က ပေါ်တိုပရိသတ်များမှာ မန်စီးတီးကစားသမားများဖြစ်ကြသည့် ဘာလိုတယ်လီနှင့် ယာယာတိုရေးတို့ကို"မျောက်"ဟု လှောင်ပြောင်ခဲ့ကြသဖြင့် ပေါ်တိုအသင်းမှာ UEFA၏ဒဏ်ငွေချမှတ်ခြင်းခံခဲ့ရသည်။

## မိုဆက်စ်အတွက် ပီယာ့စ် ပြစ်တင်ဝေဖန်မှုများခံနေရ

အင်္ဂလန်ယူ-၂၁အသင်းနည်းပြစတူးဝပ်ပီယာ့စ်သည် ချယ်လ်ဆီးတိုက်စစ်မှူးဗစ်တာမိုဆက်စ် နိုက်ဂျီးရီးယားလက်ရွေးစင်အသင်းတွင်ကစားရန်ရွေးချယ်သွားခြင်းအတွက် ပြစ်တင်ဝေဖန်မှုများကိုခံနေရကြောင်း သိရှိရသည်။ မိုဆက်စ်သည် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် နိုက်ဂျီးရီးယားလက်ရွေးစင်အသင်း နှစ်ခုအနက် တစ်ခုကိုရွေးချယ်ရန်အခွင့်အရေးရှိနေသူဖြစ်ပြီး၊ ၎င်းက နိုက်ဂျီးရီးယားကိုရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပီယာ့စ်အနေဖြင့် အင်္ဂလန်ယူ-၂၁အသင်းတွင် မိုဆက်စ်ကိုရွေးချယ်ခဲ့သင့်ပါလျက်မရွေးချယ်ခဲ့၍ဖြစ်သည်ဟုပဲလေ့စ်အသင်းပိုင်ရှင်ဆိုင်မွန်ဂျော်ဒန်၊ ဝီဂန်နည်းပြမာတီနက်ဇ်တို့က ဝေဖန်ခဲ့ကြခြင်းဖြစ်သည်။

## ဒါဘီပွဲစဉ်ကိုပစ်မှတ်ထားနေသည်ဟု ရွန်နီဝန်ခံ

မန်ယူအသင်း၏ တိုက်စစ်မှူးဝိန်းရွန်နီက မိမိတို့မန်ယူကစားသမားများသည် လာမည့်ဒီဇင်ဘာလ(၉)ရက်နေ့တွင်မန်စီးတီးအသင်း၏ အီတီဟတ်ကွင်းတွင်ကစားမည့်မန်ချက်စတာဒါဘီပွဲစဉ်ကို ကြိုတင်ပစ်မှတ်ထားနေကြပြီး ယင်းပွဲအနိုင်ရရှိရန်စိတ်အားထက်သန်နေကြသည်ဟုဝန်ခံပြောကြားခဲ့သည်။ ပြီးခဲ့သည့်တစ်ပတ်က ပရီးမီးယားလိဂ်ပွဲစဉ်တွင်ချယ်လ်ဆီးနှင့် မန်စီးတီးတို့ ဂိုးမရှိသရေကျခဲ့ခြင်းမှာမိမိတို့မန်ယူအသင်းအတွက်အကျိုးရှိစေခဲ့ကြောင်းလည်းရွန်နီကပြောကြားခဲ့သည်။

# ဒိုင်လူကြီးကလက်တန်ဘတ်အပေါ် စွပ်စွဲခဲ့မှုများမှာ မှားယွင်းပြီး နောင်တရမိသည်ဟု ချယ်လ်ဆီးအသင်းကြေညာချက်ထုတ်ပြန်

## သို့ရာတွင် ကလက်တန်ဘတ်အပေါ်တောင်းပန်ကြောင်းကြေညာချက်မထုတ်ပြန်သေး



စိန့်ဂျိမ်းစ်ပတ်ခ်ကွင်းသို့ရောက်ရှိလာသော ချယ်လ်ဆီးဥက္ကဋ္ဌဘရုစ်ဘက်ခ်(ဝဲ)နှင့် အမှုဆောင်ချုပ်ရွန်ဂေါလေ

ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက ပရီးမီးယားလိဂ်ဒိုင်လူကြီးကလက်တန်ဘတ် လူမျိုးရေးခွဲခြားခဲ့သည်ဟုစွပ်စွဲခဲ့ခြင်းမှာ မှားယွင်းခဲ့ကြောင်းနှင့် ယင်းစွပ်စွဲမှုအတွက် နောင်တရမိသည်ဟုကြေညာချက်ထုတ်ပြန်လိုက်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့်တနင်္လာနေ့က ပရီးမီးယားလိဂ်တာဝန်ရှိသူများ၊ အင်္ဂလန်ဒိုင်လူကြီးများအဖွဲ့(PGMOL)မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး၊ ယင်းကြေညာချက်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းကြေညာချက်တွင် "မိမိတို့၏စွပ်စွဲမှုကြောင့် ကလက်တန်ဘတ်နှင့် သူ၏မိသားစု အကြီးအကျယ်စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း၊ မိမိတို့၏ကွင်းလယ်လူမီခေးလ်အပေါ် ကလက်တန်ဘတ်က မျောက်ဟုခေါ်ဝေါ်ခဲ့သည်ဆိုသည့် စွပ်စွဲမှုအပေါ် မိမိတို့ထုတ်ပြန်ကြေညာခဲ့ရာတွင်အလျင်စလိုနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယင်းဖြစ်ရပ်အပေါ် ယခုထက်ပိုပြီး စဉ်းစားဆင်ခြင်မှုမပြုလုပ်ခဲ့သည်ကိုနောင်တရမိကြောင်း၊ ထို့ပြင် ကလက်တန်ဘတ်နှင့် သူ၏မိသားစုလုံခြုံရေးကိုထိခိုက်စေခဲ့ပြီး မီဒီယာများ၏အာရုံစိုက်မှုကိုခံခဲ့ရခြင်းအတွက်လည်းနောင်တရမိကြောင်း" ဖော်ပြပါရှိသည်။

ချယ်လ်ဆီးအသင်းနှင့် တာဝန်ရှိသူများ၏တွေ့ဆုံမှုတွင် ချယ်လ်ဆီးအသင်းဥက္ကဋ္ဌဘရုစ်ဘက်ခ်ကိုယ်တိုင်ပါဝင်ခဲ့ပြီး၊ ပရီးမီးယားလိဂ်ဒိုင်လူကြီး(၁၆)ဦးစလုံး(ကလက်တန်ဘတ်အပါအဝင်)ပါဝင်ခဲ့ကာ နယူးကာဆယ်အသင်း၏ စိန့်ဂျိမ်းစ်ပတ်ခ်ကွင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသည်။ ချယ်လ်ဆီးအသင်းသည် ကလက်တန်ဘတ်အားစွပ်စွဲမှုအတွက်နောင်တရမိကြောင်းကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း ကလက်တန်ဘတ်အပေါ် တောင်းပန်မှုပြုလုပ်ရန်အတွက်မူ ဆန္ဒမရှိကြောင်းသိရှိရသည်။ ယင်းအတွက်ကြောင့်လက်ရှိအချိန်အထိကလက်တန်ဘတ်အားတောင်းပန်ကြောင်းတရားဝင်ကြေညာချက်မထုတ်ပြန်သေးသလို၊ အကယ်၍တောင်းဆိုမှုများရှိလာခဲ့လျှင်လည်း ၎င်းတို့အနေဖြင့် ငြင်းဆန်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ သို့ရာတွင် နောင်အနာဂတ် ချယ်လ်ဆီးအသင်း၏ပွဲစဉ်များတွင် ကလက်တန်ဘတ်ဆက်လက်တာဝန်ယူရန် ယင်းတွေ့ဆုံပွဲ၌ဆုံးဖြတ်ခဲ့ကြပြီး၊ စတမ်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် ကလက်တန်ဘတ်လာရောက်ကြီးကြပ်မည်ဆိုပါက ကြိုဆိုသွားမည်ဟု ချယ်လ်ဆီးအသင်းတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်းသိရှိရသည်။

## BRIEF

❒ မန်ယူတိုက်စစ်မှူးဝိန်းရွန်နီက မန်ယူအသင်းအနေဖြင့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ပြိုင်ဘက်အသင်းများကို ဦးဆောင်ဂိုးများပေးနေရခြင်းအားရပ်တန့်သင့်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

❒ လီဗာပူးလ်အသင်း၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ စတန်ကော်လီမိုးက Twitter စာမျက်နှာပေါ်တွင် လူမျိုးရေးခွဲခြားသူများကို ရဲတပ်ဖွဲ့က အလျင်အမြန်စုံစမ်းရှာဖွေဖော်ထုတ်ပြီး အရေးယူခြင်းကိုကျေးဇူးတင်ကြောင်းပြောကြားခဲ့သည်။

❒ ဖူလ်ဟမ်အသင်းနည်းပြ မာတင်ဂျိုးလ်က ချယ်လ်ဆီးအသင်းနည်းပြ ဘင်နီတက်ဇ်သည် သူ့အပေါ်လှောင်ပြောင်မှုများပြုလုပ်နေသည့်ချယ်လ်ဆီးပရိသတ်များ၏အမြင်ကို ပြောင်းလဲပေးနိုင်လိမ့်မည်ဟုပြောကြားခဲ့သည်။

❒ ဝက်စ်ဘရွန်းအသင်းနည်းပြ စတိဗ်ကလက်ခ်က ပရီးမီးယားလိဂ်ပွဲစဉ်များတွင် နိုင်ပွဲများရရှိခြင်းအတွက် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြမော်ရင်ဟိုထံမှချီးကျူးသည့်မက်ဆေ့ချ်ရရှိခဲ့သည်ဟုပြောကြားခဲ့သည်။

❒ အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်က အာဆင်နယ်ကွင်းလယ်လူ အာတီတာကိုချီးကျူးလိုက်ပြီး အာတီတာမှာ အာဆင်နယ်အသင်းတွင် ဦးဆောင်မှုပေးနိုင်သူတစ်ဦးဖြစ်သည်ဟုပြောကြားခဲ့သည်။

❒ ရီးယဲလ်မက်ဒရစ်အသင်း၏ ဂျာမနီလက်ရွေးစင်ကွင်းလယ်လူ အိုဇေးလ်အား မန်ချက်စတာမြို့ခံ မန်ယူနှင့်မန်စီးတီးအသင်းတို့ကစိတ်ဝင်စားနေပြီး နှစ်သင်းအပြိုင်ကြိုးပမ်းဖွယ်ရှိနေကြောင်းသိရသည်။

# ပရိသတ်များအနေဖြင့် မိမိအသင်းကို မိမိ ပြန်လည် လှောင်ပြောင်ရန်အခွင့်အရေးရှိသည်ဟု ဘိုအက်ရှ်သုံးသပ်



စပါးအသင်းနည်းပြ ဘိုအက်ရှ်က ပရိသတ်များအနေဖြင့် မိမိအသင်းနှင့် မိမိအသင်း၏နည်းပြတို့ကို ပြန်လည်လှောင်ပြောင်ရန် အခွင့်အရေးရှိသည်ဟုပြောကြားလိုက်သည်။

ဘိုအက်ရှ်သည် စပါးအသင်းကို စတင်တာဝန်ယူခဲ့စဉ်(ရာသီအစက) ရလဒ်များဆိုးရွားခဲ့၍ အသင်းအားပေးသူပရိသတ်များ၏လှောင်ပြောင်မှုကိုခံခဲ့ရသူဖြစ်သည်။ ၎င်းက ပရိသတ်များ၏လှောင်ပြောင်မှုများမှာ ပြဿနာမရှိကြောင်း၊ ပရိသတ်များအနေဖြင့် ယင်းကဲ့သို့အခွင့်အရေးကိုရရှိသင့်သည်ဟု ထင်မြင်ကြောင်းပြောကြားခဲ့သည်။

"ပရိသတ်တွေမှာ အခွင့်အရေးတွေ များစွာရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ သူတို့ဟာ ကလပ်အသင်းကို ချစ်မြတ်နိုးကြသူတွေပါ။ သူတို့ကို မရှိမဖြစ်လိုအပ်ပါတယ်။ သူတို့အနေနဲ့ အသင်းအပေါ်ကို စိတ်ကြိုက်ဝေဖန်မှုပေးနိုင်သလို၊ မိမိအလိုရှိရာကိုလည်းထုတ်ဖော်အသိပေးနိုင်ပါတယ်။ စိတ်ပျက်စရာဖြစ်ဖြစ်၊ ပျော်စရာဖြစ်ဖြစ် သူတို့ရဲ့ဆန္ဒကိုထုတ်ဖော်နိုင်ပါတယ်။ နည်းပြတစ်ယောက်အနေနဲ့လည်း ဒါကိုခံနိုင်ရပါမယ်။ တစ်ခါတစ်ရံမှာ ကျွန်တော်တို့မကြားချင်တာကြားရတတ်ပေမယ့် လက်ခံနိုင်ရပါမယ်"ဟု ဘိုအက်ရှ်ကပြောကြားခဲ့သည်။ ❒

## လက်ရှိပရီးမီးယားလိဂ်ပွဲစဉ်များတွင် တာဝန်ယူနေကြသည့် ဒိုင်လူကြီး(၁၆)ဦး

| အမည် | ဇာတိ | | ပရီးမီးယားလိဂ်တွင်စတင်တာဝန်ယူသောခုနှစ် |
|---|---|---|---|
| မာတင်အက်ကင်ဆင် | ဝက်စ်ယော့ခ်ရှိုင်းယား | (၄၁နှစ်) | ၂၀၀၅ |
| မာ့ခ်ကလက်တန်ဘတ် | Tyne and Wear | (၃၇နှစ်) | ၂၀၀၄ |
| မိုက်ဒင်း | မာဆေးဆိုက်ဒ် | (၄၄နှစ်) | ၂၀၀၀ |
| ဖီးလ်ဒေါက် | စတက်ဖို့ဒ်ရှိုင်းယား | (၄၉နှစ်) | ၂၀၀၁ |
| ခရစ္စဖွိုင် | မာဆေးဆိုက်ဒ် | (၄၉နှစ်) | ၂၀၀၁ |
| ကီဗင်ဖရန့် | လက်စတာရှိုင်းယား | (၄၁နှစ်) | ၂၀၀၉ |
| မိုက်ဂျုံးစ် | ချက်ရှိုင်းယား | (၄၄နှစ်) | ၂၀၀၈ |
| မာ့ခ်ဟယ်ဆေ | လန်ကက်စတာ | (၅၁နှစ်) | ၂၀၀၁ |
| မာရင်နာ | ဝက်စ်မစ်လန်းစ် | (၄၁နှစ်) | ၂၀၀၅ |
| လီမာဆင် | လန်ကက်ရှိုင်းယား | (၄၁နှစ်) | ၂၀၀၆ |
| ဂျုံနသန်မော့စ် | ဝက်စ်ယော့ခ်ရှိုင်းယား | (၄၂နှစ်) | ၂၀၁၁ |
| မိုက်ကယ်အိုလီဗာ | နော့သမ်ဘာလန်း | (၂၇နှစ်) | ၂၀၁၀ |
| လီပရောဘတ် | ဝစ်ရှိုင်းယား | (၄၀နှစ်) | ၂၀၀၇ |
| နေးလ်ဆွာဘရစ် | လန်ကက်ရှိုင်းယား | (၄၂နှစ်) | ၂၀၁၁ |
| အန်သိုနီတေလာ | ဂရိတ်မန်ချက်စတာ | (၃၄နှစ်) | ၂၀၁၀ |
| ဟောင်းဝပ်ဝက်ဘ် | ဆောက်ယော့ခ်ရှိုင်းယား | (၄၁နှစ်) | ၂၀၀၃ |

## စပါးအသင်းမှ အဒီဘာယောထွက်ခွာဖွယ်ရှိနေ

စပါးအသင်း၏ တိုက်ရိုက်စစ်မှုးအဒီဘာယောသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေကြောင်းသိရှိရသည်။ အဒီဘာယောအားခေါ်ယူရန် စပါးနည်းပြဟောင်း ဟယ်ရီရက်နက်ပ်နည်းပြနေသည့် QPR အသင်းက ပစ်မှတ်ထားလျက်ရှိနေပြီး၊ အဒီဘာယောကိုယ်တိုင်ကပြောင်းရွှေ့ရန်ဆန္ဒရှိနေကြောင်းလည်းသိရှိရသည်။ အဒီဘာယောက စပါးအသင်းတွင်ပျော်ရွှင်နေသည်ဟုဆိုသော်လည်း အသင်းပြောင်းမည်ဆိုသည့်သတင်းများကိုငြင်းဆန်ခြင်းမပြုခဲ့ပေ။

## ဆနိုက်ဒါအတွက် နာနီကို အသုံးပြုရန် မန်ယူအသင်းစီစဉ်နေ

မန်ယူအသင်းနည်းပြ ဖာဂူဆန်သည် အင်တာမီလန်အသင်းမှ ဟော်လန်လက်ရွေးစင်ကွင်းလယ်လူဆနိုက်ဒါကို ခေါ်ယူရရှိနိုင်ရေးအတွက် အသင်း၏တောင်ပံကစားသမားနာနီကို အသုံးပြုသွားဖွယ်ရှိနေကြောင်းသိရသည်။ ဆနိုက်ဒါသည် အင်တာမီလန်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် မပြေမလည်ဖြစ်နေပြီး၊ ဖာဂူဆန်က ၎င်းကိုထပ်မံကြိုးပမ်းရန်စီစဉ်နေခြင်းဖြစ်သည်။ ဆနိုက်ဒါအား ခေါ်ယူရန် ပြင်သစ်ကလပ် PSG အသင်းကလည်း မျက်စိကျနေကြောင်းသိရသည်။

## မာရီယိုဂိုးမက်ဇ်ကိုပေါင်သန်း(၄၀)ပေး၍ ခေါ်ရန် ချယ်လ်ဆီးပစ်မှတ်ထား

ချယ်လ်ဆီးအသင်းသည် အသင်း၏တိုက်စစ်ကိုအားဖြည့်ရန်အတွက် ဘေယန်မြူးနစ်အသင်း၏ဂျာမနီလက်ရွေးစင်တိုက်စစ်မှုး မာရီယိုဂိုးမက်ဇ်ကိုပစ်မှတ်ထားနေကြောင်းသိရှိရသည်။ Daily Express သတင်းစာ၏ဖော်ပြချက်အရ ဂိုးမက်ဇ်ကိုခေါ်ယူရရှိရန်အတွက် ချယ်လ်ဆီးအသင်းသည် ပေါင်သန်း(၄၀)အထိအသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။ ချယ်လ်ဆီးအသင်းသည် အဓိကတိုက်စစ်မှုးတောရက်စ်၏ခြေစွမ်းအပေါ် ပူပန်မှုရှိလာ၍ ဂိုးမက်ဇ်ကိုပစ်မှတ်ထားနေခြင်းလည်းဖြစ်သည်။

# ကမ္ဘာ့လစာငွေအများဆုံးဘောလုံးနည်းပြ(၃၀)ဦး စာရင်းကို ဘရာဇီးလ်စီးပွားရေးလုပ်ငန်းတစ်ခုထုတ်ပြန်

## ရီးယဲယ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုဦးဆောင်လျက်ရှိ

ဘရာဇီးလ်အားကစားစီးပွားရေးအကြံပေးလုပ်ငန်းတစ်ခုဖြစ်သော Pluri Consultoria မှ ကမ္ဘာပေါ်တွင် လစာငွေအများဆုံးရရှိသော ဘောလုံးနည်းပြ(၃၀)ဦးစာရင်းကိုထုတ်ပြန်ကြေညာခဲ့ကြောင်းသိရှိရသည်။

ယင်းစာရင်းတွင် လက်ရှိ ရီးယဲယ်မက်ဒရစ်အသင်းနည်းပြမော်ရင်ဟိုက တစ်နှစ်လစာငွေပေါင်(၁၂.၃)သန်းဖြင့်ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။ မော်ရင်ဟို၏နောက်တွင် ပြင်သစ်ကလပ် PSG အသင်းနည်းပြအန်ဆယ်လော့တီကပေါင်(၁၀.၉)သန်းဖြင့်ရှိနေပြီး၊ သူ၏နောက်တွင် တရုတ်ကလပ်ကွမ်ကျိုးအသင်းနည်းပြဖြစ်သူ အီတလီလူမျိုးနည်းပြ မာဆယ်လိုလစ်ပီက ပေါင်(၈.၇)သန်းဖြင့်ရပ်တည်နေကြောင်းသိရှိရသည်။ မန်ယူနည်းပြဖာဂူဆန်နှင့် အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးတို့က စတုတ္ထ၊ ပဉ္စမနေရာများတွင် အစဉ်လိုက်ရပ်တည်နေပြီး၊ အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြ ရွိုင်းဟော့ဒ်ဆန်မှာ တစ်နှစ်လစာငွေပေါင် (၂)သန်းဖြင့် အဆင့်(၃၀)နေရာသို့ ရောက်ရှိနေကြောင်းသိရှိရသည်။

လက်ရွေးစင်အသင်းနည်းပြများထဲတွင် ရုရှားလက်ရွေးစင်အသင်းကိုတာဝန်ယူနေသည့် အီတလီလူမျိုးနည်းပြကာပယ်လိုက အများဆုံးအဖြစ် တစ်နှစ်လစာငွေပေါင်(၆.၃)သန်းရရှိနေပြီး အဆင့်(၇)နေရာတွင်ရပ်တည်နေကြောင်းသိရှိရသည်။ သူ၏နောက်တွင် အာရှအသင်းများဖြစ်သည့် တရုတ်၊ ဆော်ဒီအသင်းများ၏နည်းပြများဖြစ်သော ကမာချို၊ ရီကတ်တို့ရှိနေကြပြီး၊ နာမည်ကြီး အီတလီ၊ အင်္ဂလန်လက်ရွေးစင်အသင်းများ၏နည်းပြများထက် ပိုမိုများပြားသောလစာငွေကိုရရှိနေကြကြောင်းသိရှိရသည်။ ❐

**ကမ္ဘာ့လစာငွေအများဆုံးရဘောလုံးနည်းပြ(၁၀)ဦး**

| စဉ် | နည်းပြ | ကလပ်/အသင်း | လစာငွေ(တစ်နှစ်ပေါင်) |
|---|---|---|---|
| ၁ | မော်ရင်ဟို | ရီးယဲယ် | (၁၂.၃)သန်း |
| ၂ | အန်ဆယ်လော့တီ | PSG | (၁၀.၉)သန်း |
| ၃ | လစ်ပီ | ကွမ်ကျိုး | (၈.၇)သန်း |
| ၄ | ဖာဂူဆန် | မန်ယူ | (၇.၆)သန်း |
| ၅ | အာစင်ဝင်းဂါး | အာဆင်နယ် | (၇.၅)သန်း |
| ၆ | ဂူဟစ်ဒင့် | အန်ဇီ | (၆.၇)သန်း |
| ၇ | ကာပယ်လို | ရုရှား | (၆.၃)သန်း |
| ၈ | ဗီလာနိုဗာ | ဘာစီလိုနာ | (၅.၆)သန်း |
| ၉ | ကမာချို | တရုတ် | (၄.၈)သန်း |
| ၁၀ | မန်စီနီ | မန်စီးတီး | (၄.၈)သန်း |



# ကင်ဆာဖြင့်ကွယ်လွန်ခဲ့သောလီဗာပူးလ် ယူ-၉ကစားသမား ပက်ကားအတွက် ဝမ်းနည်းခြင်းအခမ်းအနားပြုလုပ်မည်



စတီဗင်ပက်ကားအားလီဗာပူးလ်ကွင်းလယ်လူလူးကပ်စ်လီဗာနှင့်အတူတွေ့ရစဉ်

လီဗာပူးလ်အသင်းသည် ပြီးခဲ့သည့်တနင်္ဂနွေနေ့က ကင်ဆာရောဂါဖြင့်ကွယ်လွန်သွားခဲ့သော အသင်း၏အကယ်ဒမီကစားသမားစတီဗင်ပက်ကားအတွက် ဝမ်းနည်းခြင်းအခမ်းအနားကို ယခုစနေနေ့တွင်ကစားမည့် ဆောက်သမ်တန်နှင့်ပွဲတွင်ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

စတီဗင်ပက်ကားသည် လီဗာပူးလ်ယူ-၉ လူငယ်အသင်း၏ကစားသမားတစ်ဦးလည်းဖြစ်ပြီး၊ အရည်အသွေးရှိသည့်လူငယ်ကစားသမားတစ်ဦးအဖြစ်သတ်မှတ်ခံထားရသူဖြစ်သည်။ လီဗာပူးလ်အသင်းတာဝန်ရှိသူများက ၎င်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် (၁)မိနစ်ငြိမ်သက်ရန်စီစဉ်ထားသော်လည်း သူ၏မိသားစုကတိတ်တဆိတ်ငြိမ်သက်ရန်ထက် (၁)မိနစ်ခန့်လက်ခုပ်တီးအားပေးရန်တောင်းဆိုခဲ့ကြောင်း သိရှိရသည်။ ပက်ကားကွယ်လွန်ခြင်းအတွက်လီဗာပူးလ်ကစားသမားများက Twitter စာမျက်နှာမှတစ်ဆင့် ဝမ်းနည်းကြောင်းရေးသားခဲ့ကြသည်။

## SHORT

❐ မန်ယူအသင်း၏ တိုက်စစ်မှုးဟောင်းဖြစ်သူ နစ္စတယ်ရွိုင်းက သူသည် နည်းပြလောကသို့ကူးပြောင်းရန် စိတ်ဝင်စားနေကြောင်းပြောကြားခဲ့သည်။

❐ ချယ်လ်ဆီးအသင်းသည် ဘရာဇီးလ်ကလပ် အက်သလက်တီကိုမင်နဲရိုးအသင်း၏ကွင်းလယ်လူ ဘားနတ်ကိုခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်းသိရသည်။

❐ အာဆင်နယ်အသင်းမှ ဂျူဗင်တပ်စ်သို့အငှားသွားရောက်ကစားနေသည့် ဒိန်းမတ်တိုက်စစ်မှုးဘန်တနာ၏ အေးဂျင့်ဖြစ်သူက သူ၏ကစားသမားသည် ဂျူဗင်တပ်စ်အသင်းတွင် ဆက်ရှိဖွယ်ရှိသည်ဟုပြောကြားခဲ့သည်။

❐ QPR အသင်းနည်းပြ ဟယ်ရီရက်နက်ပ်က မိမိသည် မန်ယူအသင်းစိတ်ဝင်စားနေသည့် ကွင်းလယ်လူတာရတ်ဘ်ကို အသင်းတွင်ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ကြိုးစားသွားမည်ဟုပြောကြားခဲ့သည်။

❐ မန်ယူအသင်း၏စပိန်ဂိုးသမား ဒီဂီယာက မန်ယူအသင်းတွင် ဂိုးသမားနေရာအတွက် ဒိန်းမတ်ဂိုးသမားလင်ဒီဂတ်နှင့်အပြိုင်နေရာလုနေရခြင်းကို ကျေနပ်အားရမိသည်ဟုပြောကြားခဲ့သည်။

❐ မန်စီးတီးနည်းပြ မန်စီနီက မာလာဂါအသင်း၏တောင်ပံကစားသမားအစ္စကိုသည် မိမိတို့ရေရှည်ပစ်မှတ်ထားသည့်ကစားသမားဖြစ်ပြီး၊ တစ်နေ့နေ့တစ်ချိန်ချိန်တွင် မန်စီးတီးသို့ရောက်ရှိလာလိမ့်မည်ဟုပြောကြားခဲ့သည်။

❐ နယူးကာဆယ်အသင်းနည်းပြ အလန်ပါဂျူးက ယခုနောက်ပိုင်းပွဲစဉ်များတွင် အသင်း၏တိုက်စစ်မှုးပါပစ်ဒမ်ဘာဆစ်စီ ဂိုးပေါက်ပျောက်ဆုံးနေခြင်းကို မိမိအနေဖြင့် မပူပန်မိကြောင်းနှင့် ဆစ်စီ၏သွင်းဂိုးများကို ပြန်လည်တွေ့မြင်ရလိမ့်မည်ဟုယုံကြည်ကြောင်းပြောကြားခဲ့သည်။

❐ ချယ်လ်ဆီးအသင်း၏ကွင်းလယ်လူ လမ်းပတ်သည် အကယ်၍ ချယ်လ်ဆီးအသင်းမှထွက်ခွာဖြစ်ခဲ့ပါက မေဂျာလိဂ်ကလပ်အသင်းတစ်သင်းသင်းသို့ပြောင်းဖွယ်ရှိကြောင်းသိရသည်။

❐ အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်စ်က အာဆင်နယ်အသင်းနည်းပြအာစင်ဝင်းဂါးကို အာဆင်နယ်ပရိသတ်များကလှောင်ပြောင်ခြင်းအား မိမိအလွန်အံ့အားသင့်ရသည်ဟုပြောကြားခဲ့သည်။

## ကမ္ဘာ့လစာငွေအများဆုံးရ ဘောလုံးနည်းပြ ကျန်(၂၀)ဦးစာရင်း

| စဉ် | နည်းပြ | ကလပ်/အသင်း | လစာငွေ(တစ်နှစ်ပေါင်) |
|---|---|---|---|
| ၁၁ | ရီကတ် | ဆော်ဒီအာရေဗျ | (၄.၃)သန်း |
| ၁၂ | ဂျပ်ဟေးနက်စ် | ဘေယန်မြူးနစ် | (၄.၂)သန်း |
| ၁၃ | ဘိုအက်ရှ် | စပါး | (၃.၆)သန်း |
| ၁၄ | ဟယ်ရီရက်နက်ပ် | QPR | (၃.၂)သန်း |
| ၁၅ | ဂျော့ချ်ဂျေးဆက်စ် | ဘင်ဖီကာ | (၃.၂)သန်း |
| ၁၆ | ဒေးဗစ်မိုယက်စ် | အဲဗာတန် | (၂.၉)သန်း |
| ၁၇ | ပယ်လီဂရီနီ | မာလာဂါ | (၂.၉)သန်း |
| ၁၈ | ပေါ်လိုအော်တော်ရီ | ကာတာ | (၂.၉)သန်း |
| ၁၉ | အဘာယ်လ်ဘရာဂါ | ဖလူမင်နိစ် | (၂.၈)သန်း |
| ၂၀ | စပယ်လက်တီ | ဇင်းနစ် | (၂.၇)သန်း |
| ၂၁ | အန်တိုနီယိုကွန်တီ | ဂျူဗင်တပ်စ် | (၂.၄)သန်း |
| ၂၂ | ပရင်ဒယ်လီ | အီတလီ | (၂.၄)သန်း |
| ၂၃ | လူဇင်ဘာဂို | ဂရီမီယို | (၂.၄)သန်း |
| ၂၄ | ရာမယ်လ်ဟို | ဆန်းတို့စ် | (၂.၄)သန်း |
| ၂၅ | တီတီ | ကိုရင်သီယန် | (၂.၄)သန်း |
| ၂၆ | အော်တမာဟစ်ဇ်ဖဲလ် | ဆွစ်ဇာလန် | (၂.၁)သန်း |
| ၂၇ | ဂျိုအာချင်လိုး | ဂျာမနီ | (၂)သန်း |
| ၂၈ | ဘီယယ်လ်ဆာ | ဘီလ်ဘာအို | (၂)သန်း |
| ၂၉ | မာတင်အိုနေးလ် | ဆန်းဒါးလန်း | (၂)သန်း |
| ၃၀ | ရွိုင်းဟော့ဒ်ဆန် | အင်္ဂလန် | (၂)သန်း |

# ယခုတစ်ပတ်အတွင်း ကစားမည့်ပွဲစဉ်များ

## သောကြာနေ့(၃၀-၁၁-၂၀၁၂)

### AFF Suzuki Cup

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 7:50PM | ဖိလစ်ပိုင် - မြန်မာ | ESPN |
| 7:50PM | ထိုင်း - ဗီယက်နမ် | STAR |

## စနေနေ့(၁-၁၂-၂၀၁၂)

### Premier League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 7:15PM | ဝက်စ်ဟမ်း - ချယ်လ်ဆီး | TSP1 |
| 9:30PM | အာဆင်နယ် - ဆွမ်ဆီး | |
| 9:30PM | ဖူလ်ဟမ် - စပါး | |
| 9:30PM | လီဗာပူးလ် - ဆောက်သမ်တန် | |
| 9:30PM | မန်စီးတီး - အဲဗာတန် | TSP1 |
| 9:30PM | QPR - အက်စတွန်ဗီလာ | |
| 9:30PM | ဝက်စ်ဘရွန်း - စတုတ်စီးတီး | |
| 12:00PM | ရက်ဒင်း - မန်ယူ | TSP3 |

### La-Liga

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:30AM | အိုဆာဆူနာ - ဗယ်လက်ကာနို | |
| 9:30PM | ဂီတာဖေး - မာလာဂါ | |
| 11:30PM | ဗလင်စီယာ - ဆိုစီဒက် | |

### Serie-A

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:15AM | ကာတာနီယာ - အေစီမီလန် | TSP3 |

### Bundesliga

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:00AM | ဒက်ဆယ်ဒေါ့ဖ် - ဖရန့်ဖတ် | |
| 9:00PM | လေဗာကူဆင် - နူရင်ဘတ် | |
| 9:00PM | အော့စ်ဘတ် - ဖရိုင်းဘတ် | |
| 9:00PM | မိန့်ဇ် - ဟန်နိုဗာ | |
| 9:00PM | ရှော်လ်ကာ - မိုချန်ဂလာဘတ် | |
| 9:00PM | ဂရေသာဖက်သ် - စတုဂတ် | |
| 12:00PM | ဘေယန်မြူးနစ် - ဒေါ့မွန် | |

### France League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:15AM | အေယက်စီယို - စိန့်အက်တီယန် | |
| 10:30PM | လိုင်ယွန် - မောင့်ပယ်လီယာ | |

### League Championship

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:15AM | ဘာမင်ဂမ် - မစ်ဒယ်ဘရော့ | |
| 7:00PM | ဟတ်ဒါဖီးလ် - လိဒ်စ် | |
| 9:30PM | ဘော်လ်တန် - အစ်ဝစ်ချ် | |
| 9:30PM | ဘရစ္စတိုးလ်စီးတီး - ဝုလ်ဗ် | |
| 9:30PM | ခရစ္စတယ်ပဲလေ့စ် - ဘရိုက်တန် | |
| 9:30PM | မီဝေါလ် - ချာလ်တန် | |
| 9:30PM | နော်တင်ဟမ်ဖောရက်စ် - ဟားလ်စီးတီး | |
| 9:30PM | ပီတာဘရော့ - ဘလက်ပူးလ် | |
| 9:30PM | ဝက်ဖို့ဒ် - ဘန်စလေ | |
| 11:50PM | လက်စတာ - ဒါဘီ | |

### AFF Suzuki Cup

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 7:15PM | စင်ကာပူ - လာအို | ESPN |
| 7:15PM | မလေးရှား - အင်ဒိုနီးရှား | STAR |

## တနင်္ဂနွေနေ့(၂-၁၂-၂၀၁၂)

### Premier League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 10:30PM | နော်ဝစ်ချ် - ဆန်းဒါးလန်း | TSP1 |

### La-Liga

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 01:30AM | ဘာစီလိုနာ - ဘီလ်ဘာအို | |
| 03:30AM | ရီးယဲယ်မက်ဒရစ် - အက်သလက်တီကို | |
| 5:30PM | ဂရန်နာဒါ - အက်စ်ပန်ညို | |
| 10:30PM | ဒီပို့တီဗို - ဘက်တစ် | |

### Serie-A

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:15AM | ဂျူဗင်တပ်စ် - တိုရီနို | TSP3 |
| 6:00PM | နာပိုလီ - ပက်စ်ကာရာ | TSP3 |
| 8:30PM | ဘိုလော့ဂ်နာ - အတ္တလန်တာ | |
| 8:30PM | ဂျီနိုအာ - ချီယေဗို | |
| 8:30PM | အင်တာမီလန် - ပါလာမို | |
| 8:30PM | လာဇီယို - ပါးမား | |
| 8:30PM | ဆီနာ - ရိုးမား | |
| 8:30PM | အူဒီးနီးစ် - ကာဂလီယာရီ | |

### Bundesliga

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 9:00PM | ဟော်ဖန်ဟင်မ် - ဝါဒါဘရီမင် | |
| 11:00PM | ဝုလ်ဖ်ဘတ် - ဟမ်းဘတ် | |

### France League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 01:30AM | ဘော်ဒိုး - ဆိုးချော့စ် | |
| 01:30AM | အီဗီယန် - နန်စီ | |
| 01:30AM | လိုင်လီ - ဘတ်စတီယာ | |
| 01:30AM | နိုက်စ် - PSG | |
| 01:30AM | ဗလင်စီနက်စ် - ရိမ်းစ် | |
| 7:30PM | ဘရက်စ် - မာဆေးလ် | |
| 10:30PM | ထရွိုင်ယက်စ် - ရိန်းစ် | |

### League Championship

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 7:00PM | ဘန်လေ - ဘလက်ဘန်း | |
| 9:30PM | ကာဒစ်ဖ် - ရှက်ဖီးဝင်းစ်ဒေး | |

## တနင်္လာနေ့(၃-၁၂-၂၀၁၂)

### La-Liga

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 00:30AM | ဆယ်လ်တာဗီဂို - လီဗန်တေး | |
| 02:30AM | မာယော့ကာ - ဇာရာဂိုဇာ | |

### Serie-A

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:15AM | ဖီအိုရင်တီးနား - ဆမ်ဒိုးရီးယား | |

### France League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:30AM | လော်ရီယန့် - တူးလော့စ် | |

## အင်္ဂါနေ့(၄-၁၂-၂၀၁၂)

### Premier League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:30AM | နယူးကာဆယ် - ဝီဂန် | TSP1 |

### La-Liga

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 03:00AM | ဆီဗီလာ - ဗယ်လာဒိုလစ် | |

## ဗုဒ္ဓဟူးနေ့(၅-၁၂-၂၀၁၂)

### Champions League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:15AM | ဒိုင်နမိုဇာဂရက် - ဒိုင်နမိုကိဗ် | |
| 02:15AM | PSG - ပေါ်တို | |
| 02:15AM | မောင့်ပယ်လီယာ - ရှော်လ်ကာ | |
| 02:15AM | အိုလံပီယာကော့စ် - အာဆင်နယ် | |
| 02:15AM | အေစီမီလန် - ဇင်းနစ် | |
| 02:15AM | မာလာဂါ - အန်ဒါလက်ချ် | |
| 02:15AM | ဒေါ့မွန် - မန်စီးတီး | |
| 02:15AM | ရီးယဲယ်မက်ဒရစ် - အေဂျက်စ် | |

## ကြာသပတေးနေ့(၆-၁၂-၂၀၁၂)

### Champions League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 02:15AM | ချယ်လ်ဆီး - နော့စ်ဂျေးလန်း | |
| 02:15AM | ရှက်တာဒိုးနက် - ဂျူဗင်တပ်စ် | |
| 02:15AM | ဘေယန်မြူးနစ် - BATE | |
| 02:15AM | လိုင်လီ - ဗလင်စီယာ | |
| 02:15AM | ဘာစီလိုနာ - ဘင်ဖီကာ | |
| 02:15AM | ဆဲလ်တစ် - စပါးတပ်မော်စကို | |
| 02:15AM | စပို့တင်းဘရာဂါ - ဂါလာတာစာရေး | |
| 02:15AM | မန်ယူ - ကလုချ် | |

## သောကြာနေ့(၇-၁၂-၂၀၁၂)

### Europa League

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| 00:30AM | အူဒီးနီးစ် - လီဗာပူးလ် | |
| 00:30AM | ယန်းဘွိုင်းစ် - အန်ဇီ | |
| 00:30AM | ဟာပိုးတဲလ်အဗစ် - အကယ်ဒမီကာ | |
| 00:30AM | ဗစ်တိုးရီးယားပါလ်ဇန် - အက်သလက်တီကို | |
| 00:30AM | AELလီမာဆိုးလ် - မာဆေးလ် | |
| 00:30AM | ဖီနာဘာချီ - မိုချန်ဂလာဘတ် | |
| 00:30AM | ဘော်ဒိုး - နယူးကာဆယ် | |
| 00:30AM | မာရီတီမို - ကလပ်ဘရုဂေး | |
| 00:30AM | FCကိုပင်ဟေဂင် - စတူအာဘူခါရက် | |
| 00:30AM | စတုဂတ် - မိုလ်ဒီ | |
| 00:30AM | ဒီနီပရို - AIKဆိုလ်နာ | |
| 00:30AM | နာပိုလီ - PSV | |
| 02:35AM | KRCဂျန့် - ဘေဆယ် | |
| 02:35AM | စပို့တင်းလစ္စဘွန်း - ဗီဒီယိုတန် | |
| 02:35AM | ပါတီဇန် - ရှုဘင်ကာဇန် | |
| 02:35AM | ဘီလ်ဘာအို - စပါတာပရပ်ဂ် | |
| 02:35AM | လိုင်ယွန် - ဟာပိုးရှုမိုနာ | |
| 02:35AM | မာရီဘော - လာဇီယို | |
| 02:35AM | စပါး - ပင်နယ်သီယာကော့စ် | |
| 02:35AM | လေဗာကူဆင် - ရိုစင်ဘော့ | |
| 02:35AM | ရက်ပစ်ဝီအန် - မက်တဲလစ် | |
| 02:35AM | လီဗန်တေး - ဟန်နိုဗာ | |
| 02:35AM | FCတွမ်တီး - ဟယ်လ်ဆင်ဘော့ | |




# မရထိုက်သည့် ပယ်နယ်တီဖြင့် ဂျူဗင်တပ်စ်အသင်းကို အနိုင်ရခဲ့သည်ဟု အေစီမီလန်အသင်းနည်းပြအယ်လီဂရီဝန်ခံ

## ကစားပုံမကောင်းခဲ့သည့်အတွက် ထိုက်ထိုက်တန်တန်ရှုံးနိမ့်ခဲ့ဟု ဘူဖွန်ဆို

အေစီမီလန်အသင်း၏ နည်းပြဖြစ်သူအယ်လီဂရီက ဂျူဗင်တပ်စ်အသင်းကို အနိုင်ရခဲ့သည့်ပွဲတွင် မိမိတို့အသင်းသည် မရထိုက်သည့် ပယ်နယ်တီဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည်ဟု ပြောကြားသွားခဲ့သည်။ သို့ရာတွင်အသင်း၏ခံစစ်ကြောင်းကိုမူ ချီးကျူးလိုကြောင်း၊ဂျူဗင်တပ်စ်အသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ ယင်းအတွက်ကြောင့် အေစီမီလန်အသင်းနည်းပြ အယ်လီဂရီက "နည်းပြခုံတန်းက ကျွန်တော်ကြည့်တော့ ဒါကိုပယ်နယ်တီလို့ပဲ ထင်ခဲ့ပါတယ်။ ဒါပေမဲ့ ရုပ်သံမှာပြန်ကြည့်တော့ လက်ထိဘောမဟုတ်ပါဘူး။ ကျွန်တော်တို့မရသင့်တဲ့ ပယ်နယ်တီဂိုးတစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာပါ"ဟုပြောကြားခဲ့သည်။

ဂျူဗင်တပ်စ်အသင်း၏ ဂိုးသမားဖြစ်



**ဂျူဗင်တပ်စ်အသင်း၏နောက်ခံလူအစ်လာသည် ပယ်နယ်တီ ဧရိယာအတွင်းလက်ဖြင့်ထိမိခဲ့သည်ဟုဆိုကာပယ်နယ်တီပေးခဲ့ရခြင်းဖြစ်ပြီး ရုပ်သံအနေးပြကွက်များတွင် ပြန်လည်ပြသခဲ့ပြီးနောက် ၎င်း၏လက်ဖြင့်မထိခဲ့ဘဲ နံကြားနှင့်သာထိခဲ့ခြင်းဖြစ်**

ဂျူဗင်တပ်စ်အသင်းသည် အေစီမီလန်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းမှာ ပြီးခဲ့သည့် (၁၈)လအတွင်း ပထမဆုံးအဝေးကွင်းရှုံးပွဲဖြစ်ခဲ့ပြီး အေစီမီလန်တိုက်စစ်မှူးရော်ဘင်ဟို၏ တစ်လုံးတည်းသောဂိုးဖြင့်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်အသင်း၏ နောက်ခံလူ အစ်လာသည် ပယ်နယ်တီ ဧရိယာအတွင်း လက်ဖြင့်ထိမိခဲ့သည်ဟု ဆိုကာ ပယ်နယ်တီပေးခဲ့ရခြင်းဖြစ်ပြီး ရုပ်သံအနေးပြကွက်များတွင် ပြန်လည်ပြသခဲ့ပြီးနောက် ၎င်း၏လက်ဖြင့်မထိခဲ့ဘဲ နံကြားနှင့်သာ ထိခဲ့ခြင်းဖြစ်ကြောင်းသိရှိရသူဘူဖွန်ကမူ "ကျွန်တော်တို့အသင်းရဲ့ကစားပုံက အားရစရာမရှိပါဘူး။ မပေးသင့်တဲ့ ပယ်နယ်တီဂိုးတစ်ဂိုးပေးခဲ့ရတယ်ဆိုပေမယ့် ချေပဂိုးပြန်ရနိုင်တဲ့အခွင့်အရေးတွေမဖန်တီးနိုင်လို့ ရှုံးခဲ့တာပါ"ဟု ပြောကြားခဲ့သည်။ ဂျူဗင်တပ်စ်အသင်း၏ အမှုဆောင်ချုပ် ဘီပီမာရော့တာကမူ ယခုပွဲတွင် ပြသခဲ့သည့်ခြေစွမ်းသည် ယခုနှစ်ရာသီအတွက် မိမိတို့အသင်း၏ အဆိုးရွားဆုံးစွမ်းဆောင်ရည်ဖြစ်ကြောင်းနှင့်ပယ်နယ်တီပေးလိုက်သည့် ဆုံးဖြတ်ချက်အတွက်လည်းစိတ်ပျက်မိသည်ဟုဆိုခဲ့သည်။

### ရိုးမားသို့ပြောင်းရွှေ့ခဲ့ခြင်းအတွက်ဒက်စ်ထရိုနောင်တမရ

ရိုးမားအသင်း၏ အီတလီလူငယ်ကြယ်ပွင့်တိုက်စစ်မှူး ဒက်စ်ထရိုက ရိုးမားအသင်းသို့ပြောင်းရွှေ့ခဲ့ခြင်းအတွက် နောင်တရနေမည်မဟုတ်ကြောင်းပြောကြားသွားခဲ့သည်။ သူသည် ရိုးမားအသင်းသို့ပြောင်းရွှေ့လာပြီးနောက်ပိုင်း အသင်းအတွက် (၅)ပွဲသာပွဲထွက်ကစားခွင့်ရရှိထားသူဖြစ်သည်။ ဒက်စထရိုသည် ပက်စ်ကာရာအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲတွင်အသင်းအတွက်တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူပေးခဲ့ပြီးနောက်၎င်းက "ကျွန်တော့်ရဲ့ရွေးချယ်မှုကို ကျွန်တော်ကျေနပ်ပါတယ်။ ဒီအတွက်နောင်တမရပါဘူး"ဟုပြောကြားခဲ့သည်။

### ပါးမားကိုရှုံးနိမ့်ခဲ့ခြင်းအတွက် စထရာမာ ဒေါသထွက်

အင်တာမီလန်အသင်း၏ နည်းပြဖြစ်သူ စထရာမာသည် ပါးမားအသင်းကိုရှုံးနိမ့်ခဲ့ခြင်းအတွက် အသင်း၏ကစားပုံအား ပြစ်တင်ဝေဖန်မှုများပြုလုပ်သွားခဲ့သည်။ အင်တာမီလန်အသင်းသည် ယင်းပွဲတွင် ပထမပိုင်း၌ တိုက်စစ်ပိုင်းကအခွင့်အရေးများရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ချေ။ ဒုတိယပိုင်းတွင်မူ ပါးမားအသင်း၏ဖိအားပေးခြင်းကိုခံခဲ့ရသည့်အပြင်ပွဲချိန် (၇၅)မိနစ်၌ ပါးမားတိုက်စစ်မှူးဆန်ဆိုနီ၏ ဂိုးသွင်းယူခြင်းကိုခံခဲ့ရပြီးရှုံးနိမ့်ခဲ့ရာ "စိတ်ပျက်စရာရှုံးပွဲပါ။အသင်းရဲ့ဒုတိယပိုင်းကစားပုံကအရမ်းညံ့ပါတယ်"ဟုပြောကြားခဲ့သည်။

# လာဇီယိုပရိသတ်များ၏ တိုက်ခိုက်ခြင်းခံခဲ့ရသည့် စပါးပရိသတ်များ တက်ရောက်ကုသနေသော ဆေးရုံသို့ လာဇီယိုဥက္ကဋ္ဌသွားရောက်အားပေး

လာဇီယိုအသင်း၏ ဥက္ကဋ္ဌဖြစ်သူ လော့တီတိုသည် ပြီးခဲ့သည့်ယူရိုပါလိဂ်ပွဲစဉ်၌ လာဇီယိုပရိသတ်များ၏ တိုက်ခိုက်ခြင်းခံရပြီး ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေရသည့် စပါးအသင်းပရိသတ်များအား သွားရောက်တွေ့ဆုံအားပေးခဲ့ကြောင်း သိရှိရသည်။



စပါးပရိသတ်များ တက်ရောက်ကုသနေသည့် ဆေးရုံသို့ သွားရောက်အားပေးခဲ့သူ လော့တီတို(လယ်)

စပါးအသင်းပရိသတ်များသည် ရောမမြို့အတွင်း လာဇီယိုအသင်းပရိသတ်များ၏ တိုက်ခိုက်ခြင်းခံရကာ ယင်းတို့ထဲမှ (၇)ဦးမှာဆေးရုံသို့တင်ထားရခြင်းဖြစ်သည်။ ယခုအခါစပါးအသင်းပရိသတ်များရှိရာ ဆမ်ကာမီလိုဆေးရုံသို့ သွားရောက်အားပေးခဲ့ခြင်းဖြစ်သည်။ လော့တီတိုက စပါးပရိသတ်များနှင့်တွေ့ဆုံရာ၌ ၎င်းတို့ကိုတိုက်ခိုက်ခဲ့သူများအား အမြန်ဆုံးဖော်ထုတ်အရေးယူနိုင်ရန် စီစဉ်နေကြောင်း မိမိတို့အနေဖြင့် တိုက်ခိုက်ခံရသည့် ပရိသတ်များကိုလည်း အပြည့်အဝကူညီထောက်ပံ့မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မီဒီယာအချို့ကမူ ယင်းလုပ်ရပ်ကိုကျူးလွန်ခဲ့သူများမှာ လာဇီယိုအသင်းပရိသတ်များမဟုတ်ဘဲ မြို့ခံပြိုင်ဘက်ရိုးမားအသင်းပရိသတ်များ၏ လုပ်ရပ်ဖြစ်ကြောင်း ဖော်ပြမှုများရှိနေသည်။

## SHORT NEWS

❐ ပါလာမိုအသင်းသည် ပြင်သစ်ကလပ် PSG အသင်းတွင် ပုံမှန်နေရာမရဖြစ်နေသည့် အသင်း၏ ကစားသမားဟောင်း ပက်စ်တိုရီအားပြန်လည်ခေါ်ယူရန်စီစဉ်နေသည်ဆိုသည့်သတင်းများကို ငြင်းဆန်ပယ်ချလိုက်သည်။ အာဂျင်တီးနားလက်ရွေးစင်တစ်ဦးဖြစ်သူ ပက်စ်တိုရီသည် စီးရီးအေပြိုင်ပွဲ၏ အထွန်းတောက်ဆုံးလူငယ်ကြယ်ပွင့်တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း PSG အသင်းသို့ ပြောင်းရွှေ့သွားပြီးနောက်ပိုင်း ခြေစွမ်းမပြနိုင်ဘဲ ပုံမှန်နေရာပင်ပျောက်ဆုံးနေသူဖြစ်သည်။

❐ အေစီမီလန်အသင်း၏ နောက်ခံလူ လူကာအန်တိုနီနီက ဂျူဗင်တပ်စ်အသင်းနှင့်ကစားခဲ့သည့်ပွဲစဉ်မတိုင်မီ မိမိတို့အသင်းထံသို့ အသင်းပိုင်ရှင်ဘာလူစကိုနီရောက်ရှိလာခဲ့ခြင်းမှာ အသင်း၏ စိတ်ပိုင်းဆိုင်ရာကိုများစွာတိုးတက်လာစေခဲ့ကြောင်း၊ ဘာလူစကိုနီ၏စကားများသည်မိမိတို့အသင်းကို များစွာတက်ကြွလာစေခဲ့ကြောင်းပြောကြားခဲ့သည်။ အန်တိုနီနီက "ကျွန်တော်တို့အသင်းရဲ့ စွမ်းဆောင်ရည်အတွက် ဘာလူစကိုနီရဲ့ စကားတွေကအများကြီးအထောက်အကူပြုခဲ့ပါတယ်။ သူကျွန်တော်တို့အသင်းရဲ့လေ့ကျင့်ရေးကွင်းကိုလာတိုင်းကျွန်တော်တို့ရလဒ်ကောင်းတတ်ပါတယ်"ဟုဆိုခဲ့သည်။

❐ နာပိုလီအသင်း၏ ဆလိုဗက်ကီးယားကြယ်ပွင့်ကစားသမား မာရက်ဟမ်ဆစ်က မိမိတို့အသင်းသည် ယခုနှစ်စကူဒက်တိုဖလားကို အရယူရန် ယုံကြည်မှုအပြည့်ရှိနေကြောင်းပြောကြားသွားခဲ့သည်။ ဟမ်ဆစ်က "ကာဂလီယာရီအသင်းဟာ တောင့်တင်းတဲ့အသင်းကောင်းတစ်သင်းပါ။ ဒီပွဲမှာ ကာဗာနီမပါနိုင်တဲ့အတွက် အခက်အခဲတွေလည်းရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ယုံကြည်မှုအပြည့်နဲ့ အနိုင်ကစားနိုင်ခဲ့ပါတယ်။ စကူဒက်တိုဖလားကို အရယူနိုင်မယ်လို့လည်း ယုံကြည်နေပါတယ်"ဟုပြောကြားခဲ့သည်။

## (၂၁)လအတွင်း ဂျူဗင်တပ်စ်ရှုံးနိမ့်ခဲ့သည့် စီးရီးအေပွဲစဉ်များ

လွန်ခဲ့သည့် (၁၈)လအတွင်း စီးရီးအေအဝေးကွင်းရှုံးပွဲ(၁)ပွဲသာရှိခဲ့သည့်ဂျူဗင်တပ်စ်အသင်းသည်(၂၁) လအတွင်းတွင်လည်း စီးရီးအေ ရှုံးပွဲ(၅)ပွဲသာရှိထားသည်။ယင်းရှုံးပွဲများမှာယခုရာသီတွင်(၂)ပွဲ၊ ၂၀၁၀-၁၁ ရာသီတွင်(၃)ပွဲရှုံးခဲ့ခြင်းဖြစ်သည်။

| ၂၆-၁၁-၂၀၁၂ | ၄-၁၁-၂၀၁၂ | ၁၅-၅-၂၀၁၁ | ၆-၃-၂၀၁၁ | ၂၇-၂-၂၀၁၁ |
|---|---|---|---|---|
| ပြိုင်ဘက် - အေစီမီလန် | ပြိုင်ဘက် - အင်တာမီလန် | ပြိုင်ဘက် - ပါးမား | ပြိုင်ဘက် - အေစီမီလန် | ပြိုင်ဘက် - ဘိုလော့ဂ်နာ |
| ကွင်း -Stadio Giuseppe Meazza | ကွင်း - Juventus Stadium | ကွင်း - Stadio Ennio Tardini | ကွင်း -Stadio Olimpico di Torino | ကွင်း -Stadio Olimpico di Torino |
| ရလဒ်- အေစီမီလန် ၁-၀ ဂျူဗီ | ရလဒ်- ဂျူဗီ ၁-၃ အင်တာမီလန် | ရလဒ်- ပါးမား ၁-၀ ဂျူဗီ | ရလဒ်- ဂျူဗီ ၀-၁ အေစီမီလန် | ရလဒ်- ဂျူဗီ ၀-၂ ဘိုလော့ဂ်နာ |
| ဂိုးသွင်းခဲ့သူများ | ဂိုးသွင်းခဲ့သူများ | ဂိုးသွင်းခဲ့သူများ | ဂိုးသွင်းခဲ့သူများ | ဂိုးသွင်းခဲ့သူများ |
| အေစီမီလန် - ရော်ဘင်ဟို | ဂျူဗင်တပ်စ် - ဗီဒယ်လ် | ပါးမား - ဂျီယိုဗင်ကို | ဂျူဗင်တပ်စ် - (-) | ဂျူဗင်တပ်စ် - (-) |
| ဂျူဗင်တပ်စ် - (-) | အင်တာ - မီလီတို(၂)၊ ပလာစီယို | ဂျူဗင်တပ်စ် - (-) | အေစီမီလန် - ဂတ်တူဆို | ဘိုလော့ဂ်နာ - ဒီဗိုင်ယို(၂) |

## ရီးယဲယ်ကိုသရေမျှဖြင့်မကျေနပ်တော့ဟုဖယ်လ်ကာအိုဆို

အက်သလက်တီကိုမက်ဒရစ်အသင်း၏ တိုက်စစ်မှူးဖယ်လ်ကာအိုက ယခုတစ်ပတ်ကစားမည့် ရီးယဲယ်မက်ဒရစ်အသင်းနှင့်ပွဲတွင် သရေကစားနိုင်ရုံမျှဖြင့် မိမိတို့ကျေနပ်တော့မည်မဟုတ်ကြောင်းပြောကြားခဲ့သည်။ ဖယ်လ်ကာအိုက "အရင်နှစ်တွေကတော့ ရီးယဲယ်လိုအသင်းမျိုးကို သရေကစားနိုင်ဖို့ပဲ ကျွန်တော်တို့အဓိကအာရုံစိုက်ခဲ့ရပါတယ်။ အခုအချိန်မှာတော့ သူတို့ကို ကျွန်တော်တို့ ကောင်းကောင်းယှဉ်ကစားနိုင်ပါပြီ။ သူတို့ကို သရေရလဒ်လောက်နဲ့ကျေနပ်နေတော့မှာမဟုတ်ပါဘူး"ဟုပြောကြားခဲ့သည်။

## မော်ရင်ဟိုသာ ကမ္ဘာ့အကောင်းဆုံးဟုအလွန်ဆိုချီးကျူး

ရီးယဲယ်မက်ဒရစ်အသင်း၏ ကွင်းလယ်လူအလွန်ဆိုက အသင်းနည်းပြ မော်ရင်ဟိုသည် ကမ္ဘာ့အကောင်းဆုံးနည်းပြတစ်ဦးအဖြစ် ရှိနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ အလွန်ဆိုက"ကျွန်တော်တို့အမှတ်တွေလျော့ခဲ့တယ်ဆိုပေမယ့် အများကြီးမဟုတ်ပါဘူး။ ဘာစီလိုနာအသင်းက လုံးဝအမှားမရှိကစားနေလို့အမှတ်ပြတ်သွားခဲ့တာပါ။ ဒါမျိုးကဖြစ်တတ်ပါတယ်။ ဒီရလဒ်တွေက မော်ရင်ဟိုကို ကမ္ဘာ့အကောင်းဆုံးနည်းပြဆိုတဲ့ နေရာကနေဖယ်ထုတ်မပစ်နိုင်ပါဘူး"ဟုပြောကြားခဲ့သည်။

## အကောင်းဆုံးရာသီအဖွင့်ရလဒ်ကို ဘာစီလိုနာပိုင်ဆိုင်ထား

ဘာစီလိုနာအသင်းသည် အသင်းနည်းပြ ဗီလာနိုဗာ၏ လက်ထက်တွင် အကောင်းဆုံးရာသီအဖွင့်ရလဒ်ကိုပိုင်ဆိုင်ထားကြောင်းသိရှိရသည်။ ဘာစီလိုနာအသင်းသည် လာလီဂါရာသီအဖွင့်(၁၃)ပွဲတွင် နိုင်ပွဲ(၁၂)ပွဲ၊ သရေ(၁)ပွဲ ကစားထားရာ ပြိုင်ဘက်ရီးယဲယ်မက်ဒရစ်အသင်း၏ စံချိန်ကို အမီလိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်း၏ တိုက်စစ်မှူးမက်ဆီမှာလည်းလာလီဂါအဖွင့်(၁၃)ပွဲတွင်(၁၉)ဂိုးသွင်းနိုင်ခဲ့ရာ အကောင်းဆုံးဂိုးသွင်းစံချိန်တစ်ခုဖြစ်သည်။



# ဥရောပရွှေလူငယ်ဆုအတွက် ဆန်ခါတင်စာရင်းတွင် အယ်လ်ရှာရာဝီ၊ အစ္စကိုနှင့် ကော်တိုယစ်တို့ ပါဝင်နေ

ဥရောပရွှေလူငယ်ဆုအတွက် နောက်ဆုံးဆန်ကာတင်(၃)ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ လာလီဂါပြိုင်ပွဲမှ ကစားသမား(၂)ဦးနှင့် စီးရီးအေပြိုင်ပွဲမှ ကစားသမား(၁)ဦးတို့ပါဝင်နေကြောင်းသိရှိရသည်။

ယင်းလူငယ်ကစားသမား(၃)ဦးမှာ မာလာဂါအသင်း၏ စပိန် ယူ-၂၁ ကစားသမားအစ္စကို၊ အက်သလက်တီကိုအသင်း၏ ဘယ်လ်ဂျီယံ လက်ရွေးစင်ဂိုးသမား ကော်တိုယစ် နှင့်အေစီမီလန်အသင်း၏ အီတလီ လက်ရွေးစင်တိုက်စစ်မှူး အယ်လ်ရှာရာဝီတို့ဖြစ်သည်။ ယင်းဆုသည် ဥရောပလိဂ်ပြိုင်ပွဲများတွင် ကစားနေသည့်ကစားသမားများထဲမှ အသက်(၂၁)အောက်ကစားသမားများကို ရွေးချယ်ချီးမြှင့်သည့် ဆုတစ်ဆုဖြစ်ပြီး ဥရောပတွင် လူငယ်ကစားသမားများအတွက် ဂုဏ်သိက္ခာမြင့်မားသည့်ဆုတစ်ဆုလည်းဖြစ်သည်။ ယင်းဆုကို လက်ရှိနာမည်ကျော်ဘောလုံးသမားများဖြစ်သည့် ရွှန်နီ၊ မက်ဆီ၊ ဖာဘရီဂတ်စ်၊ အဂူရို၊ ပါတို၊ ဘာလိုတယ်လီ၊ မာရီယိုဂေါ့ဇီတို့လည်းရရှိခဲ့ဖူးပြီးယခုနှစ်အတွက်မူ အစ္စကိုက ယင်းဆုအတွက်ထိပ်ဆုံးမှ ရေပန်းစားနေကြောင်းသိရှိရသည်။

ဆုရရှိသူကို ခရစ္စမတ်နေ့မတိုင်မီ ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ပြီး အခမ်းအနားဖြင့် ချီးမြှင့်သွားမည်ဟုလည်းသိရှိရသည်။ ဆုရွေးချယ်ရေးအဖွဲ့တွင် ဂျူရီလူကြီး(၃၀)ဦးပါဝင်ပြီး အားလုံးမှ ဥရောပတွင်လေးစားမှုခံယူထားရသည့် အားကစားဂျာနယ်လစ်များဖြစ်သည်။ ယင်းဆုကို အီတလီနာမည်ကြီးသတင်းစာ Tuttosport က ကမကထပြုချီးမြှင့်ပေးခြင်းဖြစ်သည်။

◆



# အကယ်ဒမီမှကစားသမားအများစုဖြင့် ချန်ပီယံဆုကိုအရယူနိုင်ခြင်းသည် သာမန်အောင်မြင်မှုထက်များစွာပိုမိုဟုဗီလာနိုဗာဆို





ဘာစီလိုနာအသင်း၏ နည်းပြဖြစ်သူ တီတိုဗီလာနိုဗာက အသင်း၏လူငယ်စီမံကိန်းမှ ထွက်ပေါ်သည့် ကစားသမားအများစုဖြင့် စပိန်အမှတ်ပေးချန်ပီယံဆုကို ဆွတ်ခူးနိုင်ခြင်းသည် သာမန်အောင်မြင်မှုများထက်များစွာပိုမိုသည့်အောင်မြင်မှုဖြစ်ကြောင်းကြုံးဝါးခဲ့သည်။

လက်ရှိစပိန်ဘောလုံးလောကကို ဘာစီလိုနာအသင်းနှင့် ရီးယဲယ်မက်ဒရစ်တို့က လွှမ်းမိုးထားပြီး ဘာစီလိုနာအသင်းသည် လူငယ်စီမံကိန်းထွက်ကစားသမားအများစုကို အားပြုကစားနေသည့်အသင်းဖြစ်သည်။ ရီးယဲယ်မက်ဒရစ်အသင်းမှာမူ ထိပ်တန်းဘောလုံးသမားများကို ငွေပုံအောပေးကာခေါ်ယူထားပြီး ဗီလာနိုဗာက မိမိတို့အသင်းရရှိသည့် အောင်မြင်မှုများသည် ရီးယဲယ်အသင်းရရှိသည့်အောင်မြင်မှုထက်များစွာချီးမြှိန်နေမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် လီဗန်တေးကို အနိုင်ရရှိခဲ့သော ပွဲတွင် မက်ဆီ၊ ဇာဗီ၊ အင်နီယေစတာ၊ ဘက်စကွက်စ်၊ ပူယိုးလ်၊ ပီကေး၊ ဗဲလ်ဒက်စ်၊ ဖာဘရီဂတ်စ်၊ အဲလ်ဗတ်စ်၊ ဂျော်ဒီအယ်လ်ဘာ၊ ပတ်ဒရိုစသည့် ကစားသမားများပါဝင်ခဲ့ပြီး ပွဲချိန်(၁၄)မိနစ်တွင် အဲလ်ဗတ်စ်အစား မွန်တိုယာလူစားဝင်လာခဲ့ပြီး နောက်တစ်သင်းလုံးမှာအသင်းလူငယ်စီမံကိန်းထွက် ကစားသမားများသာဖြစ်ခဲ့သည်။ ယင်းထဲတွင် (၈)ဦးမှာ ကတ်တလန်ပြည်နယ်သာစစ်စစ်များဖြစ်ပြီး အင်နီယေစတာ၊ မက်ဆီနှင့် ပတ်ဒရိုတို့သား ကတ်တလန်ပြည်နယ်ပြင်ပကစားသမားများလည်းဖြစ်သည်။ ဗီလာနိုဗာက"လာလီဂါ အမှတ်ပေးချန်ပီယံဆုကို ငယ်မွေးခြံပေါက်ကစားသမားတွေနဲ့အရယူနိုင်တယ်ဆိုတာအရမ်းဂုဏ်ယူစရာကောင်းပါတယ်။ ဒီလိုအောင်မြင်မှုဟာ ငွေပုံအောသုံးတဲ့အသင်းတွေရဲ့ အောင်မြင်မှုထက်ပိုပြီး ချိုမြိန်ပါတယ်"ဟုပြောကြားခဲ့သည်။

### ဗီလာနိုဗာနှင့် တွေ့ဆုံခြင်း

မေး - ဒေးဗစ်ဗီလာရဲ့အခြေအနေ။

ဖြေ - ကြံ့ခိုင်မှုအပြည့်ပါပဲ။ ဒါပေမဲ့ ကြံ့ခိုင်မှုပြည့်တိုင်း ထည့်သုံးရတာမှ မဟုတ်တာ။ ကျွန်တော်စဉ်းစားရတာတွေ အများကြီးရှိပါတယ်။

မေး - ရက်(၁၀၀)ပြည့်သွားပြီနော်။ (နည်းပြဘဝ)

ဖြေ - ကျွန်တော်တော့ သတိမထားမိပါဘူး။ ဘာမှထူးထူးခြားခြားလည်းမရှိပါဘူး။

မေး - ပင်တိုကိုရောကစားခွင့်မပေးတော့ဘူးလား။

ဖြေ - အဲဒီလိုမေးခွန်းမျိုးတွေကို သဘောမကျပါဘူး။ ဒါဟာ ကစားသမားအပေါ် မလေးစားတဲ့ မေးခွန်းမျိုးပါ။ ပင်တိုဟာအသင်းရဲ့ အရေးပါတဲ့ ကစားသမား ဖြစ်ပါတယ်။

မေး - ဘာစီလိုနာက ငယ်မွေးခြံပေါက်(၁၁)ဦးနဲ့ ကစားနေပြီး ဗလင်စီယာက နိုင်ငံခြားသား (၁၁)ဦးနဲ့ ကစားနေတယ်။ ခင်ဗျားအမြင်ကဘယ်လိုလဲ။

ဖြေ - တခြားကလပ်တွေအကြောင်း ကျွန်တော့်ခေါင်းထဲမှာမရှိပါဘူး။ ကျွန်တော်တို့အသင်းဟာ ငယ်မွေးခြံပေါက် ကစားသမားအများစုနဲ့ အောင်မြင်မှုတွေ ရယူနေပါတယ်။ ဒါဟာကျွန်တော်တို့ရဲ့ အစဉ်အလာဖြစ်ပါတယ်။

မေး - ငယ်မွေးခြံပေါက်တွေနဲ့ပဲ ဖလားယူမှာလား။

ဖြေ - ဒါက ဂုဏ်ယူစရာကောင်းပါတယ်။ ဒါပေမဲ့ ငယ်မွေးခြံပေါက်တွေကိုပဲ ဦးစားပေးမယ်ဆိုတဲ့ တရားသေဝါဒကိုတော့ ဆုပ်ကိုင်မထားပါဘူး။

# ဥရောပရွှေလူငယ်ဆုရရှိခဲ့ဖူးသူများနှင့် ယခုနှစ်အတွက်ပဏာမကစားသမား(၃၉)ဦးတွင်ပါဝင်ခဲ့သူများ

| ခုနှစ် | အမည် | နိုင်ငံ |
|---|---|---|
| ၂၀၀၃ | ဗန်ဒါဗတ် | ဟော်လန် |
| ၂၀၀၄ | ရွှန်နီ | အင်္ဂလန် |
| ၂၀၀၅ | မက်ဆီ | အာဂျင်တီးနား |
| ၂၀၀၆ | ဖာဘရီဂတ်စ် | စပိန် |
| ၂၀၀၇ | အဂူရို | အာဂျင်တီးနား |

| ခုနှစ် | အမည် | နိုင်ငံ |
|---|---|---|
| ၂၀၀၈ | အန်ဒါဆန် | ဘရာဇီးလ် |
| ၂၀၀၉ | ပါတို | ဘရာဇီးလ် |
| ၂၀၁၀ | ဘာလိုတယ်လီ | အီတလီ |
| ၂၀၁၁ | ဂေါ့ဇီ | ဂျာမနီ |

အလာဘာ(ဘေယန်မြူးနစ်)၊ အင်နာနစ်ဇီ(စပါးတပ်မော်စကို)၊ အတ်ဆု(ပေါ်တို)၊ ဘာဟီဘက်(ထရိုင်ယက်စ်)၊ ဂျိုရယ်လ်ကမ်းဘဲလ်(ဘက်တစ်)၊ ကက်စတီယာနော့စ်(တွမ်တီး)၊ ကော်တိုယစ်(အက်သလက်တီကို)၊ ကော်တင်ဟို(အင်တာမီလန်)၊ ဒယ်လော့ဖူ(ဘာစီလိုနာ)၊ ဒရက်ဆလာ(ရော့လ်ကာ)၊ ဒူဒူ(ဒိုင်နမိုကိဗ်)၊ အယ်လ်ရှာရာဝီ(အေစီမီလန်)၊ အဲရစ်ဆင်(အေဂျက်စ်)၊ ဂေါ့ဇီ(ဒေ့ါမွန်)၊ ဂွိဒက်တီ(မန်စီးတီး)၊ အစ္စကို(မာလာဂါ)၊ ဟိုဆေးရိုဒရီဂွက်ဇ်(ရီးယဲယ်)၊ ဂျွန်(ဘင်ဖီကာ)၊ ကက်ဒ်လက်(စပါတာပရပ်)၊ ကိုဗာစစ်(ဒိုင်နမိုဇာဂရက်)၊ လယ်ကိုဗစ်(ဗစ်တိုးရီးယားဂွီမာရေစ့်)၊ လာမီလာ(ရီးမား)၊ လိုကာဒီယာ(PSV)၊ လွန်ဂို(အက်စ်ပန်ညို)၊ မာကိုဗစ်(ပါတီဇန်ဘဲလ်ဂရိတ်)၊ အင်ဒီ(ဖီယင်န)၊ မူရီယန်(ဘီလ်ဘာအို)၊ မူဆာ(CSKA)၊ အိုဘီအန်(ဆမ်ဒိုးရီးယား)၊ ချမ်ဘာလိန်(အာဆင်နယ်)၊ အိုဒိုရက်ဗ်(လိုကိုမိုးတစ်)၊ ပေါ့ဘာ(ဂျူဗင်တပ်စ်)၊ ဆယ်လာ(ဘာစီလီယာ)၊ ရှယ်လ်ဗီ(လီဗာပူးလ်)၊ စတာလင်(လီဗာပူးလ်)၊ ဗာရာနီ(ရီးယဲယ်)၊ ဗာရက်တီ(PSG)၊ ဇာခါ(မိုချန်ဂလာဘတ်)

# လာမည့်နှစ်များအတွင်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အသင်းအရေအတွက် ပိုမိုများပြားလာစေရန် ယူရိုပါလိဂ်အားဖျက်သိမ်းရန် UEFA စီစဉ်



ယူရိုပါလိဂ်ပြိုင်ပွဲကိုဖျက်သိမ်းရန် စီစဉ်နေသည့်ပလာတီနီ



ယူရိုပါလိဂ်ဟုအမည်ပြောင်းလဲခဲ့သည့် ပထမဆုံးပြိုင်ပွဲတွင်ဖိုလ်စွဲခဲ့သော အက်သလက်တီကိုအသင်း

ဥရောပဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌပလာတီနီသည် လာမည့်အနာဂတ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ အသင်းအရေအတွက်ပိုမိုပါဝင်ယှဉ်ပြိုင်နိုင်စေရန်ရည်ရွယ်၍ ယူရိုပါလိဂ်ပြိုင်ပွဲအား ဖျက်သိမ်းသွားရန်စီစဉ်လျက်ရှိနေကြောင်းသိရသည်။

ပလာတီနီသည် ပြင်သစ်နေ့စဉ်ထုတ်သတင်းစာတစ်စောင်ဖြစ်သည့် Ouest-France နှင့်တွေ့ဆုံမေးမြန်းခန်းတွင် ယင်းအစီအစဉ်နှင့်ပတ်သက်၍ထည့်သွင်းပြောကြားခဲ့လည်းဖြစ်သည်။ ပလာတီနီက "လာမယ့် ၂၀၁၅ နဲ့ ၂၀၁၈ ခုနှစ်အတွင်းမှာ ယူရိုပါလိဂ်ပြိုင်ပွဲကို ဘယ်လိုပုံစံနဲ့ကျင်းပသွားမလဲဆိုတာနဲ့ပတ်သက်ပြီး ဆွေးနွေးမှုတွေဆက်လက်ပြုလုပ်နေဆဲပါ။ ယူရိုပါလိဂ်ပြိုင်ပွဲရဲ့အနာဂတ်နဲ့ပတ်သက်ပြီး ၂၀၁၄ ခုနှစ်မှာ ဆုံးဖြတ်ချက်ချမှတ်သွားမှာဖြစ်ပါတယ်။ အခုလောလောဆယ်တော့ဘာကိုမှ အတည်မပြုရသေးပါဘူး" ဟု ပြောကြားခဲ့သည်။ ပလာတီနီသည် ယူရိုပါလိဂ်ပြိုင်ပွဲကို ပရိသတ်စိတ်ဝင်စားမှု ပိုမိုများပြားလာစေရန်အတွက် ၂၀၀၉ ခုနှစ်မှစတင်ကာ UEFA ဖလားမှ ယူရိုပါလိဂ်သို့ အမည်ပြောင်းလဲခဲ့သည့်အပြင် ကျင်းပသည့်စနစ်ကိုပါပြင်ဆင်ခဲ့သလို အောင်မြင်မှုမရှိသည့်အပြင် ဝေဖန်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ချန်ပီယံလိဂ်ကဲ့သို့ ပရိသတ်စိတ်ဝင်စားမှုမရှိသည့်အပြင် ဝင်ငွေရရှိမှုမှာလည်း ချန်ပီယံလိဂ်ထက်လျော့နည်းလျက်ရှိနေရာ ပလာတီနီအနေဖြင့် ယူရိုပါလိဂ်ကို ဖျက်သိမ်းရန်စီစဉ်လျက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

> ယူရိုပါလိဂ်ပြိုင်ပွဲမှာ ချန်ပီယံလိဂ်ကဲ့သို့ ပရိသတ်စိတ်ဝင်စားမှုမရှိသည့်အပြင် ဝင်ငွေရရှိမှုမှာလည်း ချန်ပီယံလိဂ်ထက်လျော့နည်းလျက်ရှိနေရာ ပလာတီနီအနေဖြင့် ယူရိုပါလိဂ်ကို ဖျက်သိမ်းရန်စီစဉ်လျက်ရှိနေ . . .

အကယ်၍ ပလာတီနီမှာ ယူရိုပါလိဂ်ပြိုင်ပွဲကိုဖျက်သိမ်းပြီး ချန်ပီယံလိဂ်တွင်ပါဝင်ယှဉ်ပြိုင်နေသည့်အသင်းအရေအတွက်ကို တိုးမြှင့်မည်ဆိုပါက လက်ရှိယှဉ်ပြိုင်နေသည့်အသင်းအရေအတွက်(၃၂)သင်းမှ (၆၄)သင်းအထိပါဝင်လာနိုင်ဖွယ်ရှိနေကြောင်း ခန့်မှန်းမှုများထွက်ပေါ်လျက်ရှိနေသည်။

## ရက်တာတိုက်စစ်မှူး အက်ဒရီယာနို ပွဲပယ်ခံရ

ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA)သည် ရက်တာဒိုးနက်အသင်းတိုက်စစ်မှူးအက်ဒရီယာနိုအား (၁)ပွဲပယ်ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။ အက်ဒရီယာနိုသည် နော့စ်ဂျေးလန်းနှင့်ကစားခဲ့သော ချန်ပီယံလိဂ်ပွဲတွင် Fair Play သတ်မှတ်ထားသည်ကိုကစားသမားကောင်းမပီသစွာဂိုးသွင်းယူခဲ့သည့်အတွက် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ပြီး ဂျူဗင်တပ်စ်နှင့်အုပ်စုနောက်ဆုံးပွဲကိုလွဲချော်မည်ဖြစ်ကြောင်း သိရသည်။

## PSG သို့ပြောင်းရွှေ့ရန် ဘက်ခံမ်ကို မိုဗစ်တိုက်တွန်း

PSGအသင်း တိုက်စစ်မှူးအီဘရာဟီမိုဗစ်က ဒေးဗစ်ဘက်ခမ်အနေဖြင့် ပရီးမီးယားလိဂ်အသင်းများထက် PSGအသင်းသို့သာ ပြောင်းရွှေ့သင့်ကြောင်း တိုက်တွန်းပြောဆိုလိုက်သည်။ဂလက်ဆီအသင်းမှထွက်ခွာတော့မည့် ဘက်ခမ်အား ဝက်စ်ဟမ်း၊ QPRစသည့်အသင်းများအပြင် ဩစတြေးလျ A-လိဂ်ကလပ်များကစိတ်ဝင်စားနေကြောင်းသိရသည်။

## အီရတ်အသင်းနည်းပြ ရာထူးမှ ဇစ်ကိုနုတ်ထွက်

အီရတ်အသင်း နည်းပြဇစ်ကိုသည် ပြီးခဲ့သည့်အင်္ဂါနေ့က နည်းပြရာထူးမှရုတ်တရက်နုတ်ထွက်သွားခဲ့ကြောင်းသိရသည်။ ဇစ်ကိုသည် အီရတ်အသင်းကို တစ်နှစ်ကျော်ကြာကိုင်တွယ်ခဲ့ပြီး စာချုပ်သစ်ကိစ္စနှင့်ပတ်သက်၍ အီရတ်ဘောလုံးအဖွဲ့ချုပ်နှင့်အဆင်မပြေဖြစ်ခဲ့သဖြင့် ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

## SHORT NEWS

❒ အမေရိကန်မေဂျာလိဂ်ပြိုင်ပွဲ၏အကောင်းဆုံး(၁၁)ဦးအသင်းကို ထုတ်ပြန်ကြေညာခဲ့ရာ အွန်နရီ၊ ရော်ဘီကင်း၊ ဒိုနိုဗန်စသည့် နာမည်ကျော်ကစားသမားများပါဝင်လာခဲ့သော်လည်း ဂလက်ဆီကွင်းလယ်လူဘက်ခမ်မှာ အဆိုပါစာရင်းတွင်ပါဝင်ခဲ့ခြင်းမရှိကြောင်းသိရသည်။ အဆိုပါစာရင်းအားMLS ကော်မရှင်နာဒွန်ဂါဘာက ပြီးခဲ့သည့်တနင်္လာနေ့က ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ဂလက်ဆီအသင်းတွင်ခြေစွမ်းပြနေသောဘက်ခမ်အားချန်လုပ်ခဲ့ခြင်းဖြစ်သည်။

❒ ခရိုအေးရှားကလပ်ဒိုင်နမိုဇာဂရက်အသင်းသည် ၎င်းတို့အသင်းနည်းပြအန်တီကာဆစ်ကိုရာထူးမှထုတ်ပယ်လိုက်ပြီဖြစ်ကြောင်းတရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။ ဒိုင်နမိုဇာဂရက်အသင်းသည် ယခုနှစ်ရာသီချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးတစ်ဂိုးမှမရရှိဘဲ (၅)ပွဲစလုံးရှုံးနိမ့်ခဲ့ပြီးအုပ်စုနောက်ဆုံးတွင်ရပ်တည်နေရသည့်အတွက် နည်းပြအန်တီကာဆစ်ကိုရာထူးမှထုတ်ပယ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဒိုင်နမိုဇာဂရက်အသင်းသည် အန်တီကာဆစ်၏နေရာတွင် နည်းပြဟောင်း ကရူနစ်လပ်ဂျာဆစ်ကိုနည်းပြသစ်အဖြစ်ခန့်အပ်လိုက်ကြောင်းလည်းသိရသည်။

❒ လာမည့် ၂၀၁၃ ခုနှစ် ဇွန်လတွင်ကစားရန်စီစဉ်ထားသည့် ဘရာဇီးလ်နှင့်အင်္ဂလန်အသင်းတို့၏ခြေစမ်းပွဲမှာ ဖျက်သိမ်းရမည့်အနေအထားနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ ယင်းခြေစမ်းပွဲကို ဘရာဇီးလ်နိုင်ငံရှိ နာမည်ကျော်မာရာကာနာကွင်းတွင်ကစားရန်စီစဉ်ထားသော်လည်း အဆိုပါကွင်းအား ပြန်လည်တည်ဆောက်မှုများပြုလုပ်နေပြီး လာမည့်နှစ်ဇွန်လမတိုင်မီပြီးစီးနိုင်ဖွယ်မရှိခြင်းကြောင့် ဖီဖာမှခြေစမ်းပွဲကျင်းပရန်ခွင့်ပြုချက်မပေးနိုင်ဟု သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။


Myanmar International Terminals Thilawa

**"Career Opportunity"**

We are seeking for the candidates of high calibre and diligence for a post of **Senior Technician.**

- Age under 45 years, Male
- AGTI (or) B.Tech with 5 years experience (or) B.E
- Able to read, write and speak in English.

Interested candidates shall send CV, 2 recent passport size photos, copies of NRC and Labour Registration Card to Myanmar International Terminals Thilawa Ltd. G.P.O Box (875) not later than 14th December 2012.

**Only the short listed candidates will be notified.** *(for local service only)*


## ယခုနှစ်ရာသီကုန်တွင် နည်းပြလောကမှ အနားယူရန်စီစဉ်နေပြီဟု ဟစ်ဒင့်ကြေညာ

ရုရှားကလပ် အန်ဇီအသင်းနည်းပြဟစ်ဒင့်က ယခုနှစ်ရာသီကုန်တွင် နည်းပြလောကမှ အနားယူရန်စီစဉ်နေပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက်(၆၆)နှစ်အရွယ်ရှိပြီဖြစ်သူဟစ်ဒင့်သည် အန်ဇီအသင်းကို ပြီးခဲ့သည့်ဖေဖော်ဝါရီလကမှကိုင်တွယ်ခဲ့ပြီး အသင်းနှင့်(၁၈)လသက်တမ်းရှိစာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ ဟစ်ဒင့်က "ကျွန်တော့်အနေနဲ့ ဒီအသင်းကိုစကိုင်ကတည်းက နည်းပြအဖြစ်အကြာကြီးဆောင်ရွက်သွားဖို့ဆန္ဒမရှိခဲ့ပါဘူး။ ဒီရာသီကုန်မှာတော့ နည်းပြလောကနေအနားယူဖို့စဉ်းစားနေပါပြီ။ ကျွန်တော့်အသက်ကလည်း(၆၆)နှစ်ရှိနေပြီဖြစ်တဲ့အပြင် နည်းပြသက်တမ်းတစ်လျှောက် ရရှိခဲ့တဲ့အောင်မြင်မှုတွေကလည်း ကျွန်တော့်အတွက် လုံလောက်နေပြီလို့ယူဆမိပါတယ်။ နည်းပြအဖြစ်ကနေ အနားယူပြီးသွားရင်တော့ ဘာဆက်လုပ်မလဲဆိုတာကို ကျွန်တော်မစဉ်းစားရသေးပါဘူး။ လူငယ်ကစားသမားတွေ၊ လူငယ်နည်းပြလေးတွေကို အကြံပေးလမ်းညွှန်မှုပေးနိုင်တဲ့သူတစ်ယောက်အဖြစ်ဆောင်ရွက်သွားဖို့တော့ ဆန္ဒရှိပါတယ်"ဟုပြောကြားခဲ့သည်။

၁၉၈၂ ခုနှစ်တွင် နည်းပြလောကသို့စတင်ဝင်ရောက်ခဲ့သူ ဟစ်ဒင့်သည် နည်းပြအဖြစ်နှစ်ပေါင်း(၃၀)ကြာကျင်လည်ခဲ့သူဖြစ်ပြီး ဟော်လန်၊ PSV၊ ရီးယဲလ်၊ ဗလင်စီယာ၊ချယ်လ်ဆီးစသည့် ထိပ်သီးအသင်းများကိုကိုင်တွယ်ခဲ့သည့်အပြင် အောင်မြင်မှုများရရှိအောင်စွမ်းဆောင်နိုင်ခဲ့သည်။



အန်ဇီအသင်းနည်းပြအဖွဲ့ဝင်များ ကစားသမားများနှင့်တွေ့ဆုံနေသည့် ဟစ်ဒင့်

Premier Eleven Sports Journal Vol:10 No.14 2, December, 2012



# ဘန်ကောက်၊ ဆူဇူကီးဖလားနဲ့ မြန်မာတို့ရဲ့ဆီမီးဖိုင်နယ်မျှော်လင့်ချက်(၂)

စိုးညီ



ထိုင်းအသင်း၏ ထိုးဖောက်မှုကို မြန်မာကစားသမားများဟန့်တားရှင်းလင်းနေစဉ်

ပွဲဦးထွက် ဗီယက်နမ်အသင်းနဲ့သရေကျပြီးနောက် မြန်မာတစ်သင်းလုံး စိတ်အားတက်ကြွနေခဲ့ပါတယ်။ နိုဝင်ဘာ(၂၅၊၂၆)ရက်တွေမှာ ပြုလုပ်ခဲ့တဲ့ မြန်မာအသင်းရဲ့လေ့ကျင့်ရေး အစီအစဉ်တွေမှာလည်း ကစားသမားတွေပျော်ပျော်ရွှင်ရွှင်တက်တက်ကြွကြွရှိနေကြပါတယ်။ နိုဝင်ဘာလ(၂၇)ရက်မှအုပ်စုဒုတိယနေ့ပွဲစဉ်တွေကျင်းပမှာဖြစ်ပြီး မြန်မာနဲ့ ထိုင်း၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်တို့ကစားကြမှာဖြစ်ပါတယ်။ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာလ(၂၆)ရက်၊ နေ့လည်(၁၁)နာရီက Golden Tulip ဟိုတယ်မှာကျင်းပပါတယ်။ မြန်မာအသင်းနည်းပြချုပ် ပတ်ဆောင်ဟွာမတက်ရောက်ဘဲ အသင်းအုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ ပြန်ကြားရေးတာဝန်ခံဦးစိုးမိုးကျော်တို့တက်ရောက်ပါတယ်။ ဗီယက်နမ်အသင်းလည်း နည်းပြချုပ်မတက်ရောက်ဘဲ အသင်းအုပ်ချုပ်သူသာတက်ပါတယ်။ ထိုင်းနဲ့ ဖိလစ်ပိုင်အသင်းတို့ရဲ့ နည်းပြချုပ်တွေကတော့တက်ရောက်ခဲ့ကြပါတယ်။



အမှတ်တရဓာတ်ပုံရိုက်ပေးနေသူများ



ဖိလစ်ပိုင်ဂိုးကိုက်စစ်မှူး ဖီးလ်ယန်းဟက်စ်ဘန်းနှင့် အသင်းပရိသတ်များ

ပွဲကြိုသတင်းစာရှင်းလင်းပွဲပြုလုပ်တဲ့ Golden Tulip ဟိုတယ်မှာ မြန်မာ၊ ဗီယက်နမ်နဲ့ ဖိလစ်ပိုင် အသင်း(၄)သင်းတည်းခိုနေပါတယ်။ ဒီဟိုတယ်ဟာ သုဝဏ္ဏဘူမိလေဆိပ်ကနေ မိနစ်(၂၀)လောက်ပဲအလှမ်းဝေးပြီး ရာဇမင်္ဂလာကွင်းနဲ့လည်း (၁၅)မိနစ်လောက်သာဝေးပါတယ်။ ပွဲကြိုသတင်းစာရှင်းလင်းပွဲမှာ မြန်မာအသင်းအုပ်ချုပ်သူမန်နေဂျာက ထိုင်းနဲ့ပွဲမှာအံ့အားသင့်ဖွယ် ရလဒ်ပေါ်ထွက်လာဖို့မျှော်လင့်ထားကြောင်း၊ မြန်မာကစားသမားတွေရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားအားထုတ်မှုပိုင်း အကောင်းဆုံးအနေအထားမှာရှိနေကြောင်းပြောပါတယ်။ ထိုင်းအသင်းနည်းပြချုပ် ဝင်းဖရိုက်ရှက်ဖားကတော့ မြန်မာအသင်းနဲ့ပွဲစဉ်ဟာ ခက်ခဲမယ်ထင်ကြောင်း၊ အာဆီယံဒေသတွင်းအသင်းတွေရဲ့ ခြေစွမ်းပိုင်း ကွာဟမှုကျဉ်းမြောင်းလာကြောင်း ထိန်းထိန်းသိမ်းသိမ်းပြောပြီး၊ ပွဲကစားမယ့်နေ့မှာ မိုးမရွာဖို့နဲ့ ထိုင်းပရိသတ်အများအပြားလာရောက်အားပေးကြဖို့ မျှော်လင့်ကြောင်းပြောပါတယ်။

နိုဝင်ဘာလ (၂၇)ရက် နံနက်ပိုင်းမှာတော့ မြန်မာအသင်းရဲ့နောက်ဆုံးအခြေအနေကိုသိချင်တာနဲ့ Golden Tulip ဟိုတယ်ဆီသွားရောက်ခဲ့ပါတယ်။ ဟိုတယ်ရောက်တော့ မြန်မာအသင်းနည်းပြချုပ်ပတ်ဆောင်ဟွာကို ဟိုတယ်ရှေ့မှာပဲ အဆင်သင့်တွေ့ပါတယ်။ ပတ်ဆောင်ဟွာကထိုင်းအသင်းဟာ ဗီယက်နမ်ထက် ပိုကောင်းပြီး မြန်မာကစားသမားတွေ ဗီယက်နမ်နဲ့ပွဲကထက် ခြေစွမ်းပိုပြမှ ရလဒ်ကောင်းနိုင်မယ်လို့ သူ့အမြင်ကိုပြောပြပါတယ်။ ထိုင်းအသင်းရဲ့တောင်ပံတိုက်စစ်လမ်းကြောင်းတွေကို အဓိကထားထိန်းချုပ်ရမယ်ထင်ကြောင်းလည်း ပြောပါတယ်။ ကစားသမားတွေနဲ့တော့ တွေ့ခွင့်မရခဲ့ပါဘူး။ ထူးခြားချက်တစ်ခုက MFF ဥက္ကဋ္ဌလည်း Golden Tulip ဟိုတယ်ကိုရောက်လာခဲ့ပြီး ကစားသမားတွေအိပ်နေချိန်ဖြစ်လို့ နည်းပြချုပ်ပတ်ဆောင်ဟွာက ကစားသမားတွေကို မတွေ့သင့်ကြောင်းပြောပါတယ်။

မြန်မာနဲ့ ထိုင်းအသင်းတို့ရဲ့ ပွဲစဉ်အပေါ် ထိုင်းနိုင်ငံရောက် မြန်မာပရိသတ်တွေရဲ့စိတ်ပါဝင်စားမှုကလည်း မြင့်မြင့်မားမားရှိနေပါတယ်။ MFF က မြန်မာ-ထိုင်းပွဲစဉ်အတွက် ပွဲကြည့်ခွင့်လက်မှတ်(၂၀၀၀)အခမဲ့ဝေငှပေးဖို့ အစီအစဉ်တွေကြိုတင်ဆောင်ရွက်ထားပါတယ်။ မြန်မာပရိသတ်အချို့ကလည်း MFF ကတာဝန်ရှိသူတွေထံဆက်သွယ်လာကြပြီး မြန်မာ-ထိုင်းပွဲကို လာရောက်အားပေးဖို့ စိတ်အားထက်သန်နေကြပါတယ်။ ဘန်ကောက်နဲ့ တော်တော်လေးလှမ်းတဲ့ မြန်မာအလုပ်သမားတွေအများဆုံးရှိနေတဲ့ မဟာချိုင်ဒေသက မြန်မာတွေလည်းရာဇမင်္ဂလာကွင်းကိုလာဖို့ စီစဉ်ဆောင်ရွက်နေမှုသတင်းတွေကြားရပါတယ်။

နိုဝင်ဘာလ(၂၇)ရက်နေ့မှာ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်အသင်းတို့က ဒေသစံတော်ချိန်ညနေ(၅း၃၀)မှာပထမပွဲကစားပြီးထိုင်းနဲ့မြန်မာကတော့ ည(၈း၂၀)မှာ ဒုတိယပွဲစဉ်အဖြစ်ကစားကြတာပါ။ မြန်မာမီဒီယာသမားတွေ ရာဇမင်္ဂလာကွင်းကို ညနေ(၄း၀၀)လောက် ရောက်သွားတော့ မြန်မာပရိသတ်တော်တော်များများ ရာဇမင်္ဂလာကွင်းရှေ့ရောက်နေကြပါပြီ။ နိုင်ငံတော်အလံတွေကိုင်ဆွဲလာကြသူတွေ၊ မျက်နှာမှာမြန်မာနိုင်ငံတော်အလံရေးဆွဲလာကြသူတွေ၊ မြန်မာအသင်းကိုအားပေးတဲ့စာတမ်းတွေ၊ ဆိုင်းဘုတ်တွေကိုင်ဆွဲကာရောက်ရှိလာကြတဲ့ မြန်မာပရိသတ်တွေရဲ့ မြင်ကွင်းဟာ စိတ်အားတက်ကြွစရာဖြစ်ခဲ့သလို၊ ရေခြားမြေခြားမှာ သွေးမခြားတဲ့မြန်မာစိတ်ဓါတ်ကို ဖော်ညွှန်းရာရောက်တယ်လို့လည်း ခံစားမိပါတယ်။ ထူးထူးခြားခြားအနေနဲ့ မြန်မာပရိသတ်တွေကြားမှာရှေးမြန်မာဘုရင်လက်ထက် မြန်မာစစ်သူကြီးဝတ်စုံမျိုး ဝတ်စားဆင်ယင်လာသူတွေတောင်ပါဝင်ပါတယ်။

ညနေ(၅း၃၀)မှာပထမပွဲစဉ်အဖြစ် ဗီယက်နမ်နဲ့ ဖိလစ်ပိုင်တို့ယှဉ်ပြိုင်ကြပါတယ်။ ဗီယက်နမ်ပရိသတ်(၃၀၀)လောက်နဲ့ ဖိလစ်ပိုင်ပရိသတ်အနည်းငယ်လာအားပေးတာတွေ့ရပါတယ်။ရာဇမင်္ဂလာကွင်းရှေ့မှာရောက်နေပြီဖြစ်တဲ့ မြန်မာပရိသတ်တွေလည်းကွင်းထဲဝင်မလာကြသေးပါဘူး။ ဒီပွဲစဉ်ဟာ ဖိလစ်ပိုင်နဲ့ဗီယက်နမ်အသင်းအတွက်သာမက မြန်မာအသင်းအတွက်လည်းအရေးပါတဲ့ပွဲစဉ်ပါ။ ဖိလစ်ပိုင်အသင်းရဲ့ အနိုင်ဂိုးကိုတော့ ပွဲချိန်(၈၅)မိနစ်မှာဂွါရာဒိုရဲ့ပေးပို့မှုကနေ ကလစ်ဒေါင်ကသွင်းယူခဲ့တာဖြစ်ပါတယ်။ ဖိလစ်ပိုင်အသင်းအနေနဲ့ ဒီပွဲမှာအနိုင်ရခဲ့တာကြောင့် နောက်ဆုံးပွဲမှာသာအနိုင်ရခဲ့မယ်ဆိုရင် ဆီမီးဖိုင်နယ်အဆင့်ကို (၂)ကြိမ်ဆက်တက်ရောက်နိုင်မယ့်အခွင့်အရေးရရှိသွားမှာပါ။

ပထမပွဲပြီးသွားချိန်မှာတော့ မီဒီယာသမားတွေဟာ မီဒီယာစင်တာနဲ့အတူတွဲ ဖွင့်ထားတဲ့ Nikkon Service Center ကို သွားရောက်ကြပါတယ်။ Nikkon က ဒီပြိုင်ပွဲကိုလာရောက်သတင်းယူတဲ့ မီဒီယာသမားတွေကို အခမဲ့ဝန်ဆောင်မှုပေးနေတာဖြစ်ပါတယ်။ အဲဒီနေရာမှာ Camera Cleaning လုပ်ပြီး Sport Photograph နဲ့ ပတ်သက်တဲ့ ဆွေးနွေးမှုအချို့လည်း Nikkon က တာဝန်ရှိသူတွေနဲ့ ပြောဖြစ်ခဲ့ပါတယ်။ မီဒီယာစင်တာမှာ Camera Services အပြင် Food Center တစ်ခုလည်း ဖွင့်လှစ်ပေးထားပြီး မီဒီယာသမားတွေ အခမဲ့စားသုံးနိုင်ပါတယ်။

ဖိလစ်ပိုင်နဲ့ ဗီယက်နမ်အသင်းတို့ပွဲစဉ်ပြီးဆုံးချိန်မှာ အိမ်ရှင်ထိုင်းပရိသတ်တွေကွင်းထဲကို စတင်ရောက်ရှိလာပါတယ်။ အထူးတန်း၊ အရှေ့ဘက်တန်းနဲ့ မြောက်ဘက်တန်းပွဲကြည့်စင်တွေမှာ ကြီးမားတဲ့ ထိုင်းအလံကြီးတွေကို ဖြန့်ကြက်ထားပါတယ်။ ထိုင်းပရိသတ်တွေရဲ့ အားပေးမှုပုံစံက စုံလင်သလို၊ စည်းလုံးမှုရှိပြီး စည်းကမ်းလည်းရှိပါတယ်။ ပြိုင်ဘက်အသင်းနဲ့ ဒိုင်ကိုဆဲဆိုလှောင်ပြောင်တာမျိုးမလုပ်ဘဲ သူတို့အသင်းစိတ်ဓာတ်တက်ကြွလာအောင်သာစုစုစည်းစည်းအားပေးကြတာမျိုးပါ။ ရာဇမင်္ဂလာကွင်းမှာ သုဝဏ္ဏကွင်းလို သံဇကာအတားအဆီးတွေတပ်မထားပါဘူး။ ဒါပေမဲ့ ထိုင်းပရိသတ်တွေဟာ ကွင်းထဲကို အရာဝတ္ထုတွေနဲ့ပစ်ပေါက်တာမျိုး လုံးဝမတွေ့ရဘဲ စည်းကမ်းတကျ အားပေးသွားကြပါတယ်။ ဒီပွဲစဉ်ကို လာရောက်အားပေးတဲ့ မြန်မာပရိသတ်လည်းမနည်းပါဘူး။ခန့်မှန်းခြေ(၃၀၀၀)လောက်ရှိပါတယ်။ မြန်မာပရိသတ်တွေဟာ

> ထိုင်းပရိသတ်တွေရဲ့ အားပေးမှုပုံစံက စုံလင်သလို၊ စည်းလုံးမှုရှိပြီး စည်းကမ်းလည်းရှိပါတယ်။ ပြိုင်ဘက်အသင်းနဲ့ ဒိုင်ကိုဆဲဆိုလှောင်ပြောင်တာမျိုးမလုပ်ဘဲ သူတို့အသင်းစိတ်ဓာတ်တက်ကြွလာအောင်သာ စုစုစည်းစည်းအားပေးကြတာမျိုးပါ. . .

စာမျက်နှာ(၂၁)သို့ ➤➤➤



ထိုင်းအသင်းပရိသတ်များ



မြန်မာအသင်းပရိသတ်များ



*ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် နွန်ထရာဘူရီမြို့တို့တွင်ကျင်းပလျက်ရှိသည့် (၉)ကြိမ်မြောက်အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်များကိုသွားရောက်သတင်းရယူနေသည့် Eleven Media Group မှ သတင်းထောက်များဖြစ်ကြသော ကိုညီညီစိုးညွန့်နှင့် ကိုစိုးညီညီရှိန်တို့ပေးပို့သည့်သတင်းများကို တစ်စုတစ်စည်းတည်းဖော်ပြလိုက်ပါသည်. . .*




*အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေတဲ့ မြန်မာအသင်းဟာနောက်တစ်ဆင့်တက်ရေးအဆုံးအဖြတ်ပွဲအဖြစ် နိုဝင်ဘာလ(၃၀)ရက်(ယနေ့)မှာ ဖိလစ်ပိုင်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာပါ။ မြန်မာအသင်းဟာ ဖိလစ်ပိုင်ကိုမဖြစ်မနေအနိုင်ကစားဖို့လိုအပ်နေပြီး ဖိလစ်ပိုင်အသင်းကလည်း နောက်တစ်ဆင့်အတွက် မျှော်လင့်နိုင်တဲ့အခြေအနေမှာရှိနေတာကြောင့်မြန်မာနဲ့ပွဲမကစားမီ ဖိလစ်ပိုင်အသင်းနည်းပြဖြစ်သူ ဂျာမန်လူမျိုးမိုက်ကယ်ဝစ်ဘ်ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။*

# "ဆီမီးအဆင့်ကိုသေချာပေါက် တက်ရောက်နိုင်မှာပါ"

## ဖိလစ်ပိုင်အသင်းနည်းပြ မိုက်ကယ်ဝစ်ဘ်နှင့် တွေ့ဆုံခြင်း

*မေး - (၂)ပွဲကစားအပြီး (၃)မှတ်ရရှိထားတဲ့ ဖိလစ်ပိုင်အသင်းအနေအထားအပေါ် အားရကျေနပ်မှုရှိပါသလား။*

ဖြေ - နှစ်ပွဲစလုံးကို ခြုံကြည့်မယ်ဆိုရင်တော့ အကောင်းဆုံးအနေအထားကို မရောက်သေးပါဘူး။ အမာခံကစားသမားတချို့ဆီက လိုချင်တဲ့စွမ်းဆောင်ရည်မျိုး မရသေးပါဘူး။ ဒါပေမယ့် ဗီယက်နမ်အသင်းဆီက (၃)မှတ်ရယူနိုင်ခဲ့တဲ့အတွက်တော့ ကျေနပ်မိပါတယ်။

*မေး - ဗီယက်နမ်ကို အနိုင်ကစားခဲ့တဲ့ပွဲအပေါ် သုံးသပ်ပေးပါဦး။*

ဖြေ - ကျွန်တော့်ကစားသမားတွေကို ချီးကျူးလိုပါတယ်။ ဗီယက်နမ်လို ထိပ်တန်းအသင်းကြီးကို ထိန်းချုပ်ကစားနိုင်ခဲ့ပါတယ်။ ဒီအနိုင်(၃)မှတ်ဟာ ဆီမီးအဆင့်ကိုတက်ရောက်ဖို့အတွက် အရမ်းအရေးကြီးပါတယ်။ မယုံကြည်နိုင်လောက်အောင် ချိုမြိန်တဲ့ နိုင်ပွဲပါပဲ။

*မေး - အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲကစားရမယ့် မြန်မာနဲ့ပွဲအပေါ် ဘယ်လိုထင်မြင်မိပါသလဲ။*

ဖြေ - ဒီပွဲဟာ (၂)သင်းစလုံးအတွက်အဆုံးအဖြတ်ပါပဲ။ သူတို့(မြန်မာ)က ထိုင်းကို ရှုံးနိမ့်ထားတယ်ဆိုပေမယ့်အသင်းကောင်းတစ်သင်းဆိုတာ ယုံမှားစရာမရှိပါဘူး။ အသင်းလိုက်ကစားပုံကောင်းမွန်သလို၊ ကစားသမားကောင်းတွေလည်းအများကြီးရှိပါတယ်။ ကျွန်တော်တို့အတွက် ခက်ခဲတဲ့ပွဲတစ်ပွဲဖြစ်လာမှာပါ။

*မေး - မြန်မာကိုကျော်ဖြတ်ပြီး ဆီမီးကိုတက်ရောက်နိုင်မယ်လို့ထင်ပါသလား။*

ဖြေ - ဒီပြိုင်ပွဲကိုလာပြီးယှဉ်ပြိုင်ကတည်းက ရည်ရွယ်ချက်တစ်ခုရှိပါတယ်။ အဲဒါက အောင်မြင်မှုရရှိဖို့ပါပဲ။ ဗီယက်နမ်ကို အနိုင်ရခဲ့တဲ့အတွက် ကျွန်တော့်ကစားသမားတွေယုံကြည်မှုရှိလာပါပြီ။ မြန်မာအသင်းနဲ့ပွဲဟာ ဗီယက်နမ်နဲ့ပွဲထက် ခက်ခဲနိုင်ပေမယ့် ဆီမီးအဆင့်ကိုသေချာပေါက်တက်ရောက်နိုင်မှာပါ။

## ထိုင်းအသင်းအား ရှုံးနိမ့်ခဲ့သည့်ပွဲတွင် မြန်မာ ကွင်းလယ်ကစားသမား နိုင်လင်းဦး ခါး၌ဒဏ်ရာရရှိ

မြန်မာအသင်း၏ ကွင်းလယ်ကစားသမားဖြစ်သူ နိုင်လင်းဦးသည်ထိုင်းအသင်းအား (၄)ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ခါး၌ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နိုင်လင်းဦးသည် ယင်းဒဏ်ရာကြောင့် ဒုတိယပိုင်းတွင် အောင်မိုးနှင့် လူစားလဲခဲ့ရပြီး ဆေးကုသမှုခံယူနေရလျက်ရှိကြောင်းသိရသည်။ သို့သော် ၎င်း၏ဒဏ်ရာအခြေအနေမှာ ပြင်းထန်မှုမရှိသောကြောင့် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ဖိလစ်ပိုင်နှင့်ယှဉ်ပြိုင်ကစားရမည့်ပွဲတွင်ပါဝင်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။မြန်မာအသင်း၏ဘယ်နောက်ခံကစားသမားဖြစ်သူ သိန်းသန်းဝင်းမှာမူ ပေါင်တွင်းကြောဒဏ်ရာကြောင့်ဖိလစ်ပိုင်နှင့်ပွဲကိုလွဲချော်မည်ဖြစ်သည်။

## ဗီယက်နမ်အား အနိုင်ရရှိခဲ့သည့်ပွဲတွင် ဖိလစ်ပိုင် နည်းပြမိုက်ကယ်ဝစ်ဘ် ကွင်းအတွင်းကြီးကြပ်ခွင့်မရ

ဖိလစ်ပိုင်အသင်းနည်းပြဖြစ်သူ ဂျာမန်လူမျိုးမိုက်ကယ်ဝစ်ဘ်သည် ဗီယက်နမ်အသင်းအား ဖိလစ်ပိုင်အသင်းက (၁-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲတွင် ကွင်းအတွင်း၌ကြီးကြပ်ခွင့်မရရှိခဲ့ကြောင်းသိရသည်။ မိုက်ကယ်ဝစ်ဘ်သည် ပြီးခဲ့သည့်နိုဝင်ဘာလ(၂၄)ရက်က ထိုင်းအသင်းအားရှုံးနိမ့်ခဲ့သည့် အုပ်စုပထမနေ့ပွဲစဉ်တွင် ကွင်းလယ်ဒိုင်၏ဆုံးဖြတ်ချက်များကို ကျေနပ်မှုမရှိသောကြောင့် စောဒကတက်ခဲ့ရာတွင် ကွင်းလယ်ဒိုင်က ကွင်းအတွင်းမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မိုက်ကယ်ဝစ်ဘ်သည် အုပ်စုဒုတိယနေ့ပွဲစဉ်ဖြစ်သော ဗီယက်နမ်အားအနိုင်ရရှိခဲ့သည့်ပွဲကို ကွင်းအတွင်းမှနေ၍ ကြီးကြပ်ခွင့်မရရှိခဲ့ခြင်းလည်းဖြစ်သည်။

## နောက်တစ်ဆင့်တက်နိုင်ရန် အခွင့်အလမ်းနည်းသွားပြီဖြစ်ကြောင်း ဗီယက်နမ်အသင်းနည်းပြဝန်ခံ

ဗီယက်နမ်အသင်းနည်းပြဖြစ်သူ ဖန်သန်ဟန်(Phan Thanh Hung)က အုပ်စုမှနောက်တစ်ဆင့်တက်နိုင်ရန်အခွင့်အလမ်းနည်းသွားပြီဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။ ဖန်သန်ဟန်က "ကျွန်တော်တို့ဒီပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်လာခဲ့တာပါ။ ဒါပေမယ့်(၂)ပွဲစလုံးစိတ်ကြိုက်မကစားနိုင်ခဲ့လို့ မျှော်လင့်ထားတဲ့ရလဒ်တွေလည်း မရခဲ့ပါဘူး။ ကျွန်တော့်ကစားသမားတွေဟာ ရည်ရွယ်ချက်ပျောက်ဆုံးနေကြပါတယ်။ (၂)ပွဲကစားအပြီးမှာ(၁)မှတ်ပဲရသေးလို့ အုပ်စုကတက်ဖို့အခွင့်အလမ်းကတော့ နည်းသွားပါပြီ။ထိုင်းနဲ့ပွဲကိုအနိုင်ရအောင်ကြိုးစားသွားမှာပါ"ဟုပြောကြားခဲ့သည်။

## ဖိလစ်ပိုင်နှင့် ကစားရမည့် အဆုံးအဖြတ်ပွဲတွင်လည်း လက်မှတ်များအခမဲ့ပေးဝေမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲဖြစ်သော ဖိလစ်ပိုင်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည့်ပွဲတွင်လည်း ထိုင်းနိုင်ငံရောက်မြန်မာအသင်းပရိသတ်များအတွက် လက်မှတ်များကို အခမဲ့ပေးဝေသွားဦးမည်ဖြစ်ကြောင်း သိရသည်။

MFF သည် အုပ်စုပထမနေ့ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် ဗီယက်နမ်နှင့်ပွဲတွင် မြန်မာအသင်းပရိသတ်များအား တစ်ဦးလျှင် လက်မှတ်တစ်စောင်စီနှင့် ဂျာစီအင်္ကျီတစ်ထည်စီအခမဲ့ပေးဝေခဲ့သည်။ ထို့အပြင်ထိုင်းအသင်းအား (၄)ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲတွင်လည်းလက်မှတ်စောင်ရေ(၂၀၀၀)ကျော်ကို ပြိုင်ပွဲမစတင်မီအချိန်၌ ရာဇမင်္ဂလာကွင်းရှိ ဂိတ်အမှတ်(N-5)တွင် ပေးဝေခဲ့ကြောင်းသိရသည်။ MFF သည် ထိုင်းနိုင်ငံရောက်မြန်မာပရိသတ်များကို ယခုကဲ့သို့လက်မှတ်များအခမဲ့ပေးဝေနေသလို၊ မြန်မာနိုင်ငံမှပရိသတ်(၅၀)ဦးကိုလည်း အကုန်အကျခံကာအားပေးရန်ခေါ်ဆောင်သွားခဲ့ကြောင်းသိရသည်။

# ထိုင်းအသင်းအား ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် မိမိကစားသမားများ ပွဲအပေါ်အာရုံစူးစိုက်မှုလျော့နည်းခဲ့ကြောင်း မြန်မာအုပ်ချုပ်သူ ဆို



ထိုင်းအသင်းအား ဂိုးပြတ်ရှုံးနိမ့်အပြီးပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မြန်မာအသင်းအုပ်ချုပ်သူဦးတင်မြင့်အောင်အားတွေ့ရစဉ်

မြန်မာအသင်းအုပ်ချုပ်သူ ဦးတင်မြင့်အောင်က ထိုင်းအသင်းအား(၄)ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ၎င်း၏ကစားသမားများမှာ ပွဲအပေါ်အာရုံစူးစိုက်မှု အလွန်တရာလျော့နည်းခဲ့ကြောင်း ပွဲအပြီးပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်သုံးသပ်ပြောကြားခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယနေ့ပွဲစဉ်အဖြစ် ပြီးခဲ့သည့်နိုဝင်ဘာလ(၂၇)ရက်က ဘန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်းတွင် အိမ်ရှင်ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ၌ (၀-၄)ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ပွဲအပြီးပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ဦးတင်မြင့်အောင်က "သူတို့(မြန်မာကစားသမားများ) ဒီပွဲမှာ ပွဲအပေါ်အာရုံစူးစိုက်မှုလျော့နည်းခဲ့ကြပါတယ်။ ဒါကြောင့်အခုလိုဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာပါ။ ကျွန်တော်တို့မြန်မာအသင်းမှာ လူငယ်ကစားသမားတွေများပါတယ်။ ဒီနေ့ပွဲက အတွေ့အကြုံရင့်ကျက်မှုလိုအပ်နေသေးတယ်ဆိုတာကိုပြသလိုက်တဲ့ပွဲပါပဲ။ထိုင်းအသင်းဟာ အလွန်ကောင်းတဲ့အသင်းတစ်သင်းပါ။ နည်းစနစ်ပိုင်း၊ နည်းဗျူဟာပိုင်းအားလုံး ဘာမှပြောစရာမလိုလောက်အောင်ကိုကောင်းပါတယ်။ထိုင်းအသင်းဟာကျွန်တော်တို့အသင်းထက်ပိုကောင်းတဲ့ အသင်းတစ်သင်းဆိုတာကိုကျွန်တော်လက်ခံပါတယ်"ဟုပြောကြားခဲ့သည်။ မြန်မာအသင်းသည်အဖွင့်ပွဲစဉ်၌ ဗီယက်နမ်နှင့်သရေကျပြီး ထိုင်းကိုရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။



*ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နှင့် နွန်ထရာဘူရီမြို့တို့တွင်ကျင်းပလျက်ရှိသည့် (၉)ကြိမ်မြောက်အာဆီယံဆုဖလားဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်များကိုသွားရောက်သတင်းရယူနေသည့် Eleven Media Group မှ သတင်းထောက်များဖြစ်ကြသော ကိုညီညီစိုးညွန့်နှင့် ကိုစိုးညီညီရှိန်တို့ပေးပို့သည့်သတင်းများကို တစ်စုတစ်စည်းတည်းဖော်ပြလိုက်ပါသည်॰॰॰*

# မိမိအသင်းမှာ ခံစစ်၊ တိုက်စစ်နှစ်ပိုင်းစလုံးတွင် အလွန်အားနည်းကြောင်း Goal.com နှင့်သီးခြားတွေ့ဆုံမှု၌ မြန်မာအသင်းနည်းပြချုပ်ပြောကြား



မြန်မာအသင်းနည်းပြချုပ်ဖြစ်သူ တောင်ကိုရီးယားလူမျိုးပတ်ဆောင်ဟွာ(ဝဲ၊ အစွန်)ကို ထိုင်းအသင်းအား(၄)ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် တွေ့ရစဉ်

အာဆီယံဆုဖလားဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)ပွဲစဉ်များကိုဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာအသင်း၏နည်းပြချုပ်ဖြစ်သူ တောင်ကိုရီးယားလူမျိုးပတ်ဆောင်ဟွာက ၎င်း၏အသင်းမှာ ခံစစ်၊ တိုက်စစ်နှစ်ပိုင်းစလုံးတွင် အလွန်တရာအားနည်းကြောင်း နာမည်ကြီးဘောလုံးအားကစားဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် Goal.comနှင့် သီးခြားတွေ့ဆုံမှုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

> ကျွန်တော်တို့ရဲ့ စွမ်းဆောင်နိုင်မှုကို အခုထက်အများကြီးတိုးတက်လာအောင်လုပ်ဖို့လိုအပ်ပါတယ်။ ဆီမီးဖိုင်နယ်ကိုရောက်ရှိစေမယ့် လက်မှတ်တစ်စောင်ကိုယူနိုင်လိမ့်မယ်လို့တော့ ယုံကြည်ပါတယ်॰॰॰

မြန်မာအသင်းသည် အုပ်စုပထမနေ့ပွဲစဉ်အဖြစ် ပြီးခဲ့သည့်နိုဝင်ဘာလ(၂၄)ရက်က ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် (၁-၁)ဂိုးဖြင့်သရေကျခဲ့သည်။ယင်းပွဲတွင် မြန်မာအသင်းမှာပထမပိုင်း၌ ကစားပုံမကောင်းခဲ့သော်လည်း ဒုတိယပိုင်းတွင်မူ ဗီယက်နမ်အသင်းအားအနိုင်ရရှိနိုင်လောက်သည့်ခြေစွမ်းမျိုးဖြင့်ကစားနိုင်ခဲ့သည်။ ထို့နောက်အုပ်စုဒုတိယနေ့ပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင်မူ (၄)ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ ပတ်ဆောင်ဟွာက “ကျွန်တော်တို့ခက်ခက်ခဲခဲကြိုးစားနေရတယ်ဆိုတာကို ဝန်ခံပါတယ်။ ဘောလုံးဆိုတာက လည်းဘာမဆိုဖြစ်နိုင်တဲ့အရာဆိုတာကိုခင်ဗျားလည်းနားလည်မှာပါ။ သန်း(၆၀)ရှိတဲ့ မြန်မာပြည်သူတွေအတွက် ကျွန်တော်တို့ တိုက်ပွဲဝင်နေတယ်ဆိုတာကိုလည်းနားလည်ထားပါတယ်။ ကျွန်တော့်အသင်းဟာ ခံစစ်ရော၊ တိုက်စစ်ပိုင်းနှစ်ပိုင်းစလုံးမှာပါ အားနည်းပါတယ်။ ကျွန်တော်တို့ရဲ့ စွမ်းဆောင်နိုင်မှုကို အခုထက်အများကြီးတိုးတက်လာအောင်လုပ်ဖို့လိုအပ်ပါတယ်။ ဆီမီးဖိုင်နယ်ကို ရောက်ရှိစေမယ့်လက်မှတ်တစ်စောင်ကို ယူနိုင်လိမ့်မယ်လို့တော့ ယုံကြည်ပါတယ်” ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်အသင်းနည်းပြချုပ်ဖြစ်သူ ဂျာမန်လူမျိုးမိုက်ကယ်ဝစ်ဘ်ကလည်း ESPN၊ STAR Sports နှင့်တွေ့ဆုံခဲ့ရာတွင် “ဗီယက်နမ်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ ကျွန်တော့်ကစားသမားတွေဟာ အံ့သြစရာကောင်းလောက်အောင်စွမ်းဆောင်ပြနိုင်ခဲ့ပါတယ်။အခုတော့ ကျွန်တော်တို့ဟာ အလွန်တောင့်တင်းတဲ့ မြန်မာအသင်းနဲ့ တွေ့ဆုံရတော့မှာပါ။ ဒါပေမဲ့ ကျွန်တော်မျှော်လင့်ထားပါတယ်။ ကျွန်တော်တို့အသင်း ဆီမီးဖိုင်နယ် ရောက်ကိုရောက်ရှိလိမ့်မယ်ဆိုတာကိုပါ”ဟုပြောကြားခဲ့သည်။

## မြန်မာနှင့်ပွဲမှ အသင်း၏ခြေစွမ်းအား ထိုင်းနည်းပြရှက်ဖားချီးကျူး

ထိုင်းအသင်းနည်းပြ ဝင်းဖရိုက်ရှက်ဖားက မြန်မာအား (၄-၀)ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲမှ အသင်း၏ခြေစွမ်းအား ချီးကျူးပြောဆိုမှုများပြုလုပ်ခဲ့သည်။

ရှက်ဖားက “ကျွန်တော်အရမ်းဝမ်းသာမိပါတယ်။ ကျွန်တော်တို့အသင်းဟာ ဒီနေ့ညမှာ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်။ ကစားသမားတွေကလည်း ကြံ့ခိုင်မှုအပြည့်၊ စိတ်ဓာတ်အပြည့်နဲ့ ကစားခဲ့လို့ အခုလိုအနိုင်ရခဲ့တာပါ”ဟု ပြောကြားခဲ့သည်။ ထို့အပြင်ရှက်ဖားက မြန်မာအသင်းဘက်သို့ဟက်ထရစ်သွင်းယူခဲ့သည့်သီယာဆေးလ်ဒန်ဒါကိုလည်း အာရှ၏အကောင်းဆုံးကစားသမားများထဲမှ တစ်ဦးဟု ချီးကျူးပြောဆိုမှုများပြုလုပ်ခဲ့သည်။

## နည်းပြသက်တမ်းအတွင်း အဆိုးရွားဆုံးပွဲဟု ဗီယက်နမ်နည်းပြဖန်သန်ဟန် ဝန်ခံ

ဗီယက်နမ်အသင်း၏ နည်းပြဖြစ်သူဖန်သန်ဟန်က ဖိလစ်ပိုင်အားရှုံးနိမ့်ခဲ့သည့်ပွဲမှာ အသင်းကို ၎င်းတာဝန်ယူခဲ့သည့်ကာလအတွင်း အဆိုးရွားဆုံးပွဲတစ်ပွဲဟု ဝန်ခံပြောကြားခဲ့သည်။

ဖန်သန်ဟန်က “ကျွန်တော်တို့အသင်းရဲ့ ဒီနေ့ကစားပုံကတော့ ကျွန်တော်တာဝန်ယူခဲ့တဲ့ ကာလအတွင်းမှာအဆိုးရွားဆုံးပါပဲ။ ကစားသမားတွေဟာ အမှားများစွာကိုပြုလုပ်ခဲ့သလို၊ ပေးလိုက်ရတဲ့ဂိုးတစ်ဂိုးဆိုရင်လည်း လူပေးမှားတာကနေရရှိသွားတာဖြစ်ပါတယ်။ အခွင့်အရေးကောင်းတွေကိုလည်း မဖန်တီးနိုင်ခဲ့သလို၊ ဖိလစ်ပိုင်အသင်းရဲ့ ခံစစ်ကိုလည်းမထိုးဖောက်နိုင်ခဲ့ပါဘူး”ဟုဆိုခဲ့သည်။

## ဗီယက်နမ်ကို ဂိုးသွင်းခဲ့သည့် ကလစ်ဒေါင် မြန်မာကိုလည်းဂိုးသွင်းရန်မျှော်လင့်

အုပ်စုဒုတိယနေ့ပွဲစဉ်ဖြစ်သည့် ဖိလစ်ပိုင်-ဗီယက်နမ်ပွဲတွင် ဗီယက်နမ်အသင်းကို အနိုင်ဂိုးသွင်းယူခဲ့သည့် ဖိလစ်ပိုင်ဝါရင့်ကွင်းလယ်လူ ကလစ်ဒေါင်(နံပါတ်-၁၃)သည် မြန်မာအသင်းနှင့် ရင်ဆိုင်ကစားရမည့်ပွဲတွင်လည်း ဂိုးသွင်းယူနိုင်ရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

အသက်(၃၀)နှစ်ရှိပြီဖြစ်သော ကလစ်ဒေါင်သည် ၂၀၀၄ခုနှစ်၌ လက်ရွေးစင်ကစားသမားဖြစ်လာခဲ့ပြီး ဖိလစ်ပိုင်အသင်းအတွက် (၁၆)ဂိုးသွင်းယူပေးထားကြောင်း သိရသည်။ ကလစ်ဒေါင်က “ဆီမီးဖိုင်နယ်ရောက်ရှိဖို့ ကျွန်တော်တို့အားလုံးမျှော်လင့်နေပါတယ်။ မြန်မာနဲ့ပွဲမှာလည်း ဂိုးသွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ”ဟု ပြောကြားခဲ့သည်။

## မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည့်ပွဲကို ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ကွင်းအပြောင်းအလဲပြုလုပ်




မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ယှဉ်ပြိုင်ကစားမည့် ကွင်းအမည်နှင့် ဒေသစံတော်ချိန်အားဖော်ပြထားစဉ်

အာဆီယံဆုဖလားပြိုင်ပွဲ ကျင်းပရေးတာဝန်ရှိသူများသည် မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ယှဉ်ပြိုင်ကစားမည့် ပွဲကို ကွင်းအပြောင်းအလဲပြုလုပ်ခဲ့ကြောင်းသိရသည်။

မူလက ယင်းပွဲကိုနွန်ထရာဘူရီမြို့ရှိ ထိုင်းပရီးမီးယားလိဂ်ကလပ်အသင်းဖြစ်သော မြောင်တောင်ယူနိုက်တက်အသင်းပိုင် SCG ကွင်းတွင်ယှဉ်ပြိုင်ကစားရန် စီစဉ်ထားခဲ့သည်။သို့သော်ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများသည် ပြီးခဲ့သည့်အင်္ဂါနေ့က အစည်းအဝေးပြုလုပ်ပြီး ယင်းပွဲကို ဘန်ကောက်မြို့တွင်း၌ပင်ရှိသည့် Supachalasai National Stadium တွင် ယှဉ်ပြိုင်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို တစ်ချိန်တည်းကျင်းပမည်ဖြစ်ပြီး ထိုင်း-ဗီယက်နမ်ပွဲကို ဘန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၊ မြန်မာ-ဖိလစ်ပိုင်ပွဲကို ပရိသတ်(၂၀၀၀၀)နီးပါးဆံ့ Supachalasai ကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်သည်။



(၉)ကြိမ်မြောက်၊ အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယနေ့ပွဲစဉ်တွေကို ပြီးခဲ့တဲ့နိုဝင်ဘာလ(၂၇၊ ၂၈)ရက်များက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့နဲ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ပါတယ်။ အုပ်စု(က)မှာတော့ မြန်မာအသင်းဟာ အိမ်ရှင်ထိုင်းအသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီး လက်ရှိခြေစွမ်းအမှန်ကို ပြသခဲ့တယ်လို့ဆိုရမှာပါ။ မြန်မာအသင်းဟာ ထိုင်းအသင်းကိုအဖက်ဖက်က ယှဉ်မကစားနိုင်ခဲ့တာကတော့ ပေါ်လွင်ပါတယ်။ ဗီယက်နမ်အသင်းကတော့ မထင်မှတ်ဘဲ ဖိလစ်ပိုင်အသင်းကို ရှုံးနိမ့်ခဲ့ရပါတယ်။ နောက်ကျအနိုင်ဂိုးကြောင့် ဖိလစ်ပိုင်တို့ဟာ ဆီမီးဖိုင်နယ်ကို မျှော်လင့်လာနိုင်ပြီဖြစ်ပါတယ်။

# ထိုင်းအသင်းကို ဂိုးပြတ်ရှုံးပြီး ခြေစွမ်းအမှန်ကိုပြသလိုက်တဲ့ မြန်မာ

## နောက်ကျအနိုင်ဂိုးကြောင့် ဖိလစ်ပိုင်တို့ဆီမီးကိုမျှော်လင့်ချက်ရှိလာ

### ၂၀၁၂အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များသုံးသပ်ချက်



ထိုင်းအသင်းအတွက် ဟက်ထရစ်သွင်းယူခဲ့သည့် သီယာဆေးလ်ဒန်ဒါ၏ ထိုးဖောက်မှုကို မြန်မာနောက်တန်းလူများဖြစ်သော ပြည့်ဖြိုးအောင်နှင့် ဇော်မင်းထွန်းတို့လိုက်လံဟန့်တားဖျက်ထုတ်နေစဉ်

### ခြေစွမ်းသိသိသာသာကွာဟမှုနဲ့ ထိုင်းကိုဂိုးပြတ်ရှုံးခဲ့တဲ့ မြန်မာ

**ထိုင်း ၄-၀ မြန်မာ**

၁၉၉၉ခုနှစ် ဆီးဂိမ်းစ်တုန်းက မြန်မာအသင်းဟာ ထိုင်းကို(၇)ဂိုးပြတ် ရှုံးနိမ့်ထားခဲ့ဖူးပါတယ်။ အဲဒီနောက်ပိုင်းမြန်မာနဲ့ ထိုင်းတို့(၅)ကြိမ်တွေ့ဆုံထားခဲ့ပေမယ့် အဲဒီလောက်ဂိုးပြတ်မရှုံးနိမ့်ခဲ့ပါဘူး။ အခု(၄)ဂိုးပြတ်ရှုံးနိမ့်မှုဟာ ၁၉၉၉ ဆီးဂိမ်းစ်မှာ(၇)ဂိုးပြတ်ရှုံးခဲ့ပြီးနောက်ပိုင်း ဂိုးပေးရမှုအများဆုံးနဲ့ ရှုံးခဲ့ရတာပါ။ မြန်မာအသင်းဟာ ပထမနေ့ပွဲစဉ်တုန်းက ဗီယက်နမ်အသင်းနဲ့ သရေကျခဲ့တဲ့ ပွဲထွက်ကစားသမား(၁၁)ယောက်စာရင်းမှာ(၁)ယောက်ကိုပဲ အလဲအလှယ်လုပ်ပြီး ပွဲထွက်ခဲ့တာပါ။ ဖြိုးကိုကိုသိန်းနေရာမှာ ဇော်ဇော်ဦးကိုပွဲထွက်စေခဲ့ပါတယ်။ မြန်မာအသင်းရဲ့ ခြေစွမ်းအမှန်ကတော့ ဒီပွဲမှာ အထူးပဲပေါ်လွင်ခဲ့ပါတယ်။ မြန်မာဘောလုံးသမားတွေမှာရှိတဲ့ Level နဲ့ ထိုင်းဘောလုံးသမားတွေရဲ့ Level ကွာဟမှု၊ အသင်း(၂)သင်းရဲ့ Level ကွာဟမှုတွေက သိသိသာသာကြီးကိုပေါ်လွင်ခဲ့ပါတယ်။ ပထမပိုင်းမှာ မြန်မာအသင်းဘောလုံးကိုင်ကစားခွင့်ရရှိတဲ့အချိန်ဟာ ထိုင်းအသင်းဘောလုံးကိုင်ကစားခွင့်ရရှိတဲ့အချိန်ရဲ့ (၄)ပုံ၊ (၁)ပုံစာတောင်ရှိမယ်မထင်ပါဘူး။ ထိုင်းအသင်းဟာ မြန်မာကွင်းဘက်ခြမ်းမှာပဲ တစ်ချိန်လုံးနီးပါးစိုးမိုးထားနိုင်ခဲ့ပြီး ဂိုးရရှိဖို့ နည်းဗျူဟာမြောက်စွာနဲ့ ချဉ်းကပ်နိုင်ခဲ့တယ်လို့ ဆိုရမှာပါ။ (၁၇)မိနစ်မှာ ကြည်လင်းရဲ့ဖန်တီးပေးပို့မှုကနေ ဒေးဗစ်ဒန်း ထိုင်းဂိုးသမားနဲ့ တစ်ဦးချင်းတွေ့ပြီး အပိုင်ကန်သွင်းခွင့်ရခဲ့ပေမယ့် ဂိုးမဖြစ်ခဲ့ပါဘူး။ ဒါဟာဒေးဗစ်ဒန်းရဲ့ နိုင်ငံတကာပြိုင်ပွဲအတွေ့အကြုံနည်းပါးမှုကို ထင်ဟပ်ပြလိုက်တာပါပဲ။ ဗီယက်နမ်နဲ့ပွဲတုန်းက ဗီယက်နမ်နောက်တန်းလူတွေ အခက်တွေ့အောင်လုပ်ပြနိုင်ခဲ့တဲ့ တိုက်စစ်မှူးကြည်လင်းဟာလည်း အခုပွဲမှာတော့ ထိုင်းနောက်တန်းလူတွေကြားမှာ လှုပ်မရဖြစ်ခဲ့ပါတယ်။ အခုပွဲမှာ ဂိုးသမားသီဟစည်သူအပါအဝင် ကစားသမားအားလုံးဟာအကောင်းဆုံး Performance ကိုပြသနိုင်ဖို့နေနေသာသာ သာမန်ခြေစွမ်းမျိုးတောင်မရခဲ့ပါဘူး။ဝါရင့်တိုက်စစ်မှူးရန်ပိုင်ကလည်းဘောလုံးဆင်းယူ၊ ဖြန့်ထုတ်၊ ကစားကွက်ဆင်၊ အလုပ်တွေကိုအဓိကလုပ်ဆောင်ခဲ့ပေမယ့် လျင်မြန်သွက်လက်မှုမရှိဘဲ လေးနေတာကြောင့် ထိရောက်မှုမရှိခဲ့ပါဘူး။ အသင်းခေါင်းဆောင်ခင်မောင်လွင်ကလည်း ကွင်းလယ်မှာ တိုက်စစ်ကိုပံ့ပိုးပေးနိုင်ဖို့ထက်အဖျက်ကိုသာ လုပ်ဆောင်နေရတာကြောင့် ရှေ့-လယ်-နောက်ချိတ်ဆက်မှုတွေက "ဟ"ကုန်ပါတယ်။(၁၉)မိနစ်မှာ ဇော်မင်းထွန်းရဲ့ပေါ့လျော့မှုကနေ တိုက်စစ်မှူးသီယာဆေးလ်ဒန်ဒါ(နံပါတ်-၁၀)က အနီးကပ်ပိတ်သွင်းပြီးအဖွင့်ဂိုး၊ (၅၉)မိနစ်မှာကွင်းလယ်လူဆန့်တွန်ပန်နာဗတ်(နံပါတ်-၁၇)က ခေါင်းတိုက်ပြီး ထိုင်းအတွက်ဒုတိယဂိုးနဲ့ သီယာဆေးလ်ဒန်ဒါကပဲ (၈၁၊ ၈၈)မိနစ်တွေမှာ သူ့ရဲ့ဟက်ထရစ်ဖြစ်စေမယ့်ဂိုးတွေကိုဆက်လက်သွင်းယူနိုင်ခဲ့ပါတယ်။

### ကံတရားဖေးမမှုမရခဲ့တဲ့ ဗီယက်နမ် ကံတရားဖေးမမှုရခဲ့တဲ့ ဖိလစ်ပိုင်

**ဗီယက်နမ် ၀-၁ ဖိလစ်ပိုင်**

မြန်မာနဲ့သရေကျခဲ့တဲ့ ဗီယက်နမ်အတွက်ကတော့ ဒီပွဲဟာကံတရားဖေးမမှုမရခဲ့တဲ့ပွဲလို့ဆိုရမှာဖြစ်ပြီး ထိုင်းကိုရှုံးထားတဲ့ ဖိလစ်ပိုင်အတွက်ကတော့ ကံတရားရဲ့ဖေးမမှုရခဲ့လို့သာမထင်မှတ်ဘဲ (၃)မှတ်ရခဲ့တယ်လို့ ပြောရမှာပါ။ ဒီပွဲမှာဗီယက်နမ်အသင်းဟာ ဖိလစ်ပိုင်အသင်းကိုရှုံးခဲ့ပေမယ့် ခြေစွမ်းပိုင်းအရတော့ မရှုံးခဲ့ပါဘူး။ ဂိုးရနိုင်တဲ့အခွင့်အရေးကိုကြည့်ရင် ဖိလစ်ပိုင်ထက်တောင်သာခဲ့ပါတယ်။ဖိလစ်ပိုင်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို(၈၅)မိနစ်မှာ ဝါရင့်ကွင်းလယ်လူ ကလစ်ဒေါင်က သွင်းယူခဲ့ပါတယ်။

### ၂၀၁၂ ဆူဇူကီးဖလား

*အုပ်စု(က)* - ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်

| | | | | | |
|---|---|---|---|---|---|
| ၂၄-၁၁-၁၂ | ၅း၀၀နာရီ | ဗီယက်နမ် | ၁-၁ | မြန်မာ |
| | ၇း၅၀နာရီ | ထိုင်း | ၂-၁ | ဖိလစ်ပိုင် |
| ၂၇-၁၁-၁၂ | ၅း၀၀နာရီ | ဗီယက်နမ် | ၀-၁ | ဖိလစ်ပိုင် |
| | ၇း၅၀နာရီ | ထိုင်း | ၄-၀ | မြန်မာ |
| ၃၀-၁၁-၁၂ | ၇း၅၀နာရီ | မြန်မာ | - | ဖိလစ်ပိုင် |
| | ၇း၅၀နာရီ | ထိုင်း | - | ဗီယက်နမ် |

| *အုပ်စု(က)* | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ထိုင်း | ၂ | ၂ | ၀ | ၀ | ၆ | ၁ | ၆ |
| ဖိလစ်ပိုင် | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၃ |
| ဗီယက်နမ် | ၂ | ၀ | ၁ | ၁ | ၁ | ၂ | ၁ |
| မြန်မာ | ၂ | ၀ | ၁ | ၁ | ၁ | ၅ | ၁ |

*အုပ်စု(ခ)* - မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ လာအို

| | | | | |
|---|---|---|---|---|
| ၂၅-၁၁-၁၂ | ၄း၃၀နာရီ | အင်ဒိုနီးရှား | ၂-၂ | လာအို |
| | ၇း၁၅နာရီ | မလေးရှား | ၀-၃ | စင်ကာပူ |
| ၂၈-၁၁-၁၂ | ၄း၃၀နာရီ | အင်ဒိုနီးရှား | ၁-၀ | စင်ကာပူ |
| | ၇း၁၅နာရီ | မလေးရှား | ၄-၁ | လာအို |
| ၁-၁၂-၁၂ | ၇း၁၅နာရီ | စင်ကာပူ | - | လာအို |
| | ၇း၁၅နာရီ | မလေးရှား | - | အင်ဒိုနီးရှား |

| *အုပ်စု(ခ)* | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| အင်ဒိုနီးရှား | ၂ | ၁ | ၁ | ၀ | ၃ | ၂ | ၄ |
| စင်ကာပူ | ၂ | ၁ | ၀ | ၁ | ၃ | ၁ | ၃ |
| မလေးရှား | ၂ | ၁ | ၀ | ၁ | ၄ | ၄ | ၃ |
| လာအို | ၂ | ၀ | ၁ | ၁ | ၃ | ၆ | ၁ |




စာမျက်နှာ(၂၀)မှ ➤➤➤

မြန်မာအသင်းရဲ့ အင်္ကျီအနီရောင်ကို ဝတ်ဆင်လာကြတာကြောင့် အရှေ့ဘက်တန်းပွဲကြည့်စင်မှာ အနီရောင်တွေရဲရဲထနေတာဟာ ကြက်သီးထစရာပါ။ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာကျင်းပနေတဲ့ ၂၀၁၂ ဆူဇူကီးဖလား အုပ်စု(က)ပွဲစဉ်တွေမှာ အိမ်ရှင်ထိုင်းအသင်းပြီးရင် မြန်မာအသင်းဟာ ပရိသတ်အားပေးမှု အများဆုံးအသင်းဖြစ်ပါတယ်။

ပထမပိုင်း(၁၉)မိနစ်မှာ မြန်မာအသင်းနောက်ခံလူတွေဖြစ်တဲ့ အောင်ဟိန်းကျော်နဲ့ဇော်မင်းထွန်းတို့ကြားကနေ သီယာဆေးလ်ဒန်ဒါ Timing ကိုက်ပြေးထွက်ပြီး အပိုင်ကန်သွင်းနိုင်ခဲ့လို့ ထိုင်းအသင်းအဖွင့်ဂိုးရပြီး ပထမပိုင်းအပြီးမှာ (၁-၀)ဂိုးနဲ့ဦးဆောင်နိုင်နေပါတယ်။ ဒုတိယပိုင်းမှာ မြန်မာအသင်းဟာချေပဂိုးရဖို့တင်ကစားလာခဲ့လို့ ထိုင်းဘက်ကို ပြန်ဖိကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ပွဲချိန်(၅၉)မိနစ်မှာ ထိုင်းအသင်း ဒုတိယဂိုးထပ်ရသွားတာက ပွဲရဲ့အလှည့်အပြောင်းလို့ဆိုရမှာပါ။ ဒုတိယဂိုးပေးလိုက်ရပြီးနောက် မြန်မာနည်းပြပတ်ဆောင်ဟွာက လူစားလဲမှု (၃)ခုပြုလုပ်ခဲ့ပါတယ်။ကောင်းစည်သူ၊ သက်နိုင်နဲ့အောင်မိုးတို့ဝင်လာပြီး (၃)ဦးစလုံးကတိုက်စစ်အားသန်ကစားသမားတွေပါ။ ပတ်ဆောင်ဟွာအနေနဲ့ ချေပဂိုးပြန်ရဖို့ တိုက်စစ်အားထပ်ဖြည့်လိုက်ပုံရပါတယ်။ ဒါပေမဲ့ ဒီနေ့ပွဲမှာအမှားအယွင်းများနေတဲ့ခံစစ်ပိုင်းကိုတော့ မေ့လျော့သွားပုံပါပဲ။ ရန်ကုန်မှာကတည်းက မြန်မာအသင်းဟာ တန်ပြန်တိုက်စစ်ကနေဂိုးရဖို့ အဓိကထားလေ့ကျင့်ခဲ့တာပါ။ ဒါပေမဲ့ ပြိုင်ဘက်အသင်းရဲ့ တန်ပြန်တိုက်စစ်တွေကို ဘယ်လိုထိန်းချုပ်မလဲဆိုတာတော့ ပိုင်နိုင်အောင်ပြင်ဆင်ထားပုံမရပါဘူး။ မြန်မာအသင်းချေပဂိုးရဖို့ တက်ဖိကစားနေရင်း ထိုင်းအသင်းရဲ့တန်ပြန်တိုက်စစ်တွေကို မထိန်းနိုင်လို့ တတိယဂိုးနဲ့ စတုတ္ထဂိုးတွေထပ်ပေးရကာမြန်မာအသင်း(၄)ဂိုးပြတ်ရှုံးခဲ့ရတာပါ။

ပွဲအပြီးမှာတော့ မြန်မာအသင်းဟာ နည်းစနစ်၊ နည်းဗျူဟာပိုင်းမှာ ထိုင်းကိုမယှဉ်နိုင်ခဲ့ကြောင်းဖွင့်ဟခဲ့ပြီး နောက်ဆုံးပွဲစဉ်မှာအနိုင်ကစားရင်းဆီမီးဖိုင်နယ်တက်နိုင်ဖို့ကြိုးစားသွားမယ်လို့ဆိုပါတယ်။ လက်တွေ့မှာလည်းမြန်မာအသင်းမှာ ဆီမီးဖိုင်နယ်တက်ရောက်ဖို့ အခွင့်အလမ်းရှိနေပါသေးတယ်။ ကိုယ့်ကြိုးမှာကိုယ်ဖန်တီးခွင့် (၅၀)ရာခိုင်နှုန်း၊ ထိုင်းနဲ့ ဗီယက်နမ်ပွဲရလဒ်က (၅၀)ရာခိုင်နှုန်းဖြစ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ်ထိုင်းနဲ့ ဗီယက်နမ်ပွဲမှာ ဘယ်လိုရလဒ်ပေါ်ထွက်လာမလဲဆိုတာကိုမေ့ထားပြီး ဖိလစ်ပိုင်ကိုအနိုင်ရဖို့အရေးကြီးပါတယ်။ မြန်မာအသင်းဟာ ဖိလစ်ပိုင်ကို အနိုင်ရခဲ့ပြီး ထိုင်းကလည်း ဗီယက်နမ်ကို အရှုံးမကန်ခဲ့ဘူးဆိုရင် မြန်မာအသင်းရဲ့ ဆီမီးဖိုင်နယ်တက်ရောက်ရေးမျှော်လင့်ချက်တွေလက်တွေ့အကောင်အထည်ပေါ်လာမှာဖြစ်ပါတယ်။ ၂၀၀၄နောက်ပိုင်း ဆီမီးဖိုင်နယ်အဆင့်နဲ့အလှမ်းဝေးနေတဲ့ မြန်မာအသင်းဒီတစ်ကြိမ်မှာရောအခြေအနေဘယ်လိုရှိမလဲ။စောင့်ကြည့်ရဦးမှာပါ။

# ၂၀၁၂BBC Sports Personality ဆုအတွက် ပဏာမ စာရင်းတွင် မက်အီရွိုင်းကလွဲပြီး အိုလံပစ်ချန်ပီယံများပါဝင်လာခဲ့

၂၀၁၂ BBC Sports Personality of the Year ဆုအတွက် ပဏာမစာရင်းကိုပြီးခဲ့သည့်တနင်္လာနေ့ကထုတ်ပြန်ကြေညာခဲ့ကြောင်းသိရှိရသည်။ ယင်းစာရင်းတွင် ၂၀၁၂ ခုနှစ်အတွင်း ဗြိတိန်အင်ပါယာလက်အောက်ရှိ(၄)နိုင်ငံမှ အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သည့်အားကစားသမား(၁၂)ဦးပါဝင်လာခဲ့သည်။

၂၀၁၁ ခုနှစ်က ပဏာမစာရင်းတွင် အမျိုးသားများသာပါဝင်ခဲ့မှုကြောင့် ဝေဖန်မှုများနှင့်ကြုံတွေ့ခဲ့ရသဖြင့် ယခုနှစ်ပဏာမစာရင်းတွင်မူအမျိုးသမီးအားကစားသမား(၅)ဦးအထိ ပါဝင်လျက်ရှိသည်။ ပဏာမစာရင်းဝင်အားကစားသမားများတွင် မြောက်အိုင်ယာလန်ဂေါက်သီးသမား မက်အီရွိုင်းတစ်ဦးကလွဲပြီး ကျန်ကစားသမားများမှာ နွေရာသီအိုလံပစ်နှင့် မသန်စွမ်းနွေရာသီအိုလံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများရရှိထားခဲ့သူများဖြစ်သည်။ ယခုနှစ်တွင်မူထူးခြားခြားမသန်စွမ်းအိုလံပစ်ပြိုင်ပွဲမှ အားကစားသမား(၃)ဦးအထိ ပဏာမစာရင်းတွင် ပါဝင်ခဲ့သည်။ ယင်းဆုကို မဲပေးရွေးချယ်မည်ဖြစ်ပြီး လာမည့်ဒီဇင်ဘာလ(၁၆)ရက်နေ့တွင် လန်ဒန်မြို့ရှိ ExCel Centre တွင် အခမ်းအနားဖြင့် ချီးမြှင့်သွားမည်ဖြစ်သည်။ လက်ရှိအချိန်တွင် ယင်းဆုရရှိရန် အဓိကရေပန်းစားနေသူမှာ Tour de France ချန်ပီယံနှင့် အိုလံပစ် Time-Trial ပွဲစဥ်တွင် ရွှေတံဆိပ်ဆုရရှိခဲ့သူ ဂရိတ်ဗြိတိန်စက်ဘီးသမား ဘရက်ဒလေဝစ်ဂင်စ်ဖြစ်ပြီး လောင်းကစားကုမ္ပဏီများ၏အလေးပေးချက်တွင် ထိပ်ဆုံးမှ နေရာယူထားလျက်ရှိသည်။ ဝစ်ဂင်စ်နောက်တွင်မူ မိုဖာရက်(အိုလံပစ်မီတာ ၅၀၀၀ နှင့် ၁၀၀၀၀ ရွှေတံဆိပ်ရှင်)၊ ဂျက်ဆီကာအန်းနစ်(အိုလံပစ် ၇ မျိုးစုံချန်ပီယံ)၊ အန်ဒီမာရေး(အိုလံပစ်ရွှေနှင့် US Openချန်ပီယံ)တို့က ရေပန်းစားလျက်ရှိသည်။

အခြားကစားသမားများမှာမူ နီကိုလာအဒမ်စ်(လက်ဝှေ့)၊အိန်းဆလေ(ရွက်လှေ)၊ ဂရိန်ဂျာ(လှေလှော်)၊ ခရစ္စဟွိုင်း(ရုံတွင်းစက်ဘီး)၊ မက်အီရွိုင်း (ဂေါက်သီး)၊ အီလီဆိုင်မွန်စ်(ရေကူး)၊ ဆာရာစတိုရေး(ရုံတွင်းစက်ဘီး)၊ ဒေးဗစ်ဝီယာ(ဘီးတပ်အပြေး)တို့ဖြစ်ကြကြောင်း သိရှိရသည်။



(ဝဲမှယာ)ခရစ္စဟွိုင်း၊ အန်ဒီမာရေး၊ ဘရက်ဒလေဝစ်ဂင်စ်၊ မိုဖာရက်၊ ဂျက်ဆီကာအန်းနရစ်၊ မက်အီရွိုင်း

## လိုင်ပိုင်းဆိုင်ရာကျူးလွန်မှုကြောင့် ပြင်သစ်တင်းနစ်နည်းပြထောင်ဒဏ်ချမှတ်ခံရ

ပြင်သစ်တရားရုံးတစ်ရုံးက ပြင်သစ်နည်းပြတစ်ဦးဖြစ်သူ ဒီကာမာရက်ကို တပည့်ဖြစ်သူများအားလိင်ပိုင်းဆိုင်ရာကျူးလွန်ခဲ့ကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် ထောင်ဒဏ်(၈)နှစ်ချမှတ်ခံခဲ့သည်။ ယခုအချိန်တွင် အသက်(၇၂) နှစ်အရွယ်ရှိနေပြီဖြစ်သည့် ဒီကာမာရက်သည် ၁၉၈၀ကျော်နှင့် ၁၉၉၀ အစောပိုင်းကာလအတွင်း တင်းနစ်သင်တန်းကျောင်းတစ်ခုတွင်နည်းပြအဖြစ်ဆောင်ရွက်ခဲ့စဥ် ယခုကဲ့သို့ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး အစိုးရရှေ့နေများကမူ ၎င်း၏ပြစ်ဒဏ်အား ထောင်ဒဏ်(၁၀)နှစ်မှ (၁၂) နှစ်အထိချမှတ်သင့်ကြောင်းလျှောက်လဲခဲ့သည်။

## အိုလံပစ်အားကစားသမားဘဝကို အိန်းဆလေ အဆုံးသတ်

ဗြိတိန်နာမည်ကြီးရွက်လှေသမား အိန်းဆလေက လက်ရှိအိုလံပစ်ချန်ပီယံဘွဲ့များကို လာမည့်၂၀၁၆ပြိုင်ပွဲတွင်ကာကွယ်တော့မည်မဟုတ်ကြောင်းနှင့် America's Cup ပြိုင်ပွဲကိုသာ အာရုံစိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အိန်းဆလေသည် အိုလံပစ်သမိုင်းတွင်အအောင်မြင်ဆုံးရွက်လှေသမားအဖြစ်မှတ်တမ်းဝင်ထားပြီး အိုလံပစ်(၅)ကြိမ်ယှဥ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ်(၅)ခု၊ ငွေတံဆိပ်(၁)ခုရရှိခဲ့ကာအိုလံပစ်ပြိုင်ပွဲ(၅)ကြိမ်ဆက်ဆုတံဆိပ်ရသည့် ပထမဆုံးအားကစားသမားဖြစ်လာခဲ့သည်။

## မီတာ(၁၀၀)ကမ္ဘာ့စံချိန်ကို အူစိန်ဘော့ ထပ်ချိုးနိုင်မည်ဟု မောရစ်ဂရင်းယုံကြည်

အမေရိကန်နာမည်ကြီးတာတိုအပြေးသမားဟောင်း မောရစ်ဂရင်းက လက်ရှိကမ္ဘာ့တာတိုဘုရင် အူစိန်ဘော့အနေဖြင့် ၎င်းကိုယ်တိုင်တင်ရှိထားသည့် မီတာ(၁၀၀) ကမ္ဘာ့စံချိန်ကို ချိုးဖျက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ အူစိန်ဘော့သည် မီတာ(၁၀၀)ကို (၉.၅၈)စက္ကန့်ပြေးကာ ကမ္ဘာ့စံချိန်သစ်တင်ရှိထားခဲ့ခြင်းဖြစ်ပြီး ယင်းစံချိန်မှာ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တွင်ကျင်းပခဲ့သည့် ၂၀၀၉ ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရရှိခဲ့သောကြောင့် မီတာ(၁၀၀)စံချိန်ကို (၃)နှစ်ကျော်ကြာအထိ ချိုးဖျက်နိုင်ခြင်းမရှိဖြစ်နေသည်။

## IN-BRIEF

❒ တရုတ်ကလပ် ရှန်ဟိုင်းရှက်စ်အသင်းတွင် လာရောက်ကစားနေသည့် NBA နာမည်ကြီးဘက်စကတ်ဘောသမား ဂီးလ်ဘတ်အရီနာသည် အသင်းနှင့် ပွဲဦးထွက်ပွဲစဥ်မှာပင် ဒဏ်ရာရရှိသွားခဲ့သည်။

❒ မီတာ(၄၀၀)စိတ်ကြိုက်ကူးကမ္ဘာ့စံချိန်တင်ဟောင်းဖြစ်သူ အသက်(၂၆)နှစ်အရွယ်ရှိ ဗြိတိန်ရေကူးမယ်ယိုအန်နီဂျက်ဆင်သည် ကစားသမားဘဝမှ အနားယူခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

❒ ဖော်မြူလာဝမ်းပြိုင်ပွဲကို ဒုတိယအကြိမ်စွန့်ခွာခဲ့သည့် မိုက်ကယ်ရှူးမေကာက မာစီးဒီးစ်အသင်းနှင့်ဆက်လက်လက်တွဲလျှင်ဖြစ်နိုင်သော်လည်း မိသားစုကိုအချိန်ပေးလိုခြင်းကြောင့် အနားယူခဲ့ကြောင်းပြောကြားခဲ့သည်။

❒ အိုလံပစ်ချန်ပီယံပြင်သစ်အမျိုးသမီးဂျူဒိုသမား လူစီဒီကိုဆေးသည် ပဲရစ်မြို့ပြင်ရှိ သူမ၏နေအိမ်တွင်သိမ်းဆည်းထားသည့် ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်(၃)ခုမှာခိုးယူခံခဲ့ရကြောင်း သိရှိရသည်။

## ဥရောပတာတိုရေကူးပြိုင်ပွဲကျင်းပပြီးစီး

၂၀၁၂ ဥရောပတာတိုရေကူးပြိုင်ပွဲကို ပြင်သစ်နိုင်ငံ၊ ချာထရီးစ်မြို့တွင် နိုဝင်ဘာ(၂၂)ရက်နေ့မှ(၂၅)ရက်နေ့အထိကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ယင်းပြိုင်ပွဲကို နှစ်စဥ်ကျင်းပလေ့ရှိပြီး ၂၀၁၂ ပြိုင်ပွဲကိုမူ အိမ်ရှင်ပြင်သစ်အသင်းက ရွှေ(၁၂)ခု၊ ငွေ(၆)ခု၊ ကြေး(၁၁)ခုဖြင့် နိုင်ငံအလိုက်တွင် ဆုတံဆိပ်အများဆုံးဖြင့် ဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအတွင်း ကမ္ဘာ့စံချိန်သစ်တစ်ခုတင်ရှိနိုင်ခဲ့ပြီး ပြင်သစ်ရေကူးမယ်ပင်ဖြစ်သည့်ကာမယ်လီမူဖက်က မီတာ(၄၀၀)စိတ်ကြိုက်ကူးတွင်မူလစံချိန်(၃)မိနစ်၊(၅၄.၉၂)စက္ကန့်ကို (၃)မိနစ်၊ (၅၄.၈၅)စက္ကန့်ဖြင့် ချိုးဖျက်ကာ ကမ္ဘာ့စံချိန်သစ်တင်ရှိခဲ့သည်။

## ပရီးမီးယားလိဂ်စနူကာပြိုင်ပွဲတွင် ဘင်ဟမ်းဗိုလ်စွဲ

၂၀၁၂ ပရီးမီးယားလိဂ်စနူကာပြိုင်ပွဲဗိုလ်လုပွဲတွင် ယခုနှစ်ပြိုင်ပွဲတွင်မှ ပွဲထွက်ပါဝင်ယှဥ်ပြိုင်ခွင့်ရရှိခဲ့သူ အင်္ဂလန်စနူကာသမား စတူးအက်ဘင်ဟမ်းက တစ်နိုင်ငံတည်းသားဖြစ်သည့် ကမ္ဘာ့နံပါတ်(၁)ဂျက်ထရန့်ကို (၇-၂) ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

ပရီးမီးယားလိဂ်စနူကာပြိုင်ပွဲသည် ထိပ်သီးစနူကာသမား(၁၀)ဦးကို အုပ်စု(၂)ခုခွဲကာယှဥ်ပြိုင်စေပြီး အုပ်စုတစ်ခုစီမှထိပ်ဆုံး(၂)ဦးတက်ရောက်ကာ အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲများကစားခဲ့သည်။ကမ္ဘာ့အဆင့်သတ်မှတ်သည့် ပြိုင်ပွဲများတွင် မပါဝင်သော်လည်းချန်ပီယံဆုကြေးပေါင် (၅၀၀၀၀)နှင့် ဒုတိယဆုကြေးပေါင် (၂၅၀၀၀)ချီးမြှင့်ခဲ့သည်။

## ဟောင်ကောင်အိုးပင်းတွင် တရုတ်တို့ ပွဲစဥ်အားလုံးအနိုင်ရ

ကမ္ဘာ့ကြက်တောင်ရိုက်အဖွဲ့ချုပ်(BWF)မှကျင်းပသည့်၂၀၁၂Super Series ပွဲစဥ်တစ်ပွဲဖြစ်သည့် ဟောင်ကောင်အိုပင်းပြိုင်ပွဲတွင် တရုတ်ကြက်တောင်သမားများကသာ ပွဲစဥ်(၅)ပွဲစလုံးအနိုင်ရရှိသွားကြောင်းသိရှိရသည်။

ယခုပြိုင်ပွဲသည် ၂၀၁၂ Super Seires ပွဲစဥ်များ၏ ရာသီပိတ်ပြိုင်ပွဲလည်းဖြစ်ပြီး အဆုံးသတ်ပြိုင်ပွဲဖြစ်သော Super Series Masters Finals ပြိုင်ပွဲကိုမူ လာမည့်ဒီဇင်ဘာလ (၁၂)ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ဟောင်ကောင်အိုးပင်းအမျိုးသားတစ်ဦးချင်းတွင် တရုတ်မှ ချင်လုံက မလေးရှားနာမည်ကြီးကြက်တောင်သမား လီချုံဝေကို ၂၁-၁၉၊ ၂၁-၁၇ ဖြင့် အနိုင်ရပြီး၊ အမျိုးသမီးတစ်ဦးချင်းတွင်မူ လီရွှယ်ရဝေက ဝမ်ယီဟန်ကို ၂၁-၁၂၊ ၁၁-၃ဖြင့်ဦးဆောင်နေစဥ် ဝမ်ယီဟန် ဒဏ်ရာကြောင့်နုတ်ထွက်ခဲ့သဖြင့် ဗိုလ်စွဲခဲ့သည်။ အမျိုးသားနှစ်ယောက်တွဲတွင် ချိုင်ယွင်နှင့် ဖူဟိုင်ဖုန်(တရုတ်)၊ အမျိုးသမီးနှစ်ယောက်တွဲတွင် ထန်ချိန်နှင့် ကျောင်ယွင်လေ(တရုတ်)၊အမျိုးသား-အမျိုးသမီးနှစ်ယောက်တွဲတွင် ကျန်နန်းနှင့် ကျောင်ယွင်လေ(တရုတ်)တို့က အသီးသီးအနိုင်ရရှိသွားခဲ့ကြောင်း သိရှိရသည်။

❍ ❍ ❍



လီချုံဝေကိုအနိုင်ယူခဲ့သည့် ချင်လုံအား ဆုဖလားနှင့်အတူတွေ့ရစဉ်

# ၂၀၁၃ European Tour ပွဲစဉ်များထုတ်ပြန်ကြေညာ ရာသီအဆုံးသတ်ပြိုင်ပွဲ(၄)ပွဲတွင် ဆုကြေးငွေအများဆုံးချီးမြှင့်မည်




၂၀၁၂ USPGA Tour နှင့် European PGA Tour (၂)ခုစလုံးတွင်ဆုကြေးငွေအများဆုံးရရှိခဲ့သည့် မက်အီရွိုင်းနှင့် ၎င်း၏ချစ်သူ ဝေါ်ဇနီယာကီ

European PGA Tour ၏ ၂၀၁၃ခုနှစ်အတွက်ပွဲစဉ်ဇယားကို ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရသည်။ ထုတ်ပြန်ကြေညာခဲ့သည့် ပွဲစဉ်ဇယားအရ ၂၀၁၃ European PGA Tour တွင်ပွဲစဉ်(၄၅)ပွဲပါဝင်မည်ဖြစ်ပြီး လာမည့်ဒီဇင်ဘာလ(၆)ရက်တွင် တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် Nelson Mandela ချန်ပီယံရှစ်ပြိုင်ပွဲဖြင့်စတင်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ ၂၀၁၃ခုနှစ်အတွက်ပွဲစဉ်ဇယားများအဖြစ်ထုတ်ပြန်ကြေညာခဲ့သော်လည်း ယခုနှစ်ဒီဇင်ဘာလအတွင်းပွဲစဉ်(၂)ပွဲယှဉ်ပြိုင်သွားမည်ဖြစ်ပြီး (၂)ပွဲစလုံးကိုတောင်အာဖရိကနိုင်ငံတွင်ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၃ European Tour ၏ ရာသီအဆုံးသတ်ပြိုင်ပွဲ(၄)ပွဲဖြစ်သည့် BMW Masters၊ WGC-HSBC Championship၊ Turkish Open နှင့် World Tour Championship ပြိုင်ပွဲများတွင် ဆုကြေးအများဆုံးချီးမြှင့်မည်ဖြစ်ကြောင်းလည်းသိရှိရသည်။ ယင်းပြိုင်ပွဲ(၄)ရပ်ပေါင်းတွင် ဆုကြေးစုစုပေါင်းယူရို(၂၃·၅)သန်းအထိချီးမြှင့်သွားမည်လည်းဖြစ်သည်။ သို့ရာတွင် European Tour မှာကန့်သတ်ချက်များချမှတ်ထားပြီး ရာသီအဆုံးသတ် World Tour Championship ပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကစားသမားများမှာ ရှေ့ပြိုင်ပွဲ(၃)ခုအနက် (၂)ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (၃)ပွဲစလုံးတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကိုမှ ၎င်းတို့ရရှိသည့် ဆုကြေးစုစုပေါင်း၏(၂၀)ရာခိုင်နှုန်းကို အပိုဆုကြေးအဖြစ်ထပ်မံချီးမြှင့်သွားမည်လည်းဖြစ်သည်။

ဂေါက်သီးလောက၏ ဂရင်းစလင်းပြိုင်ပွဲ(၄)ပွဲကို ယင်းပွဲစဉ် (၄၅)ပွဲတွင် ထည့်သွင်းထားကြောင်းလည်း သိရှိရသည်။

## BRIEF

❒ လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် မီတာ(၄၀၀)အပြေးပြိုင်ပွဲ၌ဗိုလ်စွဲခဲ့သည့် ဂရီနာဒါအပြေးသမားကီရာနီဂျိမ်းစ်က မီတာ(၄၀၀)ပြိုင်ပွဲတွင် အူစိန်ဘော့ ပါဝင်ယှဉ်ပြိုင်ရန်စီစဉ်နေခြင်းကို ကြိုဆိုကြောင်းပြောကြားလိုက်သည်။

❒ ရက်ဘူးလ်အသင်းအုပ်ချုပ်သူခရစ္စတီယန်ဟော်နာက လူးဝစ်ဟာမီလ်တန်ထွက်ခွာသွားသည့် မက်ကလာရင်အသင်းမှာ လာမည့်ရာသီတွင်အင်အားနည်းသွားလိမ့်မည်ဟု ဝေဖန်ပြောကြားခဲ့သည်။

❒ ဆားဘီးယားတင်းနစ်သမား တစ်ဆာရီဗစ်သည် အမေရိကန်တင်းနစ်သမားဆမ်ကွာရေး၊ အာဂျင်တီးနားတင်းနစ်သမားဟွမ်မိုနာကို၊ ဂျပန်တင်းနစ်သမားနီရှီကိုရီတို့နှင့် စင်ကာပူနိုင်ငံတွင်ယှဉ်ပြိုင်ခဲ့သည့် Clash of Continents ပြိုင်ပွဲတွင်ပွဲတိုင်းနိုင်ကာဗိုလ်စွဲခဲ့ကြောင်းသိရှိရသည်။

❒ အိုလံပစ်ရွှေတံဆိပ်(၆)ဆုဆွတ်ခူးထားသည့် ဗြိတိန်စက်ဘီးသမားဆာခရစ္စဟွိုင်းသည် လာမည့်မေလမှစတင်ကာ ၎င်းကိုယ်တိုင်ဒီဇိုင်းရေးဆွဲထားသည့် ပြိုင်ပွဲဝင်စက်ဘီးများကို ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်းသိရှိရသည်။

❒ ၂၀၁၃ခုနှစ်တွင်ကျင်းပမည့် Tour of California စက်ဘီးပြိုင်ပွဲ၏ Stage များကိုပြီးခဲ့သည့်အင်္ဂါနေ့က ထုတ်ပြန်ကြေညာခဲ့ပြီး ပြိုင်ပွဲကိုကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းမှ စတင်ကာပြည်နယ်မြောက်ပိုင်းတွင်ပန်းဝင်သွားမည်ဖြစ်သည်။

❒ ဟဲဗီးဝိတ်ချန်ပီယံဝလာဒီမာကလစ်ရှ်ကိုသည် ဟမ်းဘတ်မြို့ရှိစားသောက်ဆိုင်တစ်ခုတွင် ကြက်သားသုပ်စားအပြီး အစာအဆိပ်သင့်ခဲ့သဖြင့် ဆေးရုံသို့တက်ရောက်ကုသမှုခံယူခဲ့ရကြောင်းသိရှိရသည်။

## မီယာမီနှင့်မွန်တီကာလိုမာစတာစ်ပြိုင်ပွဲများကို ရော်ဂျာဖက်ဒါရာ ပါဝင်ယှဉ်ပြိုင်မည်မဟုတ်

ကမ္ဘာ့အဆင့်(၂)တင်းနစ်သမား ရော်ဂျာဖက်ဒါရာသည် လာမည့်၂၀၁၃ခုနှစ်တွင်ကျင်းပမည့် ATP Tour ပြိုင်ပွဲများအနက်မှ မီယာမီမာစတာစ်နှင့် မွန်တီကာလိုမာစတာစ်ပြိုင်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း သိရှိရသည်။ ဖက်ဒါရာသည် ဂရင်းစလင်းပြိုင်ပွဲများတွင်ကြံ့ခိုင်မှုပြည့်ဝစွာဖြင့်ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ယခုကဲ့သို့ပွဲစဉ်အချို့တွင်ပါဝင်ခြင်းမပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင်၎င်းသည် ချန်ပီယံဆု(၅)ကြိမ်ရရှိခဲ့သည့်ဘောဆယ်ရုံတွင်းပြိုင်ပွဲတွင်လည်းယှဉ်ပြိုင်မည်မဟုတ်ဟု သိရှိရသည်။

## European Tour တွင်ပါဝင်ရန် စိတ်မဝင်စားဟု တိုက်ဂါးဝုဒ်ပြောကြား

အမေရိကန်ဂေါက်သီးသမား တိုက်ဂါးဝုဒ်သည် European PGA Tour ပွဲစဉ်များတွင်ပါဝင်ယှဉ်ပြိုင်ရန်စိတ်မဝင်စားသေးကြောင်း ပြောကြားလိုက်သည်။ လက်ရှိအချိန်တွင် US PGA Tour ပြိုင်ပွဲများ၌သာယှဉ်ပြိုင်နေသည့် တိုက်ဂါးဝုဒ်သည် ယခုနှစ်အတွင်းပွဲစဉ်ပေါင်း(၂၄)ပွဲ၌ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး လာမည့်ရာသီတွင်လည်း European Tour ပြိုင်ပွဲများတွင်ပါဝင်ယှဉ်ပြိုင်ခြင်းပြုမည်မဟုတ်ကြောင်း အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

## ဟောလိဝုဒ်ရုပ်ရှင်များတွင် သရုပ်ဆောင်ရန် ရှာရာပိုဗာ အိပ်မက်မက်နေ

ရုရှားတင်းနစ်မယ်မာရီယာရှာရာပိုဗာသည် ဟောလိဝုဒ်ရုပ်ရှင်များတွင် ပါဝင်သရုပ်ဆောင်ရန်အိပ်မက်မက်နေကြောင်းပြောကြားလိုက်သည်။ အသက်(၂၅)နှစ်အရွယ်ရှိပြီဖြစ်သည့် ရှာရာပိုဗာသည် သူမ၏ချောမောသည့်ရုပ်ရည်ကြောင့် မော်ဒယ်လ်လောကသို့ဝင်ရောက်နိုင်သည်ဟု ပရိသတ်များကမျှော်လင့်ခဲ့ကြသော်လည်း သူမကိုယ်တိုင်ကမူသရုပ်ဆောင်တစ်ဦးဖြစ်လိုသည်ဟု ဝန်ခံပြောကြားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင်လက်ရှိအချိန်တွင်မူတင်းနစ်ကစားရန်ကိုသာအာရုံစိုက်ထားသည်ဟုလည်း သူမကပြောကြားခဲ့သည်။

## ၂၀၁၄ဓနသဟာယပြိုင်ပွဲကို အူစိန်ဘော့ ပစ်မှတ်ထား

အိုလံပစ်ချန်ပီယံ ဂျမေကာအပြေးသမားအူစိန်ဘော့သည် လာမည့်၂၀၁၄ခုနှစ်တွင် စကော့တလန်နိုင်ငံ၌ကျင်းပမည့် ဓနသဟာယအားကစားပြိုင်ပွဲတွင်ရွှေတံဆိပ်ဆွတ်ခူးရန် ပစ်မှတ်ထားနေကြောင်းသိရှိရသည်။ အူစိန်ဘော့မှာ ဓနသဟာယအားကစားပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ဖူးခြင်းမရှိဘဲ လာမည့်၂၀၁၄ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားထားသည်။

## Dakar Rally ကို ဇန်နဝါရီ(၅)တွင် စမည်

ခရီးကြမ်းကားမောင်းပြိုင်ပွဲတစ်ခုဖြစ်သည့် Dakar Rally ပြိုင်ပွဲ၏ ၂၀၁၃ခုနှစ်ပြိုင်ပွဲကို လာမည့်ဇန်နဝါရီ(၅)ရက်နေ့တွင်စတင်ကျင်းပမည်ဖြစ်ကြောင်းသိရှိရသည်။ ပြိုင်ပွဲကိုတောင်အမေရိကတိုက်တွင် (၅)ကြိမ်မြောက်အဖြစ်ကျင်းပမည်ဖြစ်ပြီး ပီရူးနိုင်ငံ၊ လီမာမြို့မှစတင်မည်ဖြစ်ကာ အာဂျင်တီးနားနိုင်ငံ၊ ဆန်တီယာဂိုမြို့တွင် ဇန်နဝါရီ(၂၀)ရက်နေ့၌ပန်းဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

## အသင်းလိုက်ချန်ပီယံဆုရရှိခဲ့သည့်အတွက် ရက်ဘူးလ် အသင်းသားများ တစ်ဦးလျှင်ပေါင်(၁၀၀၀၀)စီဆုကြေးရရှိ




ကမ္ဘာ့ချန်ပီယံဗက်တဲလ်နှင့်အတူအောင်ပွဲခံနေသည့် ရက်ဘူးလ်အသင်းသားအချို့

ဖော်မြူလာဝမ်းပြိုင်ပွဲဝင် ရက်ဘူးလ်အသင်းမှအသင်းသားများသည် အသင်းလိုက်ကမ္ဘာ့ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့်အတွက် တစ်ဦးလျှင် ပေါင်(၁၀၀၀၀)စီ ဆုကြေးရရှိခဲ့ကြကြောင်းသိရှိရသည်။

ရက်ဘူးလ်အသင်းသည် အမေရိကန်ဂရင်းပရီပြီးဆုံးချိန်တွင် အသင်းလိုက်ချန်ပီယံဆုကိုရရှိရန်သေချာခဲ့ခြင်းဖြစ်ပြီး (၃)နှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ယင်းအတွက်ကြောင့် ရက်ဘူးလ်အသင်းသား(၅၅၀)အား ဆုကြေးငွေပေါင်(၅·၅)သန်းဆုကြေးငွေချီးမြှင့်ခဲ့ပြီး အသင်းသားများမှာပေါင်(၁၀၀၀၀)စီရရှိခဲ့ကြခြင်းလည်းဖြစ်သည်။

ရက်ဘူးလ်အသင်း၏ အုပ်ချုပ်သူခရစ္စတီယန်ဟော်နာက ယခုကဲ့သို့အသင်းလိုက်ချန်ပီယံဆုကို(၃)နှစ်ဆက်ရယူနိုင်ခဲ့ခြင်းတွင် အသင်းသားများ၏စွမ်းဆောင်ရည်က အဓိကကျကြောင်းနှင့် အသင်းသားအားလုံးမှာ ဆုကြေးငွေများရရှိရန် ထိုက်တန်ကြောင်းပြောကြားခဲ့သည်။

Premier Eleven Sports Journal Vol:10 No.14 2, December, 2012

# (၃)နှစ်ဆက်ချန်ပီယံဗက်တဲလ်နဲ့ ၂၀၁၂ဖော်မြူလာဝမ်းရာသီသုံးသပ်ချက်

ကျော်သူ့ကျော်ထွန်း

ပရိသတ်စိတ်ဝင်စားမှုများပြားတဲ့ ဖော်မြူလာဝမ်းကားမောင်းပြိုင်ပွဲရဲ့ ၂၀၁၂ရာသီပွဲစဉ်တွေကတော့ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ရက်ဘူးလ်အသင်းက ဂျာမန်ကားမောင်းသမား ဆီဘက်ရှန်ဗက်တဲလ်ရဲ့(၃)နှစ်ဆက်ဗိုလ်စွဲမှုနဲ့အတူ ပိတ်သိမ်းခဲ့တဲ့ ၂၀၁၂ဖော်မြူလာဝမ်းရာသီကတော့ ရာသီပိတ်ပြိုင်ပွဲအထိစိတ်လှုပ်ရှားမှုတွေ၊ အကြိတ်အနယ်ရှိမှုတွေနဲ့ပြည့်နှက်နေခဲ့တာပါ။ ဗက်တဲလ်နဲ့ အလွန်ဆိုတို့ရဲ့ ကမ္ဘာ့ချန်ပီယံဆုအတွက်နောက်ဆုံးအချိန်အထိပြိုင်ဆိုင်မှုတွေနဲ့အတူ ရင်ခုန်ခဲ့ရတဲ့ ၂၀၁၂ဖော်မြူလာဝမ်းရာသီကိုပြန်လည်သုံးသပ်ကြည့်ရင်. . .

## ချန်ပီယံစုံပြီး ပွဲစဉ်အများဆုံး

၂၀၁၂ ဖော်မြူလာဝမ်းပြိုင်ပွဲဟာ မစတင်မီမှာဘဲ စံချိန်(၂)ခုကိုရရှိခဲ့ပါတယ်။ ဒီစံချိန်တွေကတော့ တစ်နှစ်အတွင်းပွဲစဉ်အများဆုံးပါဝင်တဲ့ ဖော်မြူလာဝမ်းရာသီနဲ့ ချန်ပီယံအများဆုံးပြိုင်ပွဲဝင်တဲ့ရာသီစတဲ့ စံချိန်(၂)ခုပဲဖြစ်ပါတယ်။ ၂၀၁၂ ဖော်မြူလာဝမ်းပြက္ခဒိန်မှာ စုစုပေါင်းပွဲစဉ်(၂၀)ပါဝင်ခဲ့ပြီး ဒီအရေအတွက်ဟာ ၂၀၀၅ခုနှစ်ပြိုင်ပွဲတုန်းကတင်ထားတဲ့ ပွဲစဉ်(၁၉)ခုနဲ့အများဆုံးစံချိန်ကိုကျော်လွန်ခဲ့ပါတယ်။ ဒ့ါအပြင်အခုနှစ်ပြိုင်ပွဲမှာ ကမ္ဘာ့ချန်ပီယံဘွဲ့ကိုရရှိဖူးတဲ့ကစားသမား(၆)ဦးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၁၉၇၀ခုနှစ်က ချန်ပီယံကစားသမား(၅)ဦးပါဝင်ယှဉ်ပြိုင်ခဲ့တဲ့စံချိန်ကိုလည်း ချိုးဖျက်နိုင်ခဲ့ပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ကမ္ဘာ့ချန်ပီယံကစားသမားတွေကတော့ ဗက်တဲလ်(ရက်ဘူးလ်)၊ အလွန်ဆို(ဖာရာရီ)၊ ဘတ်တန်(မက္ကလာရင်)၊ ဟာမီလ်တန်(မက္ကလာရင်)၊ ရိတ်ကွန်နန်(Lotus)နဲ့ ရှူးမေကာ(မာစီဒီးစ်)တို့ပဲဖြစ်ပါတယ်။ ဒါကြောင့်ကျွမ်းကျင်သူတချို့က အခုနှစ်ပြိုင်ပွဲဟာဖော်မြူလာဝမ်းပြိုင်ပွဲတစ်လျှောက် အကြိတ်အနယ်အရှိဆုံးပြိုင်ပွဲဖြစ်လာလိမ့်မယ်လို့ ခန့်မှန်းခဲ့ကြပါသေးတယ်။

## (၇)ပွဲ=ဗိုလ်စွဲသူ(၇)ဦး

၂၀၁၂ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ ပွဲဦးထွက်ပွဲစဉ်ကို မတ်လ(၁၈)ရက်နေ့က ဩစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့မှာစတင်ခဲ့ပါတယ်။ မက္ကလာရင်အသင်းသား(၂)ဦး ထိပ်ဆုံးကတာထွက်ခဲ့ရတဲ့ အဲဒီပြိုင်ပွဲမှာ ဂျန်ဆန်ဘတ်တန် ဗိုလ်စွဲနိုင်ခဲ့ပြီး ဗက်တဲလ်က ဒုတိယနေရာရရှိခဲ့ပါတယ်။ ဒုတိယမြောက်ပွဲစဉ်ဖြစ်တဲ့ မလေးရှားဂရင်းပရီမှာတော့ ပြိုင်ပွဲတစ်လျှောက်လုံးနီးပါးမိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဖာရာရီအသင်းက အလွန်ဆိုဗိုလ်စွဲခဲ့ပါတယ်။ တတိယမြောက်ပွဲစဉ်ဖြစ်တဲ့ တရုတ်ဂရင်းပရီပွဲစဉ်မှာတော့ မာစီဒီးစ်အသင်းက ဂျာမန်ကားမောင်းသမားနီကိုရော့စ်ဘတ်ကကစားသမားဘဝ(၁၁၁)ပွဲမြောက်ပြိုင်ပွဲမှာ ပထမဆုံးအကြိမ်အဖြစ်ဗိုလ်စွဲခဲ့ပြီး မက္ကလာရင်ကား မောင်းသမား(၂)ဦးဖြစ်တဲ့ ဘတ်တန်ကဒုတိယနဲ့ဟာမီလ်တန်က (၃)ပွဲဆက်တတိယ နေရာတို့ရရှိခဲ့ကြပါတယ်။ အာရှမြေပထမအကျော့ရဲ့နောက်ဆုံးပွဲဖြစ်တဲ့ ဘာရိန်းဂရင်းပရီမှာတော့ ဗက်တဲလ်ဗိုလ်စွဲပြီးတစ်ကျော့ပြန်ချန်ပီယံရိတ်ကွန်နန်ကပထမဆုံးအကြိမ်အောင်ပွဲ ခံစင်မြင့်ပေါ် ပြန်လည် တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ ဥရောပတိုက်ကို ရောက်ရှိလာပြီဖြစ်တဲ့ ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ (၅)ပွဲမြောက်ပွဲစဉ်ဖြစ်တဲ့ စပိန်ဂရင်းပရီပြိုင်ပွဲကတော့ ပြိုင်ပွဲဝင်အသင်း တစ်သင်းဖြစ်တဲ့ Williams အသင်းအတွက် မမေ့နိုင်စရာပြိုင်ပွဲ ဖြစ်ခဲ့ပါတယ်။ အသင်းတည်ထောင်သူ ဖရန့်ဝီလျံရဲ့ (၇၀)နှစ်မြောက်မွေးနေ့နဲ့ တိုက်ဆိုင်ခဲ့တဲ့ ဒီပြိုင်ပွဲမှာအသင်းရဲ့ ဗင်နီဇွဲလားကား မောင်းသမား မယ်လ်ဒိုနာဒိုဗိုလ်စွဲနိုင်ခဲ့ပါတယ်။ ပြိုင်ပွဲအပြီးမကြာခင်မှာဘဲ Williams အသင်းရဲ့ကားဂိုဒေါင်မှာမီးလောင်မှုဖြစ်ပွားခဲ့ပြီး (၁၆) ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ (၆)ပွဲမြောက်ပွဲစဉ်ဖြစ်တဲ့ မိုနာကိုဂရင်းပရီမှာ ရက်ဘူးလ်အသင်းကဝက်ဘာဗိုလ်စွဲခဲ့ပြီး မြောက်အမေရိကတိုက်ကို သွားရောက်ယှဉ်ပြိုင်ရတဲ့ ကနေဒါဂရင်းပရီမှာ ဟာမီလ်တန် ဗိုလ်စွဲခဲ့တဲ့အတွက် ၂၀၁၂ ပြိုင်ပွဲမှာပွဲစဉ်(၇)ပွဲယှဉ်ပြိုင်အပြီး ဗိုလ်စွဲသူ(၇)ဦး အထိရှိလာခဲ့ပါတယ်။ ဒါဟာဖော်မြူလာဝမ်းပြိုင်ပွဲသမိုင်းမှာတော့ စံချိန်သစ်တစ်ခုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။

## အလွန်ဆိုဦးဆောင်တဲ့ ဒုတိယပိုင်း

အစောပိုင်းပွဲစဉ်(၇)ပွဲမှာ ကစားသမား(၇)ဦးဗိုလ်စွဲခဲ့ပြီးမှာတော့ (၈)ပွဲမြောက်ပွဲစဉ်မှာ ဒီနှစ်အတွက်ပထမဆုံးပွဲစဉ်(၂)ပွဲဗိုလ်စွဲသူပေါ်ထွက်ခဲ့ပါတယ်။ စပိန်မြေမှာတစ်ကျော့ပြန်ကျင်းပတဲ့ ဥရောပဂရင်းပရီပြိုင်ပွဲမှာ ဖာရာရီအသင်းကအလွန်ဆိုဗိုလ်စွဲခဲ့တာဖြစ်ပြီး ကမ္ဘာ့ချန်ပီယံအမှတ်ပေးဇယားမှာလည်း ထိပ်ဆုံးကိုရောက်ရှိလာခဲ့ပါတယ်။ ဆက်လက်ကျင်းပတဲ့ဗြိတိန်ဂရင်းပရီမှာတော့ ရက်ဘူးလ်အသင်းက ဝက်ဘာဗိုလ်စွဲခဲ့ပြီး အိမ်ရှင်နိုင်ငံသား (၂)ဦးဖြစ်တဲ့ ဟာမီလ်တန်နဲ့ ဘတ်တန်တို့ကတော့ အဆင့်(၈)နဲ့(၁၀)တို့သာ ရရှိခဲ့ပါတယ်။ (၁၀)ပွဲ မြောက်ပွဲစဉ်ဖြစ်တဲ့ ဂျာမန်ဂရင်းပရီမှာလည်း အလွန်ဆိုပဲဆက်လက် ဗိုလ်စွဲခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ ဒုတိယနေရာက ပန်းဝင်ခဲ့တဲ့ ဗက်တဲလ်ဟာပြိုင်ပွဲအတွင်း သတ်မှတ်လမ်းကြောင်းပေါ်ကမောင်း နှင်ခဲ့ခြင်းမရှိလို့စက္ကန့်(၂၀) အနုတ်ခံခဲ့ရပြီး ပဥ္စမနေရာကိုလျှော့ချခံခဲ့ရပါတယ်။ ဟန်ဂေရီဂရင်းပရီပြိုင်ပွဲမှာဟာမီလ်တန်က အခက်အခဲမရှိဗိုလ်စွဲခဲ့ပြီး Lotus အသင်းကဂရော့စ်ယန်က ဒုတိယရရှိခဲ့ပါတယ်။ ဒုတိယရခဲ့တဲ့ ဂရော့စ်ယန်က ဆက်လက်ကျင်းပတဲ့ ဘယ်လ်ဂျီယံဂရင်းပရီမှာတော့ ဗီလိန်ဖြစ်ခဲ့ပြီး သူ့ရဲ့အဆင်ခြင်မဲ့မောင်းနှင်မှုကနေ ကားမတော်တဆမှုဖြစ်ပွားခဲ့ပြီး ဟာမီလ်တန်၊ အလွန်ဆိုတို့ပြိုင်ပွဲက ထွက်ခဲ့ရသလို တစ်ပွဲပယ်ပြစ်ဒဏ်လည်း ချမှတ်ခံခဲ့ရပါတယ်။ ဘယ်လ်ဂျီယံဂရင်းပရီမှာတော့ ဘတ်တန်ဗိုလ်စွဲခဲ့ပြီး ဥရောပမြေကနောက်ဆုံးပြိုင်ပွဲဖြစ်တဲ့ အီတလီဂရင်းပရီပြိုင်ပွဲမှာတော့ ဟာမီလ်တန်ဗိုလ်စွဲခဲ့ပါတယ်။ ပွဲစဉ်(၁၃)ပွဲယှဉ်ပြိုင်အပြီးမှာတော့ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးနေရာကို အလွန်ဆိုက စိုးမိုးထားခဲ့ပြီး ကျန်ပြိုင်ဘက်တွေကတော့ ဒုတိယနေရာမှာပဲ တဝဲလည်လည်ဖြစ်နေခဲ့ရပါတယ်။

## (၄)ပွဲဆက်နိုင်ပွဲနဲ့ ဗက်တဲလ်

အာရှမြေကိုတစ်ကျော့ပြန်ရောက်လာတဲ့ ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ (၁၄)ပွဲမြောက်ပွဲစဉ်ဖြစ်တဲ့ စင်ကာပူဂရင်းပရီမှာ ဗက်တဲလ်ကယခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ဗိုလ်စွဲခဲ့ပါတယ်။ ဒီနိုင်ပွဲနဲ့အတူဗက်တဲလ်ဟာ အမှတ်ပေးဇယားမှာဒုတိယနေရာကိုတက်ရောက်လာခဲ့ပါတယ်။ စင်ကာပူဂရင်းပရီမှာ ဂီယာဘောက်စ်ပြဿနာကြောင့် ပြိုင်ပွဲကထွက်ခဲ့ရတဲ့ ဟာမီလ်တန်က လာမယ့်ရာသီမှာ မာစီဒီးစ်အသင်းကိုပြောင်းရွှေ့မောင်းနှင်မယ်လို့ကြေညာခဲ့ပါတယ်။ ဂျပန်ဂရင်းပရီပြိုင်ပွဲမှာ ဗက်တဲလ်ဆက်လက်ဗိုလ်စွဲခဲ့ပြီး ရမှတ်(၂၅)မှတ်ရယူနိုင်ခဲ့ချိန်မှာ အမှတ်ပေးဇယားထိပ်ဆုံးက အလွန်ဆိုပြိုင်ပွဲကထွက်ခဲ့ရတာကြောင့် အမှတ်ကွာဟချက်က (၄)မှတ်အထိလျော့ကျခဲ့ပါတယ်။ အဲဒီနောက် ကိုရီးယားဂရင်းပရီနဲ့အိန္ဒိယဂရင်းပရီတို့မှာ ဗက်တဲလ်ကဆက်လက်ဗိုလ်စွဲခဲ့ပြီးထိပ်ဆုံးနေရာကိုပြန်လည်ရောက်ရှိလာခဲ့ကာ ချန်ပီယံဆုအတွက်အခြေအနေကောင်းလာခဲ့ပါတယ်။

## အကြိတ်အနယ်ရှိခဲ့တဲ့ ပန်းအဝင်

၂၀၁၂ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့နောက်ဆုံး (၃)ပွဲမှာကတော့ အကြိတ်အနယ်ဖြစ်ခဲ့ပေမယ့် ချန်ပီယံဆုအတွက်ယှဉ်ပြိုင်ရမယ့် ဗက်တဲလ်နဲ့ အလွန်ဆိုတို့ တစ်ပွဲမှအနိုင်မရခဲ့ပါဘူး။ (၁၈)ပွဲမြောက်ပွဲစဉ်ဖြစ်တဲ့ အဘူဒါဘီဂရင်းပရီမှာ ရိတ်ကွန်နန်ဗိုလ်စွဲခဲ့ပြီး အလွန်ဆိုနဲ့ဗက်တဲလ်တို့က ဒုတိယနဲ့တတိယတို့သာရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ ဗက်တဲလ်ဟာ Qualifying ယှဉ်ပြိုင်ချိန်မှာသတ်မှတ်ထားတဲ့ ဆီပမာဏထက်ပိုမိုသုံးစွဲခဲ့တာကြောင့်ပြိုင်ပွဲမှာ နောက်ဆုံးနေရာကတာထွက်ခဲ့ရတာပါ။ ဒါပေမဲ့အကောင်းဆုံးစွမ်းဆောင်ရည်ကိုပြသခဲ့ပြီး တတိယနေရာရရှိခဲ့တာဖြစ်ပါတယ်။ အမေရိကန်မြေမှာ ၂၀၀၇ခုနှစ်နောက်ပိုင်းပထမဆုံးပြန်လည်ကျင်းပတဲ့ အမေရိကန်ဂရင်းပရီမှာ ဟာမီလ်တန်ဗိုလ်စွဲခဲ့ပြီး ဗက်တဲလ်နဲ့အလွန်ဆိုတို့က ဒုတိယနဲ့တတိယနေရာတွေ ဆက်လက်ရရှိခဲ့ပြန်တာကြောင့် ချန်ပီယံဆုကအဖြေမပေါ်သေးဘဲ နောက်ဆုံးပြိုင်ပွဲဖြစ်တဲ့ ဘရာဇီးလ်ဂရင်းပရီအထိရောက်ရှိခဲ့ပါတယ်။ ဂျန်ဆန်ဘတ်တန်ဗိုလ်စွဲခဲ့တဲ့ ဘရာဇီးလ်ဂရင်းပရီမှာ အလွန်ဆိုက ဒုတိယနေရာရရှိခဲ့ပြီး ချန်ပီယံဆုနဲ့လက်တစ်ကမ်းအကွာအထိရောက်ရှိခဲ့ပေမယ့် ဗက်တဲလ်က အဆင့်(၆)နေရာကပန်းဝင်ခဲ့ပြီးလိုအပ်တဲ့ရမှတ်ကိုရယူနိုင်ခဲ့တဲ့အတွက် ကမ္ဘာ့ချန်ပီယံဆုကို တတိယအကြိမ်မြောက်အဖြစ်ဆွတ်ခူးသွားခဲ့ပါတယ်။ အသက်အငယ်ဆုံး(၃)နှစ်ဆက်ချန်ပီယံဖြစ်လာတဲ့ ဗက်တဲလ်ကို ဂျာမန်သတင်းစာတွေက "ပြိုင်ကားလောကရဲ့နတ်ဘုရား"အဖြစ် တင်စားနေကြပြီး အနာဂတ်မှာလည်းအောင်မြင်မှုတွေဆက်လက်ရရှိနိုင်မလားဆိုတာ. . . .။





## ၂၀၁၂ဖော်မြူလာဝမ်းရာသီပွဲစဉ်များနှင့် ဗိုလ်စွဲခဲ့သူများ

| ပွဲစဉ်အမည် | ဗိုလ်စွဲသူ |
|---|---|
| ဩစတြေးလျဂရင်းပရီ | ဂျန်ဆန်ဘတ်တန် |
| မလေးရှားဂရင်းပရီ | ဖာနန်ဒိုအလွန်ဆို |
| တရုတ်ဂရင်းပရီ | နီကိုရော့စ်ဘတ် |
| ဘာရိန်းဂရင်းပရီ | ဆီဘက်ရှန်ဗက်တဲလ် |
| စပိန်ဂရင်းပရီ | မယ်လ်ဒိုနာဒို |
| မိုနာကိုဂရင်းပရီ | မာ့ခ်ဝက်ဘာ |
| ကနေဒါဂရင်းပရီ | လူးဝစ်ဟာမီလ်တန် |
| ဥရောပဂရင်းပရီ | ဖာနန်ဒိုအလွန်ဆို |
| ဗြိတိန်ဂရင်းပရီ | မာ့ခ်ဝက်ဘာ |
| ဂျာမန်ဂရင်းပရီ | ဖာနန်ဒိုအလွန်ဆို |
| ဟန်ဂေရီဂရင်းပရီ | လူးဝစ်ဟာမီလ်တန် |
| ဘယ်လ်ဂျီယံဂရင်းပရီ | ဂျန်ဆန်ဘတ်တန် |
| အီတလီဂရင်းပရီ | လူးဝစ်ဟာမီလ်တန် |
| စင်ကာပူဂရင်းပရီ | ဆီဘက်ရှန်ဗက်တဲလ် |
| ဂျပန်ဂရင်းပရီ | ဆီဘက်ရှန်ဗက်တဲလ် |
| ကိုရီးယားဂရင်းပရီ | ဆီဘက်ရှန်ဗက်တဲလ် |
| အိန္ဒိယဂရင်းပရီ | ဆီဘက်ရှန်ဗက်တဲလ် |
| အဘူဒါဘီဂရင်းပရီ | ကီမီရိတ်ကွန်နန် |
| အမေရိကန်ဂရင်းပရီ | လူးဝစ်ဟာမီလ်တန် |
| ဘရာဇီးလ်ဂရင်းပရီ | ဂျန်ဆန်ဘတ်တန် |

## ဖော်မြူလာဝမ်းပြိုင်ပွဲအကြောင်း သိကောင်းစရာအချက်အလက်အချို့

### ပြိုင်ပွဲအမည်

'Formula One' ပြိုင်ပွဲဟာ နိုင်ငံတကာကားမောင်းပြိုင်ပွဲအဖွဲ့ချုပ်(FIA)က ကြီးမှူးကျင်းပတဲ့မောင်းနှင်သူတစ်ဦးတည်းပါဝင်တဲ့ကားမောင်းပြိုင်ပွဲတွေထဲမှာ အဆင့်အမြင့်ဆုံးပြိုင်ပွဲဖြစ်ပါတယ်။ 'Formula One'အမည်မှာ ဖော်မြူလာဆိုတာဟာ ပြိုင်ပွဲဝင်အသင်းတွေလိုက်နာရမယ့်စည်းမျဉ်းတွေကို ရည်ညွှန်းတာဖြစ်တယ်လို့ ဆိုပါတယ်။ ပြိုင်ပွဲရဲ့ပွဲစဉ်တွေကိုတော့ ဂရင်းပရီ(Grands Prix)လို့ခေါ်ဆိုပြီး ပြင်သစ်အမည်ဖြစ်ကာ အဓိပ္ပာယ်က ကြီးမားတဲ့ဆုရလာဘ်လို့သိရပါတယ်။

### ပြိုင်ပွဲကျင်းပသည့်ပုံစံ

ဖော်မြူလာဝမ်းပြိုင်ပွဲရဲ့ ဂရင်းပရီ(ပြိုင်ပွဲ)တစ်ခုဟာ (၃)ရက်တာကျင်းပလေ့ရှိပြီး ပထမနေ့မှာပြိုင်ပွဲကျင်းပမယ့် ကွင်းနဲ့ကားမောင်းသမားတွေ အကျွမ်းတဝင်ရှိစေဖို့ Practice Sessions တွေပြုလုပ်ပေးပါတယ်။ Practice Sessions ကရလဒ်တွေက ပြိုင်ပွဲနဲ့သက်ဆိုင်ခြင်းမရှိပါဘူး။ ဒုတိယနေ့ရဲ့မနက်ပိုင်းမှာလည်း Practice Sessions ထပ်မံပြုလုပ်ပြီး ညနေပိုင်းမှာတော့ Qualifying Sessions ကျင်းပပါတယ်။ Qualifying Session ကတော့ ပြိုင်ပွဲမှာ တာထွက်ရမယ့်နေရာအတွက်ဆုံးဖြတ်တဲ့ Session ဖြစ်ပြီး စံချိန်အကောင်းဆုံးကားမောင်းသမားက ထိပ်ဆုံးကတာထွက်ခွင့်ရပါတယ်။(ဒါဟာ ကမ္ဘာ့ရယ်လီချန်ပီယံရှစ်(WRC)ရဲ့ပြိုင်ပွဲတွေမှာအသုံးပြုနေတဲ့ပုံစံပါ) Race Day မှာတော့ ပုံမှန်အတိုင်း ထိပ်ဆုံးကပန်းဝင်တဲ့ကားမောင်းသမားက ဗိုလ်စွဲတဲ့ပုံစံကို ပြန်လည်ကျင့်သုံးပါတယ်။

### အမှတ်ပေးပုံစံ

ဖော်မြူလာဝမ်းပြိုင်ပွဲမှာ မူလကထိပ်ဆုံးကပန်းဝင်တဲ့ ကစားသမား(၈)ဦးကိုသာအမှတ်ပေးပေမယ့် ၂၀၁၀ခုနှစ်က စတင်ပြီး ထိပ်ဆုံး(၁၀)ဦးကိုအမှတ်ပေးတဲ့ပုံစံကိုပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ထိပ်ဆုံး(၁၀)ဦးကို (၂၅၊ ၁၈၊ ၁၅၊ ၁၂၊ ၁၀၊ ၈၊ ၆၊ ၄၊ ၂၊ ၁)မှတ်စီအသီးသီးပေးသွားပြီး ကမ္ဘာ့ချန်ပီယံအမှတ်ပေးဇယားမှာ စုစုပေါင်းရမှတ်အများဆုံးရရှိတဲ့အသင်းကို ချန်ပီယံအဖြစ်သတ်မှတ်ပါတယ်။

### ပြိုင်ပွဲဝင်ကား

ဖော်မြူလာဝမ်းပြိုင်ပွဲဝင်ကားတွေက ကမ္ဘာပေါ်မှာရှိတဲ့ ပြိုင်ပွဲဝင်ကားတွေထဲမှာ အမြန်ဆုံးကားတွေလို့ဆိုလို့ရပါတယ်။ အမြင့်ဆုံးအဖြစ် တစ်နာရီကို (၃၅၀)ကီလိုမီတာ(၂၂၀မိုင်)အထိမောင်းနှင်နိုင်တဲ့ ပြိုင်ပွဲဝင်ကားတွေဟာ စုစုပေါင်းအလေးချိန်(၆၄၀)ကီလိုဂရမ်(၁၄၁၁ပေါင်)လေးပါတယ်။ ပြိုင်ပွဲဝင်ကားတွေရဲ့အင်ဂျင်တွေဟာ ဆလင်ဒါ(၈)လုံးကနေ (၁၀)လုံးအထိပါဝင်ပြီး မြင်းကောင်ရေအား(၈၀၀)ကျော်ရှိတယ်လို့လည်း သိရပါတယ်။

*အချိန်က ဗုဒ္ဓဟူးနေ့။ အလုပ်က ဘောလုံးပွဲကြည့်ရင်း အေးအေးဆေးဆေးအနားယူနေသည်။ ဘောလုံးပွဲကြည့်ရင်း အခြားလိဂ်တွေ၊ အခြားပွဲတွေရဲ့ အခြေအနေကိုသိချင်တော့ Twitter ကိုကြည့်မိလိုက်သည်။ ဒီမတ်တီယိုကို ချယ်လ်ဆီးနည်းပြရာထူးက ထုတ်လိုက်ပြီတဲ့။ ကိုယ့်တစ်ဦးတည်းမှာပဲ အတွေးက နှစ်ခွဖြစ်နေသည်။ အေဘရာမိုဗစ်ချ် မှန်သလား၊ မှားသလား။ ချက်ချင်းတော့ မဝေခွဲတတ်။ ညဘက်ရောက်တော့ အားခဲထားသည့် မန်စီးတီး-ရီးယဲယ်ပွဲကို ကြည့်နေရင်း Commentator ရဲ့ ဘင်နီတက်ဇ် ချယ်လ်ဆီးနည်းပြဖြစ်သွားပြီဆိုတဲ့အသံကို ကြားလိုက်ရသည်။ အင်တာနက်ကိုအမြန်ဖွင့်တော့ သတင်းကအမှန်။ အဖြစ်အပျက်တွေကမြန်လွန်းသည်။ နောက်နေ့ကျတော့ မာ့ခ်ဟုချ်၊ ပြီးတော့ ဘရာဇီးလ်နည်းပြ မီနီဇက်စ်တို့အထုတ်ခံခဲ့ရပြန်သည်။ နည်းပြအပြောင်းအလဲတွေနှင့် ရင်ခုန်သံမြန်ခဲ့သည့် ရက်သတ္တပတ်ဖြစ်ခဲ့သည်။*

# တစ်ပတ်အတွင်း ရင်ခုန်စရာဘောလုံးပွဲစဉ်များ






ပါးမားအသင်းကို ၁-၀ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် စိတ်ပျက်နေသည့် အင်တာမီလန်အသင်းနည်းပြ စထရာမာစီယိုနီနှင့် အင်တာမီလန်ကစားသမားများ

## အေဘရာမိုဗစ်ချ် မှန်သလား

ချယ်လ်ဆီးရဲ့ နည်းပြအပြောင်းအလဲက ဘောလုံးလောကမှာ ဂယက်တစ်ခုတော့ ဖြစ်ခဲ့သည်။ ဒီမတ်တီယိုကို ထုတ်ပယ်ခဲ့တဲ့ ဆုံးဖြတ်ချက်အတွက် အေဘရာမိုဗစ်ချ်မှန်သလား။ တချို့က ပရော်ဖက်ရှင်နယ်ဆိုတာကို ဦးစားပေးစဉ်းစားသည်။ တချို့က Sympathy ကို ဦးစားပေးစဉ်းစားသည်။ နှစ်ဖက်စလုံး ကိုယ့်အတွေးနဲ့ ကိုယ်တော့မှန်နေမည်သာ။ ဒါပေမဲ့ အတွေးစ နှစ်ဖက်စလုံးကသူတွေ စိတ်ပျက်ခဲ့ရတဲ့ ဆုံးဖြတ်ချက်ကတော့ ဒီမတ်တီယိုအစား ဘင်နီတက်ဇ်ကို ပြန်ခန့်ခဲ့ခြင်းသာ။ ဒီတော့ အားလုံးရဲ့အမြင်က ဘာထူးလို့လဲ။ ဒီမတ်တီယိုကို ဆက်ထားတာမှ ကောင်းဦးမည်။ ဂွါဒီယိုလာကို မသေချာဘဲနဲ့ ဘာကြောင့် ဒီမတ်တီယိုကို ထုတ်ပယ်ခဲ့သလဲဆိုတဲ့ အမြင်တွေက ထပ်တူသွားကျသည်။ အေဘရာမိုဗစ်ချ်လည်း လုပ်ချင်ရာလုပ်ခဲ့ပြီးမှ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားခဲ့ခြင်းလားမသိ။

တချို့ရဲ့သံသယကတစ်မျိုး။ ဒီမတ်တီယိုလို ခါးပိုက်ထောင်ထဲ ထည့်ထားလို့ရသည့် နည်းပြမျိုးနဲ့ အေဘရာမိုဗစ်ချ် ဘယ်လောက်ရသွားသလဲဆိုတာမျိုးဖြစ်သည်။ ဆိုလိုသည်က လုပ်ပွဲတွေဘယ်လောက်ဖန်တီးသွားသလဲပေါ့။ ပြီးတော့ လူမြင်ကောင်းအောင် ထုတ်ပယ်ပြလိုက်သည်ပေါ့။ ဒါကိုလည်း မဟုတ်ဘူးလို့တော့ တပ်အပ်မငြင်းနိုင်။

## မှန်တိုင်းမဟုတ်၊ လျှော်ဖြစ်သည်

နည်းပြအလုပ်ကို ထိုင်ခုံပူနဲ့ နှိုင်းတာတွေလည်းရှိသည်။ မှန်တိုင်းထန်နေတဲ့ ပင်လယ်ပြင်လို့လည်း ဆိုသည်။ မိမိကတော့ ဒီလိုမထင်။ တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဆိုသည့်အလုပ်မျိုးကို လျှော်တစ်ခုနှင့်သာ ဥပမာပေးချင်သည်။ ချန်ပီယံလိဂ်ဖလားယူတုန်းက ချီးကျူးစကားတွေ ရွှန်းရွှန်းဝေပြီး စာချုပ်သက်တမ်းတိုးခဲ့သည်။ ရလဒ်ပိုင်းတွေဆိုးလာပြန်တော့ ရက်ရက်စက်စက် လမ်းခွဲသည်။ ဒီအခြေအနေနှစ်ခု ကြားက အချိန်က ဘာမှမကွာ။ ဆိုရလျှင် တစ်နှစ်ပင်မပြည့်။ အေဘရာမိုဗစ်ချ်ရဲ့ ဖျက်အားပြင်းလျှော်ဒဏ်ကို ဒီမတ်တီယိုခံလိုက်ရခြင်းဖြစ်သည်။ သူ့ရှေ့မှာခံလိုက်ရသူတွေလည်း အများကြီးရှိခဲ့ပြီးပြီ။

## မော်ရင်ဟိုမုန်းတဲ့ နယ်မြေ

ဒီရာသီမှာ ရီးယဲယ်မက်ဒရစ်အသင်း (၃) ပွဲရှုံးခဲ့သည်။ ဒီ(၃)ပွဲမှာ (၂)ပွဲက အန်ဒါလူစီးယားဒေသမှာဖြစ်သည်။ တစ်သင်းက ဆီဗီလာ၊ တစ်သင်းက ဘက်တစ်။ နှစ်ပွဲစလုံးမှာ ကစားကွက်ပါပျက်ပြီး ထိုက်ထိုက်တန်တန် ရှုံးနိမ့်ခဲ့ခြင်းလည်းဖြစ်သည်။ ဘက်တစ်နဲ့ပွဲမှာလည်း ရီးယဲယ်မက်ဒရစ်အခွင့်အရေးတွေတော့ ဖန်တီးနိုင်ခဲ့သည်။ ဒါပေမဲ့ ကြမ္မာငင်နေသည့် ကာလမို့လားမသိ။ ကန်သမျှ ချော်ပြီး သွင်းသမျှမဝင်ခဲ့။ ဒီတော့ ခပ်စောစောမှာပေးထားသည့် ဂိုးတစ်ဂိုးနှင့်ရှုံးနိမ့်သွားခဲ့သည်။

ဒီရာသီ ရီးယဲယ်ရဲ့ရလဒ်တွေက အံ့အားသင့်စရာကောင်းလောက်အောင် အမှားများနေသည်။ တိုက်စစ်က ဘာစီလိုနာပြီးလျှင် ဂိုးအများဆုံးသွင်းထားပါလျက်၊ ခံစစ်က မာလာဂါပြီးရင် ဂိုးအနည်းဆုံးပေးထားပါလျက်နှင့် ဘာစီလိုနာနှင့် (၁၁)မှတ်ကွာ၊ အက်သလက်တီကိုနှင့် (၈)မှတ်ကွာ၊ တတိယနေရာမှာ ရောက်နေသည်က အံ့အားသင့်စရာကောင်းလှသည်။ မော်ရင်ဟိုအတွက် ဖိအားတွေဝင်သည့်ကာလလည်းဖြစ်သည်။ တိုက်ဆိုင်တာက စီရော်နယ်လ်ဒို ခြေစွမ်းမပြနိုင်တဲ့ကာလတွေမှာမော်ရင်ဟို ကြွေကျနေခြင်းပင်။

## ခွင့်သာခိုက်မှ မလိုက်ချင်ရင်…

ခွင့်သာခိုက်မှ မလိုက်ချင်ရင် အမိုက်နှင့်ပြင်ရှိလိမ့်မည်နည်းဆိုသည့် ဆိုရိုးက အင်တာမီလန်အတွက် ရည်ညွှန်းရမည့်ဆိုရိုးတစ်ခုဖြစ်သည်။ တစ်ရာသီလုံး အမှားမရှိခဲ့သည့် ဂျူဗင်တပ်စ်ကို အမီလိုက်ဖို့အသည်းအသန်ရုန်းကန်ခဲ့ရသည်။ ရာနှုန်းပြည့်နိုင်ပွဲဆက်နေသည့်အသင်းကို အမှတ်ကွာမသွားဖို့ရုန်းကန်ရသည်က လွယ်ကူသည့်အလုပ်တော့မဟုတ်။ ရှေ့ကအသင်းခြေလည်းပျက်ရော အင်တာမီလန်လည်း ဒုက္ခရောက်တော့သည်။ အမှန်ဆိုရင် အမှတ်အပေးဇယားထိပ်ဆုံးကိုတောင် ရောက်နေရမည့်အနေအထားမှာ (၂)ပွဲရှုံး၊ (၁)ပွဲသရေရလဒ်က အင်တာမီလန်ကို ဒုက္ခပေးခဲ့သည်။ ဒီ(၃)ပွဲမှာ ဆုံးရှုံးသွားသည့်(၈)မှတ်က ဂျူဗင်တပ်စ်အပေါ်မှာ (၄)မှတ်မိုးပြီး ငုံ့ကြည့်ရမည့်အခွင့်အရေးနှင့် လွဲချော်စေခဲ့သည်။ ဒီလိုအခွင့်အရေးမျိုး နောက်တစ်ကြိမ်ထပ်ရပါဦးမလား။ ဂျူဗင်တပ်စ်ကရောအခုလိုဆက်တိုက် ရလဒ်ဆိုးသွားတာမျိုးကြုံပါဦးမလား။ အင်တာမီလန်အတွက်တော့အတော်နှမြောစရာကောင်းသည့်အမှတ်တွေဖြစ်သည်။ ဂျူဗင်တပ်စ်ကွင်းမှာ အနိုင်ကစားထားသည့် ရလဒ်ကလည်း အခုတော့ ဘာမှမဟုတ်တော့။



မန်စီးတီးနှင့်ပွဲအား လာရောက်ကြည့်ရှုခဲ့သည့် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်

## (၁)ပွဲ (၃)ဂိုး၊ (၃)ပွဲ (၁)ဂိုး

ဘွန်ဒစ်လီဂါပွဲစဉ်(၁၃)အပြီးမှာ ဘေယန်မြူးနစ်က ဒုတိယနေရာက ဒေါ့မွန်ကို (၉)မှတ်ဖြတ်လိုက်သည်။ လာလီဂါလိုပဲ စောစောစီးစီး ချန်ပီယံအဖြေထွက်သွားသည့် ပြိုင်ပွဲတစ်ပွဲဖြစ်လာတော့မည်လား။ ဘေယန်မြူးနစ်ရဲ့ တိုက်စစ်က တစ်ပွဲ(၃)ဂိုးနှုန်းလောက်သွင်းထားပြီးအကောင်းဆုံးပုံစံပြနေသည်ဆိုလျှင် ဘေယန်မြူးနစ်ရဲ့ ခံစစ်ကလည်း (၃)ပွဲမှ (၁)ဂိုးလောက်ပေးပြီး ဥရောပရဲ့ အကောင်းဆုံးခံစစ်ကြောင်းအဖြစ် ဗိုလ်ရှုခံနေသည်။ ဟန်နိုဗာလို ခပ်ထက်ထက်အသင်းမျိုးကို (၅)ဂိုးသွင်းပြလိုက်တာက ဘာမှအခက်အခဲမရှိ။ အရင်နှစ်တွေလို မာရီယိုဂိုးမက်ဇ်တစ်ဦးတည်းက ဂိုးတွေဒိုင်ခံသွင်းနေခြင်းမျိုးလည်းမဟုတ်။ နေရာတိုင်းမှာ ဂိုးသွင်းနိုင်သည့်ကစားသမားတွေရှိနေသည်။ ဒီလိုအသင်းမျိုးကို ပြိုင်ဘက်တွေလိုက်မမီတာ အဆန်းမဟုတ်။ ပြိုင်ဘက်တွေညံ့လွန်းသည်ထက် သူကိုက ကောင်းလွန်းနေခြင်းဖြစ်သည်။

# ၂၀၁၂ခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုနှင့် နည်းပြဆုများအတွက် ဆန်ခါတင်(၃)ဦးစာရင်းတွင် မက်ဆီ၊ စီရော်နယ်လ်ဒိုနှင့် အင်နီယေစတာ၊ ဂွါဒီယိုလာ၊ မော်ရင်ဟိုနှင့် ဒဲလ်ဘော့စ် စသည့် စပိန်အခြေစိုက်များသာ ပါဝင်လာ










၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ(၇)ရက်နေ့တွင် ရွေးချယ်ချီးမြှင့်မည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုနှင့် နည်းပြဆုများအတွက် နောက်ဆုံးဆန်ခါတင်(၃)ဦးစာရင်းကို ပြီးခဲ့သည့်ကြာသပတေးနေ့က ထုတ်ပြန်ကြေညာခဲ့ရာ စပိန်အခြေစိုက်ကစားသမားနှင့်နည်းပြများသာ ပါဝင်လာခဲ့ကြောင်းသိရှိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)သည် ပြင်သစ်ဘောလုံးမဂ္ဂဇင်းနှင့်ပူးပေါင်းပြီး ၂၀၁၀ခုနှစ်မှစတင်၍ FIFA Ballon d'Or ဟူသည့်အမည်ဖြင့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၀နှင့် ၂၀၁၁ (၂)ကြိမ်စလုံးတွင် ကမ္ဘာ့အကောင်းဆုံးဆုရယူနိုင်ခဲ့သည့် ဘာစီလိုနာအသင်း၏ အာဂျင်တီးနားတိုက်စစ်မှူးမက်ဆီသည်ယခုနှစ်အတွက်လည်း ထိပ်ဆုံးမှရေပန်းစားနေပြီး ဆန်ခါတင်စာရင်းတွင်ပါဝင်နေသော စီရော်နယ်လ်ဒိုနှင့် အင်နီယေစတာတို့ကို ကျော်ဖြတ်နိုင်လိမ့်မည်ဟု ထင်ကြေးပေးခံရလျက်ရှိသည်။ ပြီးခဲ့သည့်(၂)ကြိမ်ဆက် ဆန်ခါတင်(၃)ဦးစာရင်းတွင် ပါဝင်ခဲ့သည့်ဘာစီလိုနာကွင်းလယ်ကစားသမားဇာဗီမှာ ယခုနှစ်စာရင်းတွင် ပါဝင်ခဲ့ခြင်းမရှိသော်လည်း (၃)ကြိမ်စလုံး လာလီဂါအခြေစိုက်ကစားသမားများသာ နောက်ဆုံးဆန်ခါတင်စာရင်းသို့ ရောက်ရှိခဲ့ခြင်းမှာမူ ထူးခြားမှုဖြစ်ခဲ့သည်။ နည်းပြဆုအတွက် ဆန်ခါတင်(၃)ဦးစာရင်းတွင်လည်း ဘာစီလိုနာနည်းပြဟောင်းဂွါဒီယိုလာ၊ ရီးယဲလ်မက်ဒရစ်နည်းပြမော်ရင်ဟိုနှင့် စပိန်လက်ရွေးစင်အသင်းနည်းပြဒဲလ်ဘော့စ်တို့ပါဝင်ခဲ့ခြင်းကြောင့် စပိန်အခြေစိုက်များသာ စိုးမိုးသည့်နှစ်လည်း ဖြစ်လာခဲ့သည်။

ဖီဖာသည် ကမ္ဘာ့အကောင်းဆုံးဆုနှင့် နည်းပြဆုများအတွက် ဆန်ခါတင်စာရင်းနှင့်အတူ ၂၀၁၂ခုနှစ်၏ အကောင်းဆုံးသွင်းဂိုးဆု(Puskas Award)အတွက်လည်း ဆန်ခါတင်(၃)ဦးစာရင်းကို ထုတ်ပြန်ခဲ့ရာ အက်သလက်တီကိုတိုက်စစ်မှူးဖယ်လ်ကာအို၊ ဆန်းတို့စ်တိုက်စစ်မှူးနေမာနှင့် ဖီနာဘာချီတိုက်စစ်မှူးမီရိုဆလပ်စတော့ချ်တို့ ပါဝင်ခဲ့ကြောင်း သိရှိရသည်။ ယခုဆုမှာ ဟန်ဂေရီဂန္တဝင်တိုက်စစ်မှူးပွတ်ရှကပ်စ်ကိုဂုဏ်ပြုသည့်အနေဖြင့် ၂၀၀၉ခုနှစ်တွင်စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

## ဗန်ပါစီသာမရှိပါက မန်ယူအသင်း အဆင့်(၁၂)နေရာတွင်ရပ်တည်နေမည်

ဗြိတိန်သတင်းစာ DailyMail တွင်ဖော်ပြခဲ့သည့်အချက်အလက်များအရ မန်ယူအသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလတွင်တိုက်စစ်မှူးဗန်ပါစီအား ဝယ်ယူခြင်းမရှိခဲ့ပါက ပရီးမီးယားလိဂ် အမှတ်ပေးဇယား၌ အဆင့်(၁၂)နေရာတွင်သာရပ်တည်နေမည်ဟုသိရှိရသည်။ DailyMail သတင်းစာ၏တွက်ချက်မှုတွင် ဗန်ပါစီ၏သွင်းဂိုး(၉)ဂိုးနှင့်ဂိုးဖန်တီးမှု(၄)ကြိမ်ကိုဖယ်ရှားခဲ့ပါက မန်ယူအသင်းမှာ(၃)ပွဲနိုင်၊ (၇)ပွဲသရေ၊ (၄)ပွဲရှုံးရလဒ်သာရရှိမည်ဖြစ်ပြီး အဆင့်(၁၂)နေရာတွင်သာရပ်တည်နိုင်လိမ့်မည်ဟုသိရှိရသည်။ ထို့ပြင် လီဗာပူးလ်အသင်းမှ ဆွာရက်ဇ်၏သွင်းဂိုးနှင့် ဖန်တီးမှုများကိုဖယ်ရှားခဲ့ပါက အသင်းမှာအဆင့်(၁၉)နေရာတွင်ရပ်တည်နေလိမ့်မည်ဟုလည်းသိရသည်။

## ၂၀၁၂ အာရှအကောင်းဆုံး ကစားသမားဆုကို လီကွမ်ဟို ဆွတ်ခူး

အာရှချန်ပီယံလိဂ်ချန်ပီယံ အူလ်ဆန်ဟွန်ဒိုင်းအသင်း၏တောင်ကိုရီးယား လက်ရွေးစင်တိုက်စစ်မှူး လီကွမ်ဟိုသည် ၂၀၁၂အာရှအကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံခဲ့ရကြောင်းသိရှိရသည်။ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ အာရှဘောလုံးအဖွဲ့ချုပ်တွင် ကျင်းပခဲ့သည့် အကောင်းဆုချီးမြှင့်ပွဲတွင် လီကွမ်ဟိုမှာ ဆန်ခါတင်စာရင်းဝင်များဖြစ်သည့် တရုတ်မှ ဇန်ဇီနှင့် အီရန်မှအလီကာရီမီတို့ကို ကျော်ဖြတ်ကာ ယင်းဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မန်ယူအသင်းမှ ဂျပန်ကစားသမား ရှင်ဂျီကာဂါဝါမှာ အာရှတိုက်ပြင်ပတွင် အခြေစိုက်သည့်အာရှကစားသမားများထဲမှ ရွေးချယ်ပြီး ယခုနှစ်တွင် စတင်ချီးမြှင့်သည့် အကောင်းဆုံးနိုင်ငံတကာကစားသမားဆုကို ဆွတ်ခူးခဲ့ကြောင်းလည်း သိရှိရသည်။

## FIFProWorldXIအတွက်တိုက်စစ်မှူး(၁၅)ဦးစာရင်းထွက်ပေါ်

FIFA နှင့် FIFPro မှရွေးချယ်မည့်ကမ္ဘာ့အကောင်းဆုံး(၁၁)ဦးစာရင်းမှတိုက်စစ်မှူး(၃)နေရာအတွက်ဆန်ခါတင်ကစားသမား(၁၅)ဦးစာရင်းကို ပြီးခဲ့သည့်ကြာသပတေးနေ့က ထုတ်ပြန်ကြေညာခဲ့ကြောင်းသိရှိရသည်။ ယင်း(၁၅)ဦးစာရင်းမှာ စီရော်နယ်လ်ဒို၊ ဘန်ဇီမာ(ရီးယဲလ်)၊ အဂူရို၊ ဘာလိုတယ်လီ(မန်စီးတီး)၊ ကာဗာနီ(နာပိုလီ)၊ ဒရော့ဘာ(ချယ်လ်ဆီး/ရှန်ဟိုင်းရှင်ဟွာ)၊ အီတူး(အန်ဇီ)၊ ဖယ်လ်ကာအို(အက်သလက်တီကို)၊ ဂိုးမက်ဇ်(ဘေယန်မြူးနစ်)၊ အီဘရာဟီမိုဗစ်(အေစီမီလန်/PSG)၊ နေမာ(ဆန်းတို့စ်)၊ ဆွာရက်ဇ်(လီဗာပူးလ်)၊ ရွန်နီ(မန်ယူ)၊ ဗန်ပါစီ(အာဆင်နယ်/မန်ယူ)နှင့် မက်ဆီ(ဘာစီလိုနာ)တို့ဖြစ်ပြီး ရွေးချယ်ခံရသည့်(၃)ဦးစာရင်းကို ဇန်နဝါရီ(၇)ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

## ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့်လူစာရင်းကို ချယ်လ်ဆီးထုတ်ပြန်

လာမည့်ဒီဇင်ဘာလအတွင်းဂျပန်နိုင်ငံ၌ကျင်းပမည့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့်ချယ်လ်ဆီးအသင်းသည် ပြိုင်ပွဲအတွက်လူစာရင်းကိုထုတ်ပြန်ကြေညာခဲ့ကြောင်းသိရှိရသည်။ ပြိုင်ပွဲဝင်မည့်ချယ်လ်ဆီးအသင်းလူစာရင်းတွင် ပီတာဆက်ချ်၊ ဟီလာရီယို၊ တန်ဘူးလ်၊ အီဗန်နိုဗစ်၊ ကိုးလ်၊ လူးဝစ်ဇ်၊ ဖာရဲရား၊ ကာဟေးလ်၊ တယ်ရီ၊ အက်ဇ်ပီလီကျူတာ၊ ဘာထရန်၊ ရိုမီယူ၊ ရာမီရက်ဇ်၊ လမ်းပတ်၊ မီခေးလ်၊ အော်စကာ၊ ဟာဇက်၊ မာရင်၊ ပီယာဇွန်၊ မာတာ၊ မိုဆက်စ်၊ စတာရစ်ချ်နှင့်တောရက်စ်တို့ပါဝင်ခဲ့ပြီး ချယ်လ်ဆီးအသင်းမှာဆီမီးဖိုင်နယ်တွင် မွန်တာရေးနှင့်အူလ်ဆန်ဟွန်ဒိုင်းတို့ပွဲမှအနိုင်ရသည့်အသင်းနှင့် စတင်ယှဉ်ပြိုင်ရမည်လည်းဖြစ်သည်။

## စပိန်ဘုရင့်ဖလား (၃၂)သင်းအဆင့် ဒုတိယအကျော့ရလဒ်များ

| | | |
|---|---|---|
| အက်စ်ပန်ညို | ၀-၃ | ဆီဗီလာ |
| (နှစ်ကျော့ပေါင်းရလဒ် ၆-၁ ဂိုးဖြင့် ဆီဗီလာတက်) | | |
| ဘာစီလိုနာ | ၃-၁ | အလာဗတ်စ် |
| (နှစ်ကျော့ပေါင်းရလဒ် ၆-၁ ဂိုးဖြင့် ဘာစီလိုနာတက်) | | |
| ဆယ်လ်တာဗီဂို | ၂-၀ | အယ်လ်မီရီယာ |
| (အချိန်ပိုတွင် ၁-၀ ဂိုးဖြင့် ဆယ်လ်တာဗီဂိုတက်) | | |
| ဂရန်နာဒါ | ၂-၁ | ဇာရာဂိုဇာ |
| (အဝေးဂိုးဖြင့် ဇာရာဂိုဇာတက်) | | |
| မာယော့ကာ | ၀-၀ | ဒီပို့တီဗို |

## ပြင်သစ်လိဂ်ဖလားပွဲကျန်ရလဒ်

ရိန်းစ် ၂-၁ ထရွိုင်ယက်စ်

## သောကြာနေ့နံနက်ပိုင်းသတင်းများ

- ဆန်းဂျို့စ်တိုက်စစ်မှူးဝန်ဒီလောစကီးသည် ၂၀၁၂ခုနှစ်အတွက် မေဂျာလိဂ်အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရှိရသည်။
- စပါးပရိသတ်များကို တိုက်ခိုက်ခဲ့သည့် ရိုးမားပရိသတ်(၂)ဦးသည် အီတလီတွင် (၅)နှစ်ကြာ ဘောလုံးပွဲကြည့်ရှုခွင့် ပိတ်ပင်ခံခဲ့ရသည်။
- အာဆင်နယ်နောက်ခံလူကိုစီယယ်လ်နီသည် အဲဗာတန်နှင့်ပွဲမှ တံကောက်ကြောဒဏ်ရာကြောင့် (၃)ပတ်ခန့်အနားယူရမည်ဟု သိရှိရသည်။
- ရီးယဲလ်အသင်းသည် စီရော်နယ်လ်ဒိုကို လစာတိုးမြှင့်ပေးနိုင်ရန်အတွက် ကာကာကိုရောင်းချ၍ ငွေကြေးရှာဖွေဖွယ်ရှိနေကြောင်း သိရှိရသည်။
- အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို ၂၀၁၃ခုနှစ်၊ မေလတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။
- ဟမ်းဘတ်နှင့်မာဆေးလ်အသင်းတို့သည် အေစီမီလန်တွင် နေရာမရဖြစ်နေသည့်ဖလာမီနီကို ခေါ်ယူရန်အပြိုင်ကြိုးပမ်းနေကြောင်း သိရှိရသည်။

## ဘရာဇီးလ်လက်ရွေးစင်အသင်းနည်းပြအဖြစ် စကိုလာရီ ဒုတိယအကြိမ်မြောက် ခန့်အပ်ခံရ



ဘရာဇီးလ်ဘောလုံးအဖွဲ့ချုပ်သည် လစ်လပ်နေသည့်လက်ရွေးစင်အသင်းနည်းပြရာထူးအတွက် နည်းပြဟောင်းစကိုလာရီကို ဒုတိယအကြိမ်မြောက်ခန့်အပ်လိုက်ကြောင်း သိရှိရသည်။

ဘရာဇီးလ်ဘောလုံးအဖွဲ့ချုပ်သည် နည်းပြမီနီဇက်စ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ဘာစီလိုနာနည်းပြဟောင်းဂွါဒီယိုလာကို အစားထိုးခန့်အပ်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ငြင်းဆန်ပယ်ချခဲ့ပြီးနောက် စကိုလာရီကို ရက်ပိုင်းအတွင်း အလျင်အမြန်ခန့်အပ်ခဲ့ခြင်းလည်းဖြစ်သည်။ စကိုလာရီသည် ဘရာဇီးလ်အသင်းကို၂၀၀၁ခုနှစ်က ပထမအကြိမ်ကိုင်တွယ်ခဲ့ဖူးပြီး ၂၀၀၂ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ချန်ပီယံဆုရယူပေးနိုင်ခဲ့သူဖြစ်သည်။ သို့သော် ခြေစစ်ပွဲကာလအစပိုင်းတွင် ရလဒ်ဆိုးများနှင့်ကြုံတွေ့ခဲ့ရပြီး ခြေစစ်ပွဲအောင်မြင်ရန် စိုးရိမ်ဖွယ်အခြေအနေနှင့်ရင်ဆိုင်ခဲ့ရသည့်အတွက် ဘရာဇီးလ်ပရိသတ်များ၏ ဝေဖန်ပြစ်တင်ခြင်းခံခဲ့ရသူလည်းဖြစ်သည်။ ယခုတစ်ကျော့ပြန်ခရီးကိုမူ ဘရာဇီးလ်အကျော်အမော်များက ထောက်ခံခဲ့ကြပြီး ၁၉၉၄ကမ္ဘာ့ဖလားချန်ပီယံနည်းပြဟောင်းပါရဲရားက နည်းစနစ်ဒါရိုက်တာအဖြစ် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

## မိုနာကိုနှင့်ဘက်ခမ် ဆွေးနွေးဖွယ်

LA ဂလက်ဆီအသင်းမှထွက်ခွာတော့မည့် ဒေးဗစ်ဘက်ခမ်သည် ပြင်သစ်ကလပ်မိုနာကိုအသင်းသို့ ပြောင်းရွှေ့ရန် ဆွေးနွေးမှုများပြုလုပ်ဖွယ်ရှိနေကြောင်း သိရှိရသည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ဖူးသည့် မိုနာကိုအသင်းသည် ပြင်သစ်လီဂူး-၂တွင် ယှဉ်ပြိုင်နေသော်လည်း ရုရှားဘီလျံနာ ဒီမီထရီရိုင်ဘိုလိုဗက်၏ငွေကြေးအင်အားဖြင့် အသင်းကြီးတစ်သင်းအဆင့်သို့ ပြန်လည်ရောက်ရှိရန်ပြင်ဆင်လျက်ရှိနေသည်။

# မြန်မာနှင့်ပွဲတွင် (၁)မှတ်ရရှိရုံဖြင့် မိမိတို့အသင်း ဆီမီးဖိုင်နယ်တက်ရန် အခြေအနေကောင်းမည်ဖြစ်သော်လည်း (၃)မှတ်ကိုသာအာရုံစိုက်ထားဟု ဖိလစ်ပိုင်နည်းပြ ပြောကြား

## အုပ်စုပထမနေရာအတွက် ထိုင်းတို့ဗီယက်နမ်ကို အနိုင်ကစားလိမ့်မည်ဟုလည်းသုံးသပ်


ဖိလစ်ပိုင်အသင်းနည်းပြဖြစ်သူ ဂျာမန်လူမျိုးမိုက်ကယ်ဝစ်ဘ်

| အုပ်စု(က) | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားချက် | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ထိုင်း | ၂ | ၂ | ၀ | ၀ | ၆ | ၁ | +၅ | ၆ |
| ဖိလစ်ပိုင် | ၂ | ၁ | ၀ | ၁ | ၂ | ၂ | ၀ | ၃ |
| ဗီယက်နမ် | ၂ | ၀ | ၁ | ၁ | ၁ | ၂ | -၁ | ၁ |
| မြန်မာ | ၂ | ၀ | ၁ | ၁ | ၁ | ၅ | -၄ | ၁ |

**အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)သည် ယခုပြိုင်ပွဲတွင်ပထမဦးစားပေးအဖြစ် ရမှတ်၊ ဒုတိယဦးစားပေးအဖြစ် ဂိုးကွာခြားချက်နှင့် တတိယဦးစားပေးအဖြစ် ထိပ်တိုက်တွေ့ဆုံမှုတို့ကို အစဉ်လိုက်သတ်မှတ်ထား ...**

အာဆီယံဆူဇူးကီးဖလားဘောလုံးပြိုင်ပွဲ၊ အုပ်စု(က)၏နောက်ဆုံးနေ့ပွဲစဉ်များကို နိုဝင်ဘာလ(၃၀)ရက်(ယနေ့)တွင် ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြန်မာအသင်းနှင့် အုပ်စုတက်ရေးအဆုံးအဖြတ်ကစားမည့် ဖိလစ်ပိုင်အသင်းနည်းပြဖြစ်သူ ဂျာမန်လူမျိုးမိုက်ကယ်ဝစ်ဘ်က မြန်မာနှင့်ပွဲတွင် သရေ(၁)မှတ်ရရှိရုံဖြင့် မိမိတို့အသင်းနောက်တစ်ဆင့်တက်ရန်အခွင့်အလမ်းကောင်းသွားမည်ဖြစ်သော်လည်း ယင်းအပေါ်တွင် အာရုံမထားဘဲ၊ အနိုင်(၃)မှတ်ရရှိနိုင်ရေးအတွက်သာ အလေးပေးကစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလ(၂၉)ရက်က ပြုလုပ်ခဲ့သည့် ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် မိုက်ကယ်ဝစ်ဘ်က“သာမန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့အတွက် လိုအပ်တာက (၁)မှတ်ပါပဲ။ ဒါပေမဲ့(၁)မှတ်ရရှိရုံပဲ ကစားမယ်ဆိုပြီး အာရုံစိုက်ထားမှာမဟုတ်ပါဘူး။ ကျွန်တော်တို့ အနိုင်ရဖို့ကိုပဲ အလေးပေးကစားသွားမှာပါ။ ကျွန်တော်တို့အသင်းဟာ တန်ပြန်တိုက်စစ်ကစားတဲ့နေရာမှာ အလွန်ကောင်းပါတယ်။ ကျွန်တော့်ကစားသမားတွေဟာ ကျွန်တော့်ရဲ့ နည်းဗျူဟာနဲ့အံဝင်အောင် ကစားနိုင်နေကြပါပြီ။ ထိုင်းအသင်းဟာ ဖိုလ်လုပွဲအထိမျှော်မှန်းထားတဲ့အသင်းဖြစ်လို့ အုပ်စုဖိုလ်နေရာကိုရယူချင်မှာပါ။ အုပ်စုဖိုလ်နေရာကိုရဖို့ဆိုရင် ထိုင်းတို့ဟာဗီယက်နမ်ကိုမဖြစ်မနေအနိုင်ကန်ရပါလိမ့်မယ်”ဟု ပြောကြားခဲ့သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်(AFF)သည် ယခုပြိုင်ပွဲတွင်ပထမဦးစားပေးအဖြစ် ရမှတ်၊ ဒုတိယဦးစားပေးအဖြစ်ဂိုးကွာခြားချက်နှင့် တတိယဦးစားပေးအဖြစ် ထိပ်တိုက်တွေ့ဆုံမှုတို့ကို အစဉ်လိုက်သတ်မှတ်ထားကြောင်း သိရသည်။ မြန်မာ-ဖိလစ်ပိုင်ပွဲတွင်ဖိလစ်ပိုင်အသင်းမှာ အနည်းဆုံးသရေတစ်မှတ်သာလိုအပ်သော်လည်း မြန်မာအသင်းမှာမူ ဖိလစ်ပိုင်ကို မဖြစ်မနေအနိုင်ရရှိရန်လိုအပ်နေသည်။ မြန်မာအသင်းသာ ဖိလစ်ပိုင်ကိုအနိုင်ရရှိခဲ့ပြီး ထိုင်းအသင်းက ဗီယက်နမ်ကို မရှုံးနိမ့်ခဲ့ပါက မြန်မာအသင်းမှာ ဆီမီးဖိုင်နယ်သို့တက်ရောက်နိုင်မည်ဖြစ်သည်။

## အုပ်စုတက်ရေးမျှော်လင့်ချက်အတွက် မြန်မာအသင်းကို အနိုင်ရရှိစေလိုကြောင်း ဗီယက်နမ်အုပ်ချုပ်သူ ပြောကြား

ဗီယက်နမ်အသင်းအုပ်ချုပ်သူ နိုလီဘန်းက ၎င်းတို့အသင်း အုပ်စုမှတက်ရန်မျှော်လင့်ချက်အတွက် မြန်မာအသင်းကို အနိုင်ရရှိစေလိုကြောင်း ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင်ထုတ်ဖော်ပြောကြားခဲ့သည်။

နိုလီဘန်းက “ကျွန်တော်တို့အသင်းဟာ နှစ်ပွဲကစားအပြီးမှာ တစ်မှတ်ပဲရထားသေးတဲ့အတွက် အုပ်စုတက်ဖို့အခွင့်အလမ်းနည်းသွားပြီဆိုတာဝန်ခံပါတယ်။ အုပ်စုတက်ဖို့ဆိုရင် ကျွန်တော်တို့ဟာ ထိုင်းအသင်းကို အနိုင်ရဖို့လိုသလို မြန်မာနဲ့ဖိလစ်ပိုင်ပွဲရဲ့အဖြေကိုလည်း စောင့်ကြည့်ရဦးမှာပါ။ ကျွန်တော်တို့က ထိုင်းကိုနိုင်ရုံနဲ့မပြီးပါဘူး။ မြန်မာအသင်းကလည်း ဖိလစ်ပိုင်ကို အနိုင်ရဖို့လိုပါတယ်။ အဲဒီအချက်နှစ်ချက်ပြည့်စုံမှ ကျွန်တော်တို့ ဆီမီးဖိုင်နယ်ရောက်ရှိမှာပါ။ ဒါကြောင့် မြန်မာအသင်းအနိုင်ရဖို့ ကျွန်တော်တို့ ဆန္ဒရှိနေပါတယ်။ ဒါပေမယ့် ထိုင်းအသင်းဟာ အိမ်ရှင်အသင်းဖြစ်သလို အသင်းကောင်းတစ်သင်းဖြစ်တာကြောင့် ကျွန်တော်တို့ ခက်ခက်ခဲခဲကစားရမှာပါ”ဟု ပြောကြားခဲ့သည်။ ဗီယက်နမ်အသင်းသည် အဖွင့်ပွဲစဉ်၌မြန်မာအသင်းနှင့်သရေကျခဲ့ပြီး ဒုတိယပွဲစဉ်တွင်မူ ဖိလစ်ပိုင်အသင်းကို မထင်မှတ်ဘဲ တစ်ဂိုးတည်းဖြင့် ရှုံးနိမ့်ခဲ့သည်။

## မြန်မာအသင်း၏ကွင်းလယ်ကစားသမား နိုင်လင်းဦးကို ဘန်ကောက်ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုပြုလုပ်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF) မှတာဝန်ရှိသူများသည် အာဆီယံဆူဇူကီးဖလားဘောလုံးပြိုင်ပွဲဝင် မြန်မာအသင်းမှ ကွင်းလယ်ကစားသမားဖြစ်သူ နိုင်လင်းဦးကို ဘန်ကောက်ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုပြုလုပ်ခဲ့ရကြောင်း သိရသည်။

နိုင်လင်းဦးသည် ပြီးခဲ့သည့်နိုဝင်ဘာလ (၂၉)ရက်က အူအတက်ပေါက်ရောဂါခံစားခဲ့ရသောကြောင့် ဘန်ကောက်ဆေးရုံကြီးသို့ပို့ဆောင်၍ ခွဲစိတ်ကုသမှုပြုလုပ်ခဲ့ရခြင်းလည်းဖြစ်သည်။ နိုင်လင်းဦးသည် ဆူဇူကီးဖလား ပြိုင်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်ကစားခဲ့သော အုပ်စုပွဲစဉ် (၂)ပွဲစလုံး၌ ပွဲထွက်ကစားသမားအဖြစ် ကစားခဲ့ရသူလည်းဖြစ်သည်။ နိုင်လင်းဦးသည် ပြီးခဲ့သည့် နိုဝင်ဘာလ(၂၇)ရက်က အုပ်စုဒုတိယနေ့ပွဲစဉ်အဖြစ် ထိုင်းအသင်းအား (၄)ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ပွဲတွင်လည်း ခါးဒဏ်ရာရရှိခဲ့ပြီး ဒုတိယပိုင်း၌ တောင်ပံတိုက်စစ်ကစားသမားဖြစ်သူ အောင်မိုးနှင့် လူစားလဲခဲ့ရကြောင်း သိရသည်။ ထိုစဉ်က ၎င်း၏ဒဏ်ရာအခြေအနေမှာ စိုးရိမ်စရာမရှိခဲ့သော်လည်း အူအတက်ပေါက်သည့်ရောဂါဝေဒနာကို နိုဝင်ဘာလ(၂၉)ရက်၊ ညနေပိုင်း၌ခံစားခဲ့ရသောကြောင့် ဘန်ကောက်ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

## ဖိလစ်ပိုင်နှင့်ပွဲမတိုင်မီ မြန်မာနည်းပြချုပ်ပတ်ဆောင်ဟွာ မီဒီယာ၊ ဂျာနယ်လစ်များကို ရှောင်ရှား

မြန်မာအသင်းနည်းပြချုပ်ဖြစ်သူ တောင်ကိုရီးယားလူမျိုး ပတ်ဆောင်ဟွာသည် အုပ်စုတက်ရေးအဆုံးအဖြတ်ပွဲစဉ်ဖြစ်သည့် ဖိလစ်ပိုင်နှင့်ယှဉ်ပြိုင်မကစားမီ မီဒီယာ၊ ဂျာနယ်လစ်များကို လက်ခံတွေ့ဆုံခြင်းမပြုဘဲ ရှောင်ရှားခဲ့ကြောင်း သိရသည်။

မြန်မာအသင်းနည်းပြချုပ်ပတ်ဆောင်ဟွာသည် အုပ်စုမှနောက်တစ်ဆင့်တက်ရေးအတွက် ဖိလစ်ပိုင်အသင်းအား မဖြစ်မနေအနိုင်ရရှိရန်လိုအပ်နေသောကြောင့် ထိုင်းအသင်းအား (၄)ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲပြီးချိန်ကတည်းက အသင်းအပေါ်အာရုံစူးစိုက်မှုအပြည့်ဖြင့် အပြင်းအထန်ပြင်ဆင်လေ့ကျင့်မှုများပြုလုပ်နေခဲ့ကြောင်း သိရသည်။ ထို့ကြောင့်ပတ်ဆောင်ဟွာသည် မီဒီယာ၊ ဂျာနယ်လစ်များကို ယခုကဲ့သို့ လက်ခံတွေ့ဆုံခြင်းမပြုဘဲ၊ ရှောင်ရှားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့ပြင်နည်းပြချုပ်ပတ်ဆောင်ဟွာသည် အုပ်စုတွင်းပွဲစဉ်များ၏ပွဲကြိုနှင့် ပွဲအပြီးသတင်းစာရှင်းလင်းပွဲများကိုလည်း ရှောင်ရှားကာတက်ရောက်ခြင်းမရှိဘဲ၊ အသင်းအုပ်ချုပ်သူ ဦးတင်မြင့်အောင်ကိုသာ တက်ရောက်နေစေလျက်ရှိကြောင်း သိရသည်။

## ဗီယက်နမ်နှင့်ပွဲတွင် အရှုံးရလဒ်ကို ထိုင်းအသင်းနည်းပြလက်ခံမည်မဟုတ်

## မဖြစ်မနေအနိုင်ကစားမည်ဟု ဝင်းဖရိုက်ရှက်ဖားကြုံးဝါး


ထိုင်းအသင်းနည်းပြ ဝင်းဖရိုက်ရှက်ဖား

ထိုင်းအသင်းနည်းပြဖြစ်သူ ဂျာမန်လူမျိုးဝင်းဖရိုက်ရှက်ဖားသည် အုပ်စုနောက်ဆုံးနေ့ပွဲစဉ်အဖြစ် နိုဝင်ဘာလ(၃၀)ရက်နေ့(ယနေ့)တွင် ဘန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ဗီယက်နမ်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ယင်းပွဲတွင်အရှုံးဆိုသည့် ရလဒ်ကို မိမိလက်ခံနှစ်သက်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းက ဗီယက်နမ်အသင်းကို မဖြစ်မနေအနိုင်ကစားသွားမည်ဟုလည်း ကြုံးဝါးပြောဆိုခဲ့သည်။

ပွဲကြိုပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ရှက်ဖားက “ဗီယက်နမ်အသင်းနဲ့ပွဲမှာ ကျွန်တော် အနိုင်ဆိုတဲ့ရလဒ်ကိုပဲလိုချင်ပါတယ်။ အရှုံးဆိုတဲ့ရလဒ်ကို ကျွန်တော်နှစ်သက်လက်ခံမှာမဟုတ်ပါဘူး။ ရှေ့မှာကစားထားခဲ့တဲ့နှစ်ပွဲ(ဖိလစ်ပိုင်ကို ၂-၁၊ မြန်မာကို ၄-၀ ဂိုးတို့ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲများကိုဆိုလိုသည်) အတိုင်း ဗီယက်နမ်နဲ့ပွဲမှာလည်း ကျွန်တော်တို့ခြေစွမ်းပြနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ကျွန်တော့်မှာ ထူးချွန်တဲ့ကစားသမားတွေရှိတယ်ဆိုတာကိုအားလုံးလည်းသိပါတယ်”ဟု ပြောကြားခဲ့သည်။ ထို့ပြင်ရှက်ဖားက “ဗီယက်နမ်နဲ့ပွဲမှာ ကစားသမားအပြောင်းအလဲတွေရှိလာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဝါကတ်အပြခံထားရတဲ့သူတွေနဲ့ ဒဏ်ရာရကစားသမားတွေရှိနေလို့ပါ။ ကျွန်တော့်အသင်းဟာ ကစားသမား(၂၂)ယောက်နဲ့ဖွဲ့စည်းထားတာပါ”ဟုလည်း ထည့်သွင်းပြောကြားခဲ့သည်။